www.burmeseclassic.com

စာပေ

အသဲစ်စက်စက်ဂမ္ဘီရသရဲဝတ္ထု

# ဂမ္ဘီရမောင်ရွှေ

ဆားပုလင်းထက်ကောင်းနှင့်

တစ်ကျွန်းရှင်




www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

**လူမှုရေးဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# ဆားပုလင်းထက်ကောင်းနှင့် တစ်ကျွန်းရှင်




ဂမ္ဘီရမောင်ရွှေ

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၆၄၆၀၅၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ်- ၅၀၀၈၆၇၀၇၀၉
၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ–ပထမအကြိမ်
အုပ်ရေ (၅၀၀)၊ တန်ဖိုး (၁၀၀၀/–) ကျပ်
◈ ထုတ်ဝေသူ
ဦးအောင်နိုင် (ရွှေအိမ်မှူးစာပေ)၊
အမှတ် (၂၂၁)၊ ၃၁–လမ်း၊ ပန်းဘဲတန်းမြို့နယ်။
◈ မျက်နှာဖုံးပုံနှိပ်
ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်၊
အမှတ် (၁၇၁)၊ ၃၃–လမ်း၊ ကျောက်တံတားမြို့နယ်။
◈ အတွင်းပုံနှိပ်
ဦးကျင်ရင် (၀၅၄၁၇)၊ ရွှေခြသေ့်ပုံနှိပ်တိုက်၊
(၁၂)၊ သရဖီလမ်း၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အင်းစိန်။
◈ ပြည်လုံးကျွတ်ဖြန့်ချိရေး
◈ ရဲရင့်အောင်စာပေ
အမှတ်(၄၉)၊ မှန်ရဝေလမ်း၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၈၉၅ ● ၈၃
မောင်ရွှေ ၊ ဂမ္ဘီရ
ဆားပုလင်းထက်ကောင်းနှင့်တစ်ကျွန်းရှင် / ဂမ္ဘီရမောင်ရွှေ –
ရန်ကုန်။
ရွှေအိမ်မှူးစာပေ ၊ ၂၀၀၉ ။
၁၆၃ – စာ ၊ ၁၃၀ x ၂၀၇ စင်တီ။
(၁) ဆားပုလင်းထက်ကောင်းနှင့်တစ်ကျွန်းရှင်

## အပိုင်း (၁)

## ဆင်ဝပ်တောင်

မြင့်မားလှသော တောင်ကုန်းကလေးပင် ဖြစ်လေသည်။

အနောက်ရိုးမကြီးဆီကနေ တိုက်ခတ်လာသော ညင်းညှံနုသက်သော လေပြည်တို့သည် တောင်ကုန်းလေး၏ထိပ်တွင် ပေါက်ရောက်ရှင်သန်နေကြသည့် သစ်ပင်ကြီးများ၊ ဝါးတောစိမ်းညို့ညို့ကြီးများကို ယမ်းခါလှုပ်ရှားသွားစေလေသည်။

ဆင်ဦးကင်းတစ်တိုင်ဆိုလျှင် တောင်ဟု စာဆိုများရှိနေပါသော်လည်း ယခုတောင်ကုန်းလေးမှာ တောင်ကြီးများကဲ့သို့ မော့ငေးကြည့်ရလောက်အောင်ပင် မြင့်မားသီခေါင်လှသည်မဟုတ်ပါချေ။ သို့သော်လည်း ပေသုံးလေးရာခန့်မျှတော့ မြင့်မားလှလေသည်။

ဤအရပ် ဤနယ်ပယ်တွင်း၌ အသက်မွေးနေထိုင်လျက်ရှိကြသော ရွာစဉ်ရွာစပ်များနှင့် ကျေးလက်သူကျေးလက်သားများကမူ ယင်းတောင်ကုန်းမနိမ့်မမြင့်လေးအား ဆင်ဝပ်တောင်ဟု ခေါ်ဆိုကြလေ၏။

အဘယ်ကြောင့်ဟူမူ တောင်ကုန်းလေး၏ အသွင်ပုံသဏ္ဍာန်မှာ မည်သည့်အရပ်ကနေကြည့်ကြည့် ဆင်ကြီးတစ်ကောင် ဝပ်နေသောပုံသဏ္ဍာန်ကိုသာ တွေ့ရပေမည်ဖြစ်သည်။ ထို့ကြောင့်လည်း ဤနယ်ပယ်တစ်ဝန်းရှိ သင်ခုတ်ဝါးခုတ် တောသူတောင်သားတွေသည် ယင်းတောင်ကုန်းလေးသို့ ဆင်ဝပ်



www.burmeseclassic.com

www.burmeseclassic.com


တောင်ဟု အမှတ်သညာ အစွဲပြုခေါ်ဝေါ်ကြခြင်းပင် ဖြစ်ပါပေ၏။

တောင်ကုန်းလေးသည် သစ်ပင်ဝါးပင်များ များများစားစား ထူထပ်သိပ်သည်းစွာ ပေါက်ရောက်လျက်ရှိနေခြင်း မရှိပေ။

တောင်ကုန်းလေး၏အခြေတွင်တော့ စစ်စီးပင်၊ မဒမပင်၊ ထိန်ပင်များ၊ ညှို့ဆိုင်းနေသော ဝါးတောကြီးများသည် ဟိုယခင်က ထူထပ်စွာ ပေါက်ရောက်လျက်ရှိပါသော်လည်း တဖြည်းဖြည်း ရွာသားများသည် သစ်ခုတ်ဝါးခုတ်ထင်းဝါးအလို့ငှာ ခုတ်ယူမှန်များပြားလာသည့်အခါ တစ်စစ သစ်ဝါးများ ပါးလျားပြုန်းတီးလာကြ၏။

ယင်းသို့ဖြင့် တစ်စစ တောင်ကုန်းလေးသည် သစ်ဝါးများပြုန်းတီးလာပြီးလျှင် ဆင်ဝပ်တောင်၏ထိပ်လေးဝန်းကျင်၌မှာသာ ကျိုးတိုးကျဲတဲ ကျန်ရှိနေလေတော့၏။

နောက်ထူးခြားမှုတစ်ခု ကျန်သေး၏။

ယင်းမှာ ထိုဆင်ဝပ်တောင်ကုန်းလေး၏ထိပ်၌ မည်သည့်ခေတ်အခါက မည်သူမည်ဝါတွေ တည်သွားခဲ့သည်မသိသော၊ ယခုအခါ အုတ်ကျိုးအုတ်ပုံများအဖြစ်သာ တည်ရှိနေသော ... စေတီပျက်လေးတစ်ဆူ တည်ရှိနေခြင်းပင် ဖြစ်လေသည်။

ဤဆင်ဝပ်တောင်ပေါ်သို့ တက်ရောက်လာသည့် မည်သူမဆို ထိုစေတီငုတ်တိုလေး၏ဘွဲ့အမည်အား မည်သူမျှ အတိအကျ မသိကြပါသော်လည်း အားလုံးကမူ ဆင်ဝပ်ဘုရားဟုသာ ခေါ်ဝေါ်ကြလေသည်။ အသိအမှတ်ပြုထားကြလေသည်။

လေပြည်ကြမ်းတစ်ချက် ရုတ်တရက် ဝှေ့ယမ်းတိုက်ခတ်သွားပြန်သည်။

ဆင်ဝပ်တောင်လေး၏ထိပ်၌ရှိသော သစ်ပင်များ၊ ဝါးတောကြီးများသည် ဟူးဟူးရားရားမြည်လျက် လှုပ်ရှားယိမ်းနွဲ့သွားကြပြန်လေ၏။

လေပြည်ကြမ်းမှာ အဆက်မပြတ် တရစပ် တိုက်ခတ်လျက်ရှိရာ ဆင်ဝပ်တောင်ထိပ်ရှိ သစ်ပင်ဝါးပင်များမှန်သမျှသည် အဆက်မပြတ် လှုပ်ရှားယိမ်းနွဲ့၍ နေကြလေ၏။

သို့သော် ကြေကွဲဝမ်းနည်းစရာတစ်ခုမှာကား ပြိုပျက်လျက်ရှိသော စေတီငုတ်တိုလေးပင်တည်း။

တစ်ချိန်သောအခါက ယင်းဆင်ဝပ်တောင်စေတီလေးသည် ယခုကဲ့သို့ လေပြည်လေညင်းများဝှေ့ယမ်းတိုက်ခတ်ခဲ့စဉ်က ဤတောင်ထိပ်ဝန်းကျင်တစ်ဝိုက်၌ သာယာသော ဆည်းလည်းသံလွင်လွင်လေးများက ကြည်နူးနာပျော်ဖွယ် လွင်ချို့စွာ လှုပ်ခတ်နေခဲ့ပေလိမ့်မည်။

သို့သော် ယခုမူ ...

❐ ❖ ❐


❖ ရိုးရှင်းအောင်စာပေ ❖
www.burmeseclassic.com

www.burmeseclassic.com

## ဆင်ဝပ်ရွာနှင့်ဆင်ဝပ်တောင်

ဆင်ဝပ်ရွာကလေးသည် ဆင်ဝပ်တောင်နှင့် မလှမ်းမကမ်း၌ တည်ရှိသောရွာကလေးပင် ဖြစ်လေသည်။ ယင်းဆင်ဝပ်ရွာကလေးသည် အိမ်ခြေသုံးလေးဆယ်မျှသာ ရှိပါသော်လည်း ဤဆင်ဝပ်တောင် ကလေး၏မလှမ်းမကမ်း၌ ရှေးနှစ်ပေါင်းများစွာကတည်းကပင် တည်ရှိခဲ့သော ရွာလေးပင်ဖြစ်၏။

ဆင်ဝပ်ရွာသူရွာသားတို့သည် များသောအားဖြင့် အနောက်ရိုးမပေါ်သို့တက်၍ အမဲလိုက်ခြင်း၊ သစ်ခုတ်ဝါးခုတ် မီးသွေးဖုတ်သည့် လုပ်ငန်းများကိုသာ စွဲမြဲစွာ လုပ်ကိုင်လာခဲ့ကြလေသည်။ ယင်းဆင်ဝပ်ရွာလေးကနေ၍ အနောက်ရိုးမကြောပေါ်သို့ သွားရောက်လျှင် လှည်းဖြင့်ပင် နေ့တစ်ဝက်ခရီးမျှ ရှိလေသည်။ အချို့ကလည်း လှည်းနွားပိုင် မရှိ၍ ထမင်းထုပ်နှင့် ဓားမ ခါးကြားထိုးကာ တောတက်ကြလေ၏။ ဤကား ဆင်ဝပ်ရွာသားတို့၏ နှစ်စဉ်လုပ်ငန်းပင်တည်း ...။

ယနေ့လည်း ရွှန်းသစ်သောနေရောင်ခြည်အလင်းတို့က ဆင်ဝပ်ရွာလေးပေါ်သို့ ဖြာကျလာလေပြီ။

ဆင်ဝပ်ရွာကလေးသည် အရုဏ်ဦးအလင်းတို့ဖြင့်အတူ နိုးထလာခဲ့ပြီဖြစ်၏။

ဆင်ဝပ်ရွာလေး၏ ရွာစွန်များ၌နေထိုင်သော ဦးဖိုးလှုသည်လည်း





ဒီမနက် တောတက်ရန် အရုဏ်ဦးကတည်းကပင် နိုးထ၍ အဆာပြေစားသောက်၍ပင် ပြီးလေပြီ။ ထမင်းထုပ်လည်း ဇနီးသည်ဖြစ်သူ မဖော့က ပြင်ဆင်လုပ်ပေးပြီးဖြစ်၏။

သို့သော်လည်း ဦးဖိုးလှုသည် အိမ်ရှေ့အောက်ထပ်ကွပ်ပျစ်ပေါ်၌ ဖက်ဖြူပေါ့ဆေးလိပ်ကြီးကိုဖွာကာ ငူငူကြီးထိုင်ဖွာနေသဖြင့် ဒေါ်ဖော့က ...

"ကိုဖိုးလှု ... ဘယ့်နှယ့် ဆေးလိပ်ချည်းပဲ ထိုင်ဖွာနေသလဲ၊ တော်ဒီမနက် တောတက်သွားမှာဆို ... နေက ခေါင်းပေါ်ရောက်တော့မယ်"

ဟု မချင့်မရဲဖြင့် ပြောဆိုလိုက်ရာ ကိုဖိုးလှုသည် မဖော့အား ဆောင့်ခနဲလှမ်းကြည့်လိုက်ပြီးလျှင် ...

"ဟ ... သွားမှာပေါ့ မဖော့ရာ ... မင်းမှာလည်း တစ်ဆိတ်ရှိ ခယောက်ျားကို နှိုင်းစားဖို့ပဲ ခေါင်းထဲရှိနေတယ် ထင်ပ့ါ၊ ဘိုးကောက်နဲ့ လှငွေသည်း တောတက်ဖို့ ငါနဲ့အတူသွားမယ်ဆိုလို့ စောင့်နေတာဟ"

"ကိုယ့်ဘာသာကိုယ်တက်လည်း တောပဲတော် ... သူတို့ ပါမှလား"

"ဟာ ... မဖော့ရာ ... မင်းက တယ်အရစ်ရှည်တာပဲကွ၊ အဖော်တော့ တောထဲမှာ အဖော်ရသလို လမ်းမှာလည်း ဘယ်ပျင်းတော့မှာလဲဟ"

ဟု ဦးဖိုးလှုသည် မဖော့အား ပက်ခနဲ ပြောလိုက်လေ၏။

မဖော့သည် ဤသို့ပင် အမြဲတစေ တဗျစ်တောက်တောက် ပြောဆိုနေသည့် မိန်းမဖြစ်မှန်း နှစ်ပေါင်းသုံးဆယ်ကျော် ပေါင်းသင်းနေထိုင်လာခဲ့ပြီ၊ ဦးဖိုးလှုသည် ကောင်းစွာ သိရှိထားလေသည်။

အခိုက်မှာပင် ...

"... ဦးကြီးဖိုးလှုရေ သွားကြရအောင်"

စကား... မင်းတို့ကို ငါ စောင့်နေတာပဲ့"

အား ရွှေ့ခနဲ ဝ်နှင့် ဦးဖိုးလှုသည် ကွပ်ပျစ်ပေါ်က လွယ်အိတ်စုတ် ...ိက်ပြီးလျှင် ခြံရှေ့သို့ သုတ်သုတ်လှမ်းထွက်သွားလေတော့၏။

ခြံရှေ့သို့ ...

၆

... ဘိုးကောက်နှင့် လှငွေတို့က အဆင်သင့်ပင်



www.burmeseclassic.com

www.burmeseclassic.com



စောင့်နေလေ၏။

"မဖော့ကွာ အရစ်ရှည်နေလို့"

"ဘာ ... အရစ်ရှည်တာလဲ ဦးကြီးဖိုးလူရ"

ဟု ဘိုးကောက်က ပြောလိုက်သဖြင့် ဦးဖိုးလူက ...

"ဟာကွာ ... ဘာဖြစ်ရမလဲ ... တောတက်မှာ နေဖင်ထိုးပြီလေး, ဘာလေးနဲ့"

"ဟာ ... ခုမှ နေက ထွက်ခါစရှိပါသေးတယ် ဦးကြီးဖိုးလူရာ"

"အင်းလေ ... အဲဒါကို ပြောတာပေါ့ကွ၊ မိန်းမတွေများကွာ ... ယောကျ်ားတွေဆို တယ်နိုင်းစားချင်တာပဲကွ"

"ဟာ ... ဦးကြီးဖိုးလူ ... အဲဒီထဲမှာ ကျုပ်မိန်းမတော့ ပါမှာ မဟုတ်ဘူးဗျ"

"ဟ ... မင်းမိန်းမလည်း မိန်းမပါပဲ ဘိုးကောက်ရာ ... ဘာများထူးဆန်းမှာမို့လဲ"

ယင်းသို့ ဦးဖိုးလူက ပြောလိုက်ရာ လှငွေက ရယ်ကျဲကျဲဖြင့် ...

"ဒီကောင့်မိန်းမက အရိုးမယ်ဖော့လို တဗျစ်တောက်တောက် ပြောတာမဟုတ်ဘူး ဦးကြီးရေ မျက်စောင်းထိုးကြည့်လိုက်တာနဲ့တင် ဘိုးကောက်က ထင်းခွဲပြီး, ရေခပ်ပြီး ... ဟဲဟဲ၊ ဒါကြောင့် သူမိန်းမ မပါဘူးလို့ ပြောတာ ... ဟား ဟား"

"ခြော် ... ဟုတ်လား ... သိပါဘူးကွာ ... ငါက ဘိုးကောက်က မိန်းမနိုင်တယ်ထင်နေတာ၊ ဒါဆို ငါ့ထက်တောင်ဆိုးနေပါပေါ့လား ... ဟား ဟား"

"ဟာဗျာ ... ဦးကြီးဖိုးလူကလည်း ... လှငွေပြောတိုင်း အဟုတ်ထင်နေပြန်ပါပြီ"

"နို့ မဟုတ်လို့လား"

"ကျုပ်က ကြောက်တာမဟုတ်ပါဘူး ... ချစ်တာပါဗျ"

"အတူတူနဲ့ အနူနူပါပဲကွာ"





ဦးဖိုးလူပြောလိုက်သည့်စကားသည် ဘိုးကောက်၏မျက်နှာအား ခရမ်းသီးပိန်တစ်လုံးလို ရှုံ့တွသွားစေပါသည်။ သုံးယောက်သား စကားတပြောပြောနှင့် ရယ်မောရင်း လျှောက်လာခဲ့ကြရာ ဆင်ဝပ်တောင်ကုန်းခြေနားသို့ပင် ရောက်ရှိ၍လာပေပြီ ဖြစ်၏။

ဆင်ဝပ်တောင်သည် အဝေးကပင်မြင်လျှင် ဆင်တစ်ကောင် ဝပ်နေသကဲ့သို့ ထင်မှတ်ရလေသည်။ သူတို့တစ်တွေ တောတက်မည့် လှည်းလမ်းကြောင်းသည် ယင်းဆင်ဝပ်တောင်၏တောင်ခြေကနေ ပတ်၍သွားမည်ဖြစ်လေသည်။

ဘိုးကောက်က ...

"ဦးကြီးဖိုးလူ ... အဲဒီဆင်ဝပ်တောင်အကြောင်း သိသလားဗျ"

"သိပ့်မောင်ရာ ... ဒီဆင်ဝပ်တောင်က ငါတို့ ငယ်ငယ်ကတည်းက ရှိတဲ့ တောင်ပေါ့၊ အဲဒီပေါ်က ဆင်ဝပ်တောင်ဘုရားဆိုရင် ဆည်းလည်းခတ်သံ တလွင်လွင်နဲ့ အရမ်းကြည်နူးစရာကောင်းတာကွ၊ အင်း ... လှမောင် ... လှမောင်"

ဟု စကားအဆုံး၌ ဦးဖိုးလူက မချိတင်ကဲ ညည်းတွားလိုက်လေရာ ဘိုးကောက်က

"လှမောင်ဆိုတာ ဘယ်သူတုံးဗျ ဦးကြီးဖိုးလူ"

"အင်း ... ဒီဇာတ်လမ်းက ပြောရရင် အရှည်ကြီးကွ၊ ဒဏ္ဍာရီတစ်ပုဒ်လို, ပုံပြင်တစ်ပုဒ်လို အရမ်းအံ့ဩထူးဆန်းတယ်ကွ၊ လှမောင်နဲ့ နှင်းမြဆိုတာ ငါ့သူငယ်ချင်းပဲ၊ အင်းလေ ... အဲဒီတုန်းက မင်းတို့တစ်တွေက နှပ်ချေးတွဲလောင်း ပုဆိုးကွင်းသိုင်းတဲ့အရွယ်ဆိုတော့ ဘယ်သိမှာလဲကွ"

"ဟာ ... ဦးကြီးဖိုးလူကလည်း ... မသိလို့ မေးတာပေါ့ဗျာ ... သိမှဖြင့် ဘယ်သူက လေကုန်ခံပြီး မေးနေမှာလဲဗျာ၊ အဲဒီလှမောင်နဲ့ ဒီဆင်ဝပ်တောင်က ဘယ်လိုပတ်သက်နေတာလဲ၊ ကျုပ်တို့ရှာကပဲလား"

ဟု လှငွေကပါ ဝင်ရောက်ပြောဆိုလိုက်သဖြင့် ဦးဖိုးလူသည် ဆင်ဝပ်တောင်ဘက်သို့ မှိုင်းညို့ရီဝေစွာ တစ်ချက်ကြည့်လိုက်ပြီးလျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အများကြီးပတ်သက်တာပေါ့ကွာ၊ ရွာထဲမှာ မင်းတို့က စကားမစပ်မိလို့ မမေးမိကြလို့ပါ၊ သူတို့အဖြစ်ကို တစ်ရွာလုံးက သိကြပါတယ်၊ ပြောစမှတ်တွင်ကျန်ရစ်ခဲ့တဲ့ အဖြစ်ဆန်းလေးတစ်ခုပေါ့ကွာ၊ အရမ်းဆန်းကြယ်တဲ့အဖြစ်လို့လည်း ပြောလို့ရတယ်၊ မင်းတို့က သိချင်ကြလို့လား"

"ဟာ ... ခု ဘကြီးပြောတာနဲ့တင် သိချင်နေပြီ ဦးကြီးဖိုးလူရာ"

"အေးလေ ... ဒါဆိုလည်း ညနေ တောထဲကပြန်ရင် အိမ်လာခဲ့ကြလေ ... ငါ ပြောပြမယ့်"

"လာခဲ့မယ်ဗျာ ဦးကြီးဖိုးလူ"

ဘိုးကောက်ရော လှငွေပါ အားတက်သရော ပြောလိုက်ကြလေသည်။ သို့သော် ဘိုးကောက်၏အတွေးထဲမှာမူ နေ့လယ်ကျလျှင် ထင်းခုတ်နား၍ ထမင်းစားကြပါလျှင် ယင်းဆင်ဝပ်တောင်ဘုရားနှင့် သမိုင်းကြောင်းကို မသိမသာမေးကြည့်မည်ဟု စိတ်ထဲ၌ တေးမှတ်ထားလိုက်ပါလေ၏။

တောထဲသို့ ဝင်ရောက်လာပြီဖြစ်၍ ဆင်ဝပ်တောင်သည် သူတို့၏နောက်ပါး၌ ပျပျသာ ကျန်ရစ်ခဲ့တော့၏။

❐ ❖ ❐



*ဒဏ္ဍာရီလား*

ည၏လရောင်အလင်းတို့သည် ဆင်ဝပ်ရွာကလေးပေါ်သို့ လင်းလက် စွာ ဖြာကျနေလေသည်။ ဆင်ဝပ်ကုန်းရွာကလေးသည် စောစီးစွာ အိပ် စက်တတ်သော တောမလေ့ရွာတို့၏ထုံးစံအတိုင်းပင် အတန်ငယ် တိတ်ဆိတ် အိပ်မောကျနေလေပြီဖြစ်၏။

သို့ရာတွင် မအိပ်စက်သေးသော အိမ်တစ်အိမ်ကား ရှိနေသေး၏။ ယင်းမှာ ဦးဖိုးလူ၏နေအိမ်ပင်ဖြစ်လေသည်။ ဦးဖိုးလူ၏ဇနီးဖြစ်သူ မဖော့မှာမူ အိပ်ပျော်သွားလေပြီ ဖြစ်သည်။ မအိပ်စက်ကြသေးသည်ကား ဦးဖိုးလူ၊ ဘိုးကောက်နှင့် လှငွေ၊ စန်းဋ္ဌေးတို့ပင်ဖြစ်ကြလေ၏။

သူတို့လေးယောက်သည် အကြမ်းရည်အိုးတစ်လုံး၊ မဲဇလီရွက်သုပ်တစ်ပွဲနှင့် အိမ်ရှေ့မြေတလင်း မဲဇလီပင်အောက်၌ရှိသော ကွပ်ပျစ်လေးပေါ်၌ စုဝေးထိုင်နေကြခြင်းဖြစ်လေသည်။ ညလေပြည်အေးအေးလေးက အေးမြစွာပင် တိုက်ခတ်လာလေ၏။

ဦးဖိုးလူသည် အမြည်းတစ်ဖွန်းစားလိုက်ပြီးလျှင် အကြမ်းရည်အား တစ်ခွက်ငှဲ့ကာ ဖူးခနဲမှုတ်လိုက်ပြီး သောက်လိုက်လေ၏။

ဘိုးကောက်၊ လှငွေ၊ စန်းဋ္ဌေးတို့ ရောက်လာသည်မှာ အစောပိုင်းလေးမှပင် ဖြစ်လေ၏။ ရောက်ရောက်ချင်းပင် ဦးဖိုးလူ၏ဇနီးသည်ဖြစ်သူ



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ဖော့နှင့် ရပ်အကြောင်းရွာအကြောင်း အာလာပသလ္လာပစကားများ ပြောဆိုနေ၍ ဒေါ်ဖော့ပြင်ဆင်ပေးသော မဲဇလီဖူးသုပ်ဖြင့် ယခုမှပင် စကားဝိုင်းသည် စမည်ပြင်ခြင်းပင် ဖြစ်လေသည်။ ဒီအချိန်သည် သီတင်းကျွတ်ကျော်လွန်စပြုပြီဖြစ်၍ မဲဇလီဖူးတို့ ပွင့်ကြပြီဖြစ်၏။

ဟိုအကြောင်း ဒီအကြောင်း ရောက်တတ်ရာရာပြောလိုက်၊ မဲဇလီဖူးသုပ်နှင့် အကြမ်းရည်သောက်လိုက်ဖြင့် စကားဝိုင်းသည် ယခုမှပင် အရှိန်ယူနေစ ရှိသေးပေ၏။

နောက်ဆုံး ဘိုးကောက်သည် သူ အလွန်အမင်းသိချင်နေလွန်းလှသည့် ဆင်ဝပ်တောင်စေတီလေးအကြောင်းနှင့် လှမောင်ဆိုသော လူတစ်ယောက်၏အကြောင်းကို သိချင်စိတ်အား မအောင့်အည်းနိုင်တော့ဘဲ . . .

"ဦးကြီးဖိုးလှ"

"ဟေ . . . ဘာတုံး"

ဟု ဘိုးကောက်ကခေါ်သဖြင့် ဦးဖိုးလှသည် ထူးလိုက်၏။ ဘိုးကောက်က . . .

"ဟာဗျာ . . . ဦးကြီးဖိုးလှကလည်းဗျာ . . . မေ့နေပြီလားဗျ . . . နေ့လယ်က ဆင်ဝပ်တောင်အကြောင်းပြောပြမယ်ဆို"

"ဩော် . . . အေး . . . ဟုတ်သားပဲ၊ ငါ မေ့နေလို့ကွ . . . ဟဲ ဟဲ"

ဟု ဦးဖိုးလှက ရယ်ကျဲကျဲဖြင့်ပြောလိုက်ရာ လှငွေက . . .

"ဦးကြီးဖိုးလှက အရှူးသိုင်းနင်းမနေနဲ့ဗျာ၊ ဘိုးကောက်လိုပဲ ကျွန်တော်တို့လည်း နားထောင်ချင်လှပြီ၊ ဦးကြီးဖိုးလှပြောပြမယ့် အဖြစ်အပျက်က ထူးဆန်းအံ့သြဖွယ်ကောင်းတယ်ဆိုလို့ စန်းငွေတောင် လိုက်လာတာပဲ ကြည့်တော့"

"ပြောပြပါ့မယ်ကွာ . . . ပြောပြပါ့မယ်၊ အဲ . . . ပြောပြမယ်ဆိုခါမှ ငါ ဘယ်ကနေ ဘယ်လိုပြောရမလဲဆိုတာ စဉ်းစားနေတာကွ၊ အင်း . . . လှမောင် . . . လှမောင်"

ဟု ညည်းသလိုလို ပင့်သက်ချသလိုလို ပြောလာသည်မို့ ဘိုးကောက်





က . . .

"စဉ်းစားမနေပါနဲ့ ဦးကြီးဖိုးလှရာ . . . အဲဒီလှမောင်ဆိုတဲ့ နာမည်ကစပြောဗျာ"

"အေး . . . ဟုတ်ပြီ မင်းပြောတာ ဟုတ်တယ် . . . လှမောင်နဲ့နှင်းမြအကြောင်းကနေ စပြောမယ်ကွာ . . . ဒီလိုကွ"

စကားကို ဒီလိုကွဟုဆိုကာ ဦးကြီးဖိုးလှသည် လည်ချောင်းရှင်းသည့်အနေဖြင့် အကြမ်းရည်တစ်ခွက်အား ငုံ့ပြီးသောက်လိုက်လေသည်။

ညဦးလေကား တသုန်သုန်ဝေ့တိုက်ခတ်လာလေ၏။

❒ ❖ ❒



www.burmeseclassic.com

www.burmeseclassic.com

## ထူးဆန်းသည့်အိပ်မက်

နေခြည်အလင်းတန်းတို့သည် နွေးထွေးလှစွာဖြင့် ဆင်ဝပ်တောင်ရွာ ကလေးထက်သို့ ယှက်ဖြာကျဆင်းလာလေပြီဖြစ်၏။ ဆင်ဝပ်တောင်ရွာကလေ သည် နေရောင်ခြည်နွေးနွေးတို့၏အောက်၌ လှုပ်ရှားအသက်ဝင်လာပြီလည် ဖြစ်လေ၏။

လယ်လုပ်ငန်းခွင်သို့ သွားကြမည့်သူများသည် လှည်း နွား ထွန်တို့ ပြင်ဆင်နေကြပြီဖြစ်လေ၏။ ထို့အတူ ရိုးမပေါ်သို့တက်ပြီးလျှင် သစ်ခုတ်ဝါးခုတ် လုပ်ကြမည့်သူများသည်လည်း စတင်လှုပ်ရှားပြင်ဆင်နေကြပြီဖြစ်လေ၏။

လှမောင်နှင့် မနှင်းမြသည် ဆင်ဝပ်တောင်ရွာ၏အစွန်၌ နေထိုင်ကြ သူတွေ ဖြစ်လေ၏။

''နှင်းမြရေ''

''ရှင် . . . ကိုလှမောင် ဘာတုံး''

''မင်း ဒီနေ့ ရွာထဲသွားဦးမလား''

''မသွားချင်ပါဘူးတော် . . . ရွာထဲသွားရင် မတွေ့ချင်တဲ့သူတွေ တွေ့နေရဦးမယ်''

နှင်းမြ ဘာကိုရည်ရွယ်၍ပြောမှန်း လှမောင်နားလည်သည်။

အမှန်တော့ နှင်းမြပြောသလို လှမောင်လည်း ရွာထဲသို့ သိပ်ပြီးမသွာ





ဖြစ်ပါချေ။ တကယ်ဆို ဤဆင်ဝပ်ရွာသည် လှမောင်နှင့်နှင်းမြတို့၏ ဇာတိ ချက်ကြွေရွာပင်ဖြစ်လေသည်။

သို့သော်လည်း . . . ရွာထဲ၌ နှင်းမြ၏မိဘများ၊ ဆွေမျိုးများက ရှိ သည်။

လှမောင်ကမူ တစ်ကောင်ကြွက် တစ်မျက်နှာပင်ဖြစ်လေသည်။ ဒါ ကြောင့်လည်း နှင်းမြနှင့်လှမောင် သမီးရည်းစား စတင်ဖြစ်ပြီဆိုကတည်းက နှင်းမြ၏မိဘများနှင့် အမျိုးအဆွေများက ဝိုင်းဝန်း၍ဖျက်ကြလေသည်။

လှမောင်နှင့်နှင်းမြ၏ ချစ်ခရီးလမ်းသည် အနှောင့်အယှက် အဖျက် အဆီး များပြားလွန်းလှလေသည်။ သို့သော်လည်း နှင်းမြသည် လှမောင်အပေါ် အလွန် သစ္စာတရားကြီးမားလွန်းလှ၏။ ဒါကြောင့်လည်း နောက်ဆုံး နှင်းမြ သည် လှမောင်ခေါ်ရာနောက်သို့ အရဲစွန့်ကာ မိဘဆွေမျိုးများ၏ အမွေပြတ်ခြင်း ကိုခံကာ ရွေးနွှယ်ရိုးလုပ်ခဲ့လေတော့သည်။

အခြားရွာလေးတစ်ရွာသို့ နှင်းမြအား လှမောင်ခိုးယူသွားပြီးနောက် တစ်နှစ်ခန့်ကြာသည့်အခါမှ ဆင်ဝပ်ရွာလေးသို့ ပြန်လည်အခြေချကြခြင်း ဖြစ် လေသည်။ ထိုအခါ နှင်းမြ၏မိဘနှစ်ပါးမှာ ဆုံးပါးသွားပြီးဖြစ်လေသည်။

သို့သော် ဆွေမျိုးသားချင်းများကလည်း နှင်းမြအား လှမောင်နှင့်ယှ သွား၍ ဝိုင်းကြဉ်ဖယ်ထားကြလေ၏။ နှင်းမြသည်လည်း ယခင်ကတည်းက မာနကြီးသူဖြစ်၍ ရွာထဲသို့ပင် ခြေဦးမလှည့်တော့ပေ။ ရွာစွန်ဖျားမှာပင် လင် မယားနှစ်ယောက် အေးချမ်းစွာပင် နေထိုင်ခဲ့ကြလေသည်။

အမိကက သူတို့လင်မယားနှစ်ယောက် ချစ်သူသမီးရည်းစား ဘဝက ပင် သွားရောက်နေကျဖြစ်သော ဆင်ဝပ်တောင်စေတီကုန်းလေးသို့လည်း သွားနေလေ့ရှိပေ၏။

ဆင်ဝပ်တောင်စေတီလေးမှာ သူတို့လင်မယားနှင့် ဘဝပဋ္ဌာန်းဆက် ပါသော ဘုရားလေးဖြစ်သည်။

သူတို့ ချစ်သူဘဝကတည်းက ချိန်းဆိုတွေ့လျှင် ယင်းဆင်ဝပ်တော ဘုရားလေး၌ပင် အမြဲတစေ ချိန်းဆိုတွေ့ကြလေ့ရှိသည်။ ယင်းစေတီလေး၌



www.burmeseclassic.com

www.burmeseclassic.com



သစ္စာတွေ အကြိမ်ကြိမ်အဖန်ဖန် ပြုခဲ့ဖူးလေသည်။ ထိုဆင်ဝပ်တောင်ဘုရားလေးမှာ သူတို့နှစ်ဦး၏ ချစ်ပန္နက် သစ္စာမဏ္ဍိုင်ဟုလည်း ပြော၍ရလေသည်။

ယင်းဆင်ဝပ်တောင်ဘုရားသည် သူတို့လင်မယားနှင့် သံသရာမှာ ပဌာန်းဆက်ပါသောဘုရားဟုလည်း ရွာထဲ၌ သတင်းပျံ့နေလေသည်။ ယခုအိမ်ထောင်ကျသည်အထိလည်း ယင်းဘုရားသို့ သွားမြဲသွားလျက်ရှိကြပေသည်။

"နှင်းမြရေ"

"ရှင် ... ကိုလှမောင်"

"ညနေကျ ဆင်ဝပ်တောင်ဘုရားသွားကြရအောင်"

"သွားမယ်လေ ကိုလှမောင်"

ညနေ နေညိုသောအခါ လှမောင်နှင့်နှင်းမြသည် ရွာထဲကနေ ဆင်ဝပ်တောင်ဘုရားဆီသို့ လျှောက်လာခဲ့ကြလေသည်။ ဆင်ဝပ်ဆောင်ဘုရားသို့ သူတို့နှစ်ယောက် ဖြတ်လမ်းမှနေ၍ လာခဲ့ကြရာ အချိန်အနည်းငယ်အတွင်းမှာပင် ရောက်ရှိ၍လာခဲ့လေသည်။

ဘုရားကုန်းလေးပေါ်မှ စေတီလေးရှိ ဆည်းလည်းသံလွင်လွင်လေးများသည် သူတို့နှစ်ဦး၏ရင်ထဲ သာယာချမ်းမြေ့ကြည်နူးသွားပေလေသည်။

လေပြည်လေညင်းလေးများသည်လည်း တသုန်သုန် တိုက်ခတ်နေသည်။

"အရမ်းကြည်နူးဖို့ကောင်းတာပဲနော် ကိုလှမောင်"

"ဒါပေါ့ နှင်းမြရယ် ... ကိုလှမောင်လည်း ဒီဘုရားကိုရောက်တိုင်း အိပ်မက်တွေမက်ခဲ့တာတွေ သတိပြန်ရလာတယ်"

"နှင်းမြတို့က ဒီဆင်ဝပ်တောင်စေတီလေးနဲ့ ပဌာန်းဆက်ပါခဲ့သူတွေကိုး ကိုလှမောင် ... ဒါကြောင့်လည်း ဒီစေတီလေးကို မကြာခဏ ဧ ဉာက်ဖြစ်နေတာပေါ့"

"ကိုလှမောင်တော့ နှင်းမြနဲ့ပေါင်းရဖို့ သစ္စာပြုခဲ့တာ မှန်ကန်တာပဲ၊ ဒီစေတီလေးရဲ့တန်ခိုးကို ပိုယုံကြည်သွားမိတယ်"





"သစ္စာမှန်ရင် နတ်သိကြားတောင် မခံနိုင်ဘူးတဲ့ ကိုလှမောင်ရဲ့ ... နှင်းမြတို့ရဲ့သစ္စာ မှန်လို့ပေါ့"

စေတီကုန်းလေးပေါ်ကနေ လှမ်းကြည့်လျှင် အရှေ့ဘက်၌ရှိသော သူတို့၏ဆင်ဝပ်တောင်ရွာကလေးအား ခပ်ပျပျ လှမ်းမြင်နေရ၏။

အမှန်ဆိုလျှင် ဤဆင်ဝပ်တောင်သို့ ရွာကနေ လှည်းလမ်းအတိုင်းလာပါလျှင် တစ်နာရီခန့်ကြာမြင့်မည်ဖြစ်သော်လည်း လှမောင်တို့ရွာသည် ဖြတ်လမ်းကနေဆိုလျှင် သိပ်မကြာလှပေ။

စေတီကုန်းလေးပေါ်၌ အတန်ကြာ ဖူးမြော်ပြီးနောက် ...

"ပြန်ကြရအောင် နှင်းမြ"

"အင်း ... ပြန်မယ်လေ ကိုလှမောင်"

နှစ်ယောက်သား ဆင်ဝပ်တောင်ပေါ်ကနေ ပြန်လည်ဆင်းသက်လာကြလေသည်။ နေရောင်ခြည်က အနောက်ဘက်ရိုးမပေါ်မှာ မေးတင်စ ပြုနေလေပြီ။

"နှင်းမြ ... ဘာဆုတောင်းခဲ့သလဲ"

"ကိုမောင်ရယ် ... ကျွန်မတို့မှာ သားသမီးရတနာမရှိဘူး မဟုတ်လား ... ကျွန်မ သားသမီးရအောင်ပဲ ဆုတောင်းခဲ့တယ်၊ ရှင်ရော ကိုလှမောင်"

"ငါလည်း မကြာခင် သားသမီးရတနာထွန်းကားပါစေလို့ မင်းလိုပဲ ဆုတောင်းခဲ့တာပေါ့ကွာ"

လှမောင်တို့၏အိမ်ထောင်သက်မှာ နှစ်နှစ်ခန့်ရှိသော်လည်း ယခုအချိန်ထိ သားသမီးရတနာ မထွန်းကားသေးချေ။ ဒီအတွက်လည်း သူတို့လင်မယားနှစ်ယောက်မှာ ဆင်ဝပ်တောင်ဘုရားသို့ရောက်တိုင်း သားသမီးရတနာရရှိရေးအတွက် ဆုတောင်းကြလေ့ရှိစမြဲ ...။

သို့သော်လည်း သူတို့အိပ်မက်မှာ ခုချိန်ထိ အကောင်အထည် မပေါ်သေးချေ။

ရွာသို့ပြန်ရောက်သောအခါ မှောင်စပြုနေလေပြီ။

ထမင်းစားသောက်ပြီးသောအခါ နှစ်ယောက်သား အိပ်ရေးဝင်ရန်



www.burmeseclassic.com

www.burmeseclassic.com

ပြင်ဆင်ကြလေသည်။

သူတို့အိပ်ပျော်သွားသည့်အခါ နှင်းမြသည် ထူးဆန်းသော အိပ်မက်တစ်ခုအား မက်လေ၏။

အိပ်မက်ထဲ၌ ဝတ်ဖြူစင်ကြယ်ဝတ်ဆင်ထားသော လူကြီးတစ်ယောက်သည် နှင်းမြထံသို့ရောက်လာပြီးလျှင် ...

"ဟဲ ... နှင်းမြ"

"ရှင်"

"နှင် ... ငါနဲ့လိုက်ခဲ့"

ဝတ်ဖြူစင်ကြယ်ဝတ်ဆင်ထားသော အဘိုးကြီးမှာ ရုပ်အဆင်းသွင်ပြင် ကြည်လင်သလို အသံသြဇာမှာလည်း အမိန့်သံပါသည်မို့ နှင်းမြသည် စိတ်ညို့ခံထားရသူပမာ သူတော်စင်ပုဂ္ဂိုလ်ကြီးဦးဆောင်ရာနောက်သို့ လိုက်ပါသွားမိလေတော့၏။

သူမတို့သွားနေသောလမ်းသည် ဆင်ဝပ်တောင်ဘုရားသို့ သွားရာလမ်းကလေးမှန်း နှင်းမြ၏စိတ်ထဲမှာ အလိုလိုသိရှိနေလေသည်။

အဘယ်ကြောင့်မှန်း မသိပေ ...။ နှင်းမြ၏စိတ်ထဲမှာလည်း ယင်းဝတ်ဖြူစင်ကြယ်ဝတ်လူကြီးအား စိတ်ထဲကနေ အလိုလို ရင်းနှီးကျွမ်းဝင်နေသလို ခံစားရလေ၏။

"ကျွန်မတို့ ဆင်ဝပ်တောင်ကိုသွားနေတာလား အဘ"

"ဟုတ်တယ် ... နင့်ကိုပြစရာရှိလို့ လာခေါ်တာပဲ နှင်းမြ"

"ရှင် ... ပြစရာ ... ဟုတ်လား အဘ"

"အေး ... နင် ဟိုရောက်ရင် သိရလိမ့်မယ်"

သိပ်မကြာမီမှာပင် သူမနှင့် ဝတ်ဖြူစင်ကြယ်အဘိုးကြီးတို့မှာ ဆင်ဝပ်တောင်ဘုရားလေးသို့ ရောက်ရှိလာကြလေသည်။

ဆင်ဝပ်တောင်ဘုရားကုန်းပေါ်သို့ရောက်လျှင် နှင်းမြ အံ့သြသွားရလေသည်။

အဘယ်ကြောင့်မူ ဘုရားကုန်းလေးပေါ်၌ သူမ,မမြင်မွေ့တွေ့ဖူးသော





လူများအား ပုတီးစိပ်လျက်၊ တရားရှုလျက် မြင်တွေ့လိုက်ရခြင်းကြောင့်ပင်တည်း ...။

ဘိုးသူတော်တွေလည်း ပါသည်။ ရသေ့တွေကိုလည်း တွေ့ရ၏။

အထူးခြားဆုံးမှာ လှပချောမောလွန်းသော မိန်းမချောလေးများကိုပါတွေ့မြင်နေရခြင်းကြောင့်ပေတည်း။

ဝတ်ဖြူစင်ကြယ် သူတော်စင်ကြီးက ...

"အံ့သြနေသလား နှင်းမြ"

"ရှင် ... ဟုတ် ... ဟုတ်ကဲ့ရှင့်"

"မအံ့သြပါနဲ့ ... အမှန်တော့ ဒါတွေဟာ အံ့သြစရာမဟုတ်ပေဘူး။

လူဆိုတာ ရောက်သင့်ရောက်ထိုက်တဲ့နေရာကို ရောက်သင့်တဲ့အချိန်မှာ ရောက်ရှိပြီး တွေ့သင့်တွေ့ထိုက်တဲ့အချိန်မှာ တွေ့သင့်တွေ့ထိုက်တဲ့သူတွေနဲ့ တွေ့ဆုံရတာ သံသရာအကြောင်းတစ်ခုပဲ ...၊

ခု ... နှင်းမြ မြင်တွေ့နေရတဲ့လူတွေအားလုံးဟာ တစ်ချိန်က ရတနာသိဒ္ဓိရှင်ဘုရားလို့ထင်ရှားခဲ့တဲ့ ဟောဒီဆင်ဝပ်တောင်စေတီလေးနဲ့ ဘဝပဋ္ဌာန်းဆက်ရှိခဲ့ကြသူတွေပဲ၊ နှင်းမြလည်း ဟိုးလွန်ခဲ့တဲ့ အတိတ်ဘဝတစ်ခုက ဒီဘုရားနဲ့ ပတ်သက်ခဲ့ဖူးတယ်"

"ရှင်"

"ဘာလဲကွယ့် ... အဘပြောတာ မယုံလို့လား"

"မ ... မဟုတ်ပါဘူး အဘ ... နှင်းမြ အံ့သြလို့ပါရှင်"

"ဘာမှ အံ့သြစရာမရှိပါဘူး ... သတ္တဝါတွေမှန်သမျှ နိဗ္ဗာန်ဆိုတဲ့ အသခ်ကခေတ် မရမချင်း သံသရာဝင်ရိုးကြီးပေါ်မှာ ခုလိုပဲ ... ဖြစ်ပျက်ကျင်လည် နေရစမြဲပဲ၊ ဒါတွေကလည်း သံသရာမှာရော, မျက်မှောက်ဘဝမှာပါ ဆုတောင်းအရင်းခံတွေကြောင့်ပဲဖြစ်တယ်၊ တကယ်တော့ ဒီဆင်ဝပ်တောင်ဘုရားလေးဟာ ဟိုး ... ဟံသာဝတီနေပြည်တော်ကြီး ဘုန်းတန်ခိုးလက်ရုံးတောက်ပခဲ့စဉ်က တည်ထားခဲ့တဲ့ ဘုရားစေတီတစ်ဆူပဲဖြစ်တယ်၊ အဲဒီတုန်းကနှင်းမြဟာ ဒီဘုရားစေတီကို တည်ခဲ့တဲ့ မြို့စားကြီးနန္ဒကျော်သူရဲ့ သမီး စိတြ


www.burmeseclassic.com

www.burmeseclassic.com



နန္ဒာပဲကွယ့်''

''ရှင်''

နှင်းမြ အလွန်တရာအံ့အားသင့်သွားမိလေသည်။ ထိုအချိန်မှာပင် စေတီလေး၏ရင်ပြင်ပေါ်မှ တရားရှုမှတ်နေကြသော မိန်းမချောလေးသုံးဦးသည် သူမနှင့် ဝတ်ဖြူစင်ကြယ်ဝတ်အဘိုးအိုရှိရာသို့ လှမ်းလျှောက်လာကြ၏။

ပြည့်ဝန်းသော လရောင်၏အလင်းက ဆင်ဝပ်တောင်ကုန်းလေးထိပ်သို့ ပျံ့နှံ့နေလေသည်။

လရောင်အောက်၌ မိန်းမချောလေးသုံးဦး၏ ရှည်လျားနက်မှောင်သော ဆံနွယ်ကြီးများသည် ညင်သာစွာတိုက်ခတ်လျက်ရှိသော လေပြည်ထဲမှာ လွင့်လူးလျက်ရှိနေလေသည်။

မိန်းမချောလေးသုံးဦးသည် နှင်းမြအား ရိုကျိုးစွာဖြင့် . . .

''သခင်မလေးနဲ့တွေ့ဆုံရတာ ချောကလျာတို့ ဝမ်းမြောက်ဝမ်းသာရှိရလွန်းပါတယ်ရှင့်''

''သခင်မလေး . . . ဟုတ်လား''

''ဩော် . . . အင်း . . . ဟုတ်သားပဲ . . . သခင်မလေးဟာ လူ့ဘုံလူ့လောကကို ရောက်ရှိနေတဲ့သူဆိုတော့ သံသရာဘဝဟောင်းက အကြောင်းတရားတွေကို ဘယ်မှတ်မိတော့မှာလဲရှင်၊ တစ်ချိန်က သခင်မလေးက ချောကလျာတို့ နန္ဒာတို့ရဲ့ အရှင်မတစ်ဦးပါပဲ၊ ခုတော့လည်း ဘဝတွေက ခြားသွားခဲ့ကြပြီကိုး''

ဝတ်ဖြူစင်ကြယ်ဝတ်အဘိုးအိုအား ချောကလျာဟူသော မိန်းမချောလေးက ရိုကျိုးဟန်ဖြင့် . . .

''ဘိုးဘိုးတိက္ခမ . . . သခင်မလေးကို သမီးတို့စခန်းထဲ ခေါ်သွားခွင့်ပြုပါရှင်''

''အိမ်း . . . ခေါ်ချင်ခေါ်သွားလေ၊ ဒါပေမဲ့ ညဉ့်ဦးယံသုံးမောင်းတီးတီးအချိန်ကျရင် သူ့ကိုပြန်ပို့ပေးလိုက်ကြ ချောကလျာ''

''မှန်လှပါ ဘိုးဘိုး''





''ကဲ . . . နှင်းမြ . . . သမီးရဲ့ရှံရွှေတော်တွေနဲ့ လိုက်သွားချေ၊ အဘိုးက ဒီမှာ ရသေ့ကြီးဘိုးသူတော်ကြီးတွေနဲ့ ပညာရပ်စခန်း, ကျင့်စဉ်စခန်းတွေ ဆွေးနွေးရဦးမယ်ကွယ့်၊ သမီးပြန်ဖို့သင့်တဲ့အချိန်ကျရင် သူတို့ ပြန်လည်ပြီး လိုက်လံပို့ပေးလိမ့်မယ်၊ ကဲ ကဲ . . . လိုက်သွားချေ''

''လာ . . . သခင်မလေး''

နှင်းမြသည် ချောကလျာဟူသော မိန်းမချောလေး၏ လက်သွယ်နုလေးဖြင့် ခေါ်ဆောင်ရာနောက်သို့ အသိစိတ်ကင်းမဲ့နေသူတစ်ဦးပမာ လိုက်ပါသွားမိလေတော့သည်။

သူမတို့သည် ဆင်ဝပ်တောင်ဘုရားလေး၏ အနောက်ဘက်ယွန်းယွန်းရှိ လမ်းကလေးကနေ ဆင်းသက်၍လာခဲ့ကြလေသည်။ တောလမ်းကလေးသည် လရောင်အောက်၌ ရှင်းသန့်၍နေလေသည်။ နံဘေးတစ်ဖက်တစ်ချက်နှင့် သစ်ပင်မြင့်ကြီးများ၏ခွဆုံများ၌ ပေါက်ရောက်နေသော တောပန်းတောင်ပန်းပွင့်များ၊ သဇင်,ခစ်ခွပန်းများ၏ ရနံ့သင်းသင်းကလည်း လေပြည်ထဲမှာ စီးမျော၍ပါလာခဲ့လေသည်။

ဘာလုပ်ရမှန်းမသိပါဘဲ နှင်းမြ၏စိတ်ထဲမှာ ကြည်နူးချမ်းမြေ့နေသလိုလို၊ တစ်စုံတစ်ရာအား လွမ်းဆွတ်နေသလိုလို ခံစားနေကြရလေသည်။

ခဏအကြာတွင် ကျယ်ပြန့်သောလှိုဏ်ကြီးတစ်ခုအတွင်းရှိ ကျောက်ဂူကြီးတစ်ခုရှေ့သို့ ရောက်ရှိလာကြလေသည်။

ချောကလျာဟူသော မိန်းမချောလေးသည် နှင်းမြ၏လက်ဖျားလေးများအား ညင်သာစွာကိုင်စွဲလျက် ဂူကြီး၏အတွင်းသို့ ခေါ်ဆောင်သွားလေတော့သည်။

''ဟင်''

ဂူကြီးအတွင်းသို့ရောက်သောအခါ နှင်းမြသည် လွန်စွာအံ့သြသွားရလေ၏။

မည်သည့်အတွက်ကြောင့်ဆိုသော် ဂူကြီးမှာ အပြင်ကနေ ကြည့်သော် ကျယ်ဝန်းလှဟုထင်ရပါသော်လည်း အတွင်း၌မူ ကျယ်ဝန်းပြီး ဂူတစ်ခုနှင့်မတူ



www.burmeseclassic.com

www.burmeseclassic.com



တော့ဘဲ အဆောင်ဆောင်အခန်းခန်းတို့ဖြင့် နန်းတော်ကြီးတစ်ခုသဖွယ် အံ့သြစွာ မြင်တွေ့လိုက်ရလေတော့၏။

အတွင်း၌လည်း သွားလာနေကြသော နှင်းမြ မမြင်မတွေ့ဖူးသော ရှေးခေတ်ဝတ်စုံများဖြင့် မိန်းမချောလေးများကိုလည်း တွေ့မြင်နေကြရ၏။

ထူးခြားချက်တစ်ခုမှာ သူမအား တွေ့မြင်သော မိန်းမပျို၊ ယောက်ျားပျိုမှန်သမျှ နှင်းမြကို ရိုကျိုးစွာ အရိုအသေပြုသွားကြခြင်းပင် ဖြစ်သည်။

"အံ့သြနေလို့လား သခင်မလေး ... ဒီဂူနန်းတော်ကြီးထဲမှာ ရှိသမျှအားလုံးဟာ သခင်မလေး ဘယ်ဘုံဘယ်ဘဝရောက်ရောက် သခင်မလေးကို စိတြနန္ဒာအဖြစ် ယနေ့အချိန်အထိ လက်ခံထားကြတုန်းပါပဲရှင်"

"စိတြနန္ဒာဆိုတာ ကျွန်မနာမည်လား"

"မှန်ပါတယ် ... သခင်မလေးဟာ ဟိုတစ်ချိန်က ချောကလျာတို့ရဲ့ အရှင်သခင်မ စိတြနန္ဒာပါပဲ၊ ဒီမှာရှိတဲ့အားလုံးဟာ တစ်ချိန်တုန်းက သခင်မလေးရဲ့ ကျေးကျွန်တွေ, အလုပ်အကျွေးပြုသူတွေပါပဲ၊ ဒီအဆောင်တော်ဟာ ဟိုးအတိတ်ဘဝတစ်ခုက သခင်မလေး စံမြန်းခဲ့တဲ့ အဆောင်တော်ပါ"

အဆောင်ခန်းကြီးမှာ ကျယ်ဝန်းလွန်းလှပြီး လှပသော သလွန်ညောင်စောင်းတစ်ခုလည်း ရှိလေသည်။

အခန်းတစ်ခုလုံးသည်လည်း မွှေးပျံ့သောရနံ့များ သင်းထုံနေလေသည်။

အခန်းအလယ်ရှိ ကျောက်စားပွဲဝိုင်းကြီး၏အပေါ်မှာ လက်ဆတ်မှည့်ရွှန်းသော သီးနှံများကို ရွှေပန်းကန်များဖြင့် တည်ခင်းထားလေသည်။ စားပွဲကြီး၏နံဘေး၌လည်း ကျောက်လက်ရန်းကုလားထိုင်မြင့်ကြီးတွေ တည်ရှိ၏။

"သခင်မလေး ... သီးနှံတွေ စိတ်ကြိုက်သုံးဆောင်ပါရှင်၊ သခင်မလေးသုံးဆောင်နေခိုက်မှာ ချောကလျာတို့ ... သခင်မလေးကို စောင်းလက်သံတူရိယာနဲ့ တေးချင်းတွေ သီကျူးသီဆိုပြပါ့မယ် ... အေးချမ်းစွာနားဆင်ပါ သခင်မလေး"

သူမသည် ကျောက်စားပွဲဝိုင်းကြီးမှာ ထိုင်မိစဉ် ချက်ချင်းပင် ချောကလျာတို့သည် စောင်းတူရိယာကိုယူဆောင်လာကာ သာယာညင်းပျောင်းသော ဂီတသံစဉ်တို့အား စတင်တီးခတ်ကြလေတော့သည်။





ယင်းတူရိယာဂီတသံစဉ်အား ချောကလျာတို့ တီးခတ်နေစဉ် နှင်းမြမှာ တစ်သက်တွင်တစ်ကြိမ်သာ နားဆင်ဖူးသည်ဟု ထင်မြင်သတ်မှတ်မိလေသည်။ အလွန်ပင် ကြည်နူးသာယာစဖွယ် ကောင်းလှ၏။ နူးညံ့သာယာသော ဂီတသံစဉ်ကြားတွင် သူမ မည်သည့်အချိန်တိုင်အောင်ပင် နစ်မျောပျော်ဝင်သွားသည် မသိ ...

"သခင်မလေး ပြန်ဖို့အချိန်သင့်ပါပြီရှင့်"

"ဟင်"

ချောကလျာဟူသော မိန်းမချောလေး၏အသံကြားမှပင် နှင်းမြအသိစိတ်သည် ခန္ဓာကိုယ်မှာ ပြန်ကပ်သည်။ နောက် မိန်းမချောလေး သုံးယောက်ခြံရံလျက်ပင် သူမသည် ဂူကြီးအတွင်းကနေ ပြန်လည်၍ ထွက်ခွာလာမိလေတော့၏။

တောလမ်းလေးအတိုင်းပင် ပြန်လည်၍ လျှောက်လှမ်းလာမိကြသည်။

"သခင်မလေး ... ပျော်ပါရဲ့လားရှင့်"

"အင်း ... ကျွန်မရဲ့စိတ်ထဲမှာ ကြည်နူးသလိုလို, ပျော်သလိုလို၊ ပြီးတော့လည်း ဝမ်းနည်းပြီးငိုချင်သလိုလိုခံစားနေရတာ အမှန်ပဲ၊ ဒီဆင်ဝပ်တောင်ဘုရားလေးကို ကျွန်မ အမြဲတမ်းလာပေမယ့် ဒီနေရာမှာ ဒီဂူကြီးရှိမှန်း မသိတာ အမှန်ပဲ"

"အမြင်အာရုံရဲ့ လှည့်စားမှုတစ်ရပ်ပါပဲ သခင်မလေးရှင့်၊ ဘိုးဘိုးတိက္ခမတို့က ဒီနေရာ,ဒီဌာနရဲ့ အကြီးအကဲသိဒ္ဓိရှင်တွေ ဖြစ်ပါတယ်၊ ပြီးတော့ ယခု ကျွန်မတို့နေထိုင်တဲ့နေရာကို သာမန်လူတွေ မရောက်ကြသလို သူတို့မြင်တွေ့နိုင်စွမ်းလည်း မရှိကြပါဘူး၊ မရှိအောင်လည်း ဒီနေရာဌာနနဲ့ပတ်သက်သူတွေက အမြဲတစေ ကာကွယ်စောင့်ရှောက်နေကြပါတယ် ...၊

အခုလည်း ဘိုးတိက္ခမဟာ သူ့ရဲ့ကျင့်ကြံမှုစရဏာစွမ်းအားနဲ့သာ



www.burmeseclassic.com

www.burmeseclassic.com



သခင်မလေးရဲ့ နာမ်မနောလိပ်ပြာကို ခေါ်ယူခဲ့ခြင်းသာ ဖြစ်ပါတယ်၊ သခင်မလေးရဲ့ ခန္ဓာကိုယ် ရုပ်အခွံကြီးက မူလနေရာမှာပါပဲ၊ ဒါတွေကို သခင်မလေး နားလည်မှာ မဟုတ်ပါဘူးရှင့်''

''ဒါဆို ... ကျွန်မ ဒီနေရာကို တကယ်ရောက်ခဲ့တာမဟုတ်ဘူးပေါ့''

''ရောက်ခဲ့တာကတော့ အမှန်ပါပဲ သခင်မ၊ ဒါပေမဲ့ ကျွန်မ ဆိုလိုတဲ့သဘောက သခင်မရဲ့မနောဝိညာဉ်ကိုသာ ခေါ်ယူခဲ့ခြင်းဖြစ်ပါတယ်၊ သခင်မလေးရဲ့ မူလရုပ်ခန္ဓာက နေအိမ်မှာပဲ အိပ်စက်ကျန်ရစ်နေခဲ့တာပါ''

''ဟင်''

နှင်းမြသည် ချောကလျာဟူသော မိန်းမချောလေး၏စကားတွေကို နှုပ်ထွေးလာသဖြင့် ရှေ့ဆက်မမေးတော့ပေ။ မကြာမီအချိန်လေးအတွင်းမှာပင် လရောင်သာသာအောက်၌ သူမ၏ရွာကလေးအား နှင်းမြ လှမ်းမြင်နေရသဖြင့် စိတ်ထဲပျော်ရွှင်သွားမိလေသည်။ သူမ၏ခြေလှမ်းတွေက ပေါ့ပါးနေသလို ခံစားနေရလေသည်။

''ဘိုးတိက္ခမက သခင်မလေးကို အိမ်တိုင်ရာရောက် ပြန်ပို့ပေးရမယ်လို့ အမိန့်ရှိထားလို့ ကျွန်မတို့ အိမ်အထိလိုက်ပို့ကြရပါမယ်၊ သခင်မလေး ... မျက်စိခဏမှိတ်ထားပါရှင့်''

ချောကလျာ၏စကားအတိုင်း နှင်းမြ ... မျက်ဝန်းလေးအစုံအား မှိတ်လိုက်မိစဉ် ရုတ်တရက် သူမ၏ရင်အစုံသည် အေးလှပ်ခနဲ ခံစားလိုက်ရပြီး ခန္ဓာကိုယ်မှာ လေထဲလွင့်မျောသွားသလို ခံစားလိုက်ရလေသည်။

''အား''

သူမ ထိတ်လန့်တကြား အော်ဟစ်မိလိုက်သည်ထင်သည်။

ဖျတ်ခနဲ သူမ အိပ်မက်ကနေ လန့်နိုးသွားသလို ခံစားလိုက်ရ၏။ သူမနံဘေးမှ ကိုလှမောင်သည်လည်း ဝုန်းခနဲ နိုးထလာသည်ကို အမှောင်ပျပျမှာ မြင်တွေ့လိုက်ရ၏။

''နှင်း ... နှင်းမြ ... ဘာဖြစ်တာလဲ''

''ရှင် ... ကျွန် ... ကျွန်မ ဘာဖြစ်လို့လဲ''





''ဟင် ... မင်းကိုယ်မင်း ဘာဖြစ်မှန်းတောင်မသိဘူးလား ... မင်း အလန့်တကြားအော်လို့ ငါနိုးသွားတာလေ၊ ကြောက် ... မင်း အိပ်မက် မက်နေတာထင်တယ်''

''ဟုတ် ... ဟုတ်တယ် ကိုမောင် ... ကျွန်မ အိပ်မက်မက်နေတာ''

''ဘာအိပ်မက်မို့လို့လဲကွ ... ဒီလောက် အလန့်တကြားမက်တာ''

လှမောင်သည် ဇနီးသည်ဖြစ်သူ၏မျက်နှာအား အမှောင်ပျပျထဲမှာပင် ကြည့်ကာ မေးလိုက်၏။

နှင်းမြသည် မကြာခဏ ထူးဆန်းသောအိပ်မက်များကို မက်တတ်လေ့ရှိမှန်း လှမောင်နားလည်ထားလေသည်။

နှင်းမြအား ဆင်ဝပ်ရွာတစ်ရွာလုံးက ယေစဉ်ကပင် ဥစ္စာစောင့်သိုက်နန်းရှင်ဘဝ လူဝင်စားလိုလိုပြောဆိုနေတတ်လေ့ရှိသည်။ ဒါပေမဲ့ လှမောင်ကတော့ ထိုအကြောင်းအရာတွေ၊ အိပ်မက်ဆန်းတွေကို ယုံသည်လည်းမဟုတ် မယုံသည်လည်းမဟုတ်ပေ။

တစ်ခါတစ်ရံ နှင်းမြသည် မိန်းမသားပီပီ မြင်ရသော၊ လက်တွေ့ကျသောအရာများထက် မမြင်ရသော ဝိညာဉ်လောက သရဲတစ္ဆေများအကြောင်း ပို၍စိတ်ဝင်စားသည်ဟု လှမောင် ထင်မြင်နေမိလေသည်။

မကြာခဏလည်း စိတ်၏ဖွဲလမ်းမှုကြောင့် အိပ်မက်တွေ မကြာခဏ မက်တတ်လေ့ရှိလေသည်။ လှမောင်သည် နှင်းမြအား လွန်စွာပင် ချစ်မြတ်နိုးသူမို့ ထိုအကြောင်းအရာများဖြင့်ပတ်သက်ပြီး နှင်းမြအား သိပ်မပြောဆိုပါလေ။

ခဏကြာတော့ နှင်းမြ ပြန်လည်အိပ်စက်ပျော်သွားလေသည်။

ဘာပဲဖြစ်ဖြစ် မနက်ကျလျှင်တော့ နှင်းမြ၏နှုတ်ဖျားကနေ ထူးဆန်းသောအိပ်မက်တစ်ခုအား ကြားရလိမ့်ဦးမည်ဟု လှမောင် ယုံကြည်နေမိလေသည်။

❒ ❖ ❒



www.burmeseclassic.com

www.burmeseclassic.com

## ဇွဲလမ်းခြင်းလား တကယ်လ

"လှမောင်ရေ ... လှမောင်"

"ဟော ... ဖိုးလူ ... လာလေကွာ၊ ဘယ်လဲကွ ... တောတက်
မလို့လား"

"အေးလေကွာ ... ထင်းလေးနည်းနည်း သွားခုတ်မလားလို့"

ဖိုးလူက ပြောရင်း ခြံဝိုင်းအတွင်းသို့ လှမ်းဝင်လာလေသည်။ ဖိုးလူ
လှမောင်နှင့် သူငယ်ချင်းဖြစ်ပြီး လှမောင်ကဲ့သို့ပင် စီးပွားရေးကျပ်တည်းက
တောတက်၊ ထင်းခုတ်၊ ဝါးခုတ်ပြီး ရွာထဲ၌ ရောင်းချစားသောက်နေရသူ ဖြ
လေသည်။

ဖိုးလူက အိမ်ထဲသို့ဝင်လာပြီး နှင်းမြအား မတွေ့ရသဖြင့် ...

"နှင်းမြရော"

"ရွာထဲထွက်သွားတယ် ထင်တာပဲ၊ ညက အိပ်မက်မက်တာ ရွာထဲ
လိုက်ပြောဦးမှာပေါ့ကွာ၊ ငါလည်း နှင်းမြကြောင့် ခက်ပါတယ်ကွာ ... အ
အလမ်း သိပ်ကြီးတယ်"

"မင်းမိန်းမက ဥစ္စာစောင့်က ဝင်စားလာတဲ့သူပဲကွ"

ဖိုးလူက ပြောလိုက်၏။ လှမောင်ကမူ ယင်းစကားကို သိပ်လက်ခံချ
ပုံ မရပေ။





"ငါက အဲဒါတွေ သိပ်လက်မခံချင်ပါဘူးကွာ၊ သူ့ဘာသာ စိတ်က
စွဲလမ်းပြီး ထင်ရာမြင်ရာတွေ လျှောက်မက်နေတာဖြစ်ပါလိမ့်မယ်ကွာ"

"ထင်ရာမြင်ရာပဲမက်မက်၊ စွဲလမ်းလို့ပဲမက်မက် မောင် ... မင်းမိန်းမ
နှင်းမြ ဆင်ဝပ်တောင်ဘုရားက ဝင်စားလာတဲ့သူဆိုတာ ရွာထဲမှာ သတင်းပျံ့
နေတာ ကြာလှပြီ၊ တစ်ရွာလုံးကလည်း နှင်းမြကို အဲဒီဘုရားကနေ ဝင်စားတဲ့
သူလို့ သတ်မှတ်ထားကြတာပဲ"

"ဟာ ... အဲဒါဆို ငါတို့ ဘာလို့ဆင်းရဲနေရတာလဲ၊ သူသာ အဲဒီ
ဘုရားသိုက်ကဆိုရင် ချမ်းသာနေပြီပေါ့ကွာ၊ ဥစ္စာစောင့်တို့၊ ဘာတို့ဆိုတာ
အရမ်းချမ်းသာကြတဲ့ဥစ္စာ"

လှမောင်သည် ဦးဖိုးလူစကားအား လက်မခံသလို အလိုမကျစွာဖြင့်
ပြောလိုက်မိလေသည်။ လှမောင်ကြားဖူးသည်မှာ ဥစ္စာစောင့်နန်းကနေ လူဖြစ်
လာသူတို့သည် အတော်အတန်ချမ်းသာကြွယ်ဝကြသည်ဟု ကြားဖူး၊ မှတ်
သားဖူးလေသည်။

မိဘဘိုးဘွားများပြောပြခြင်းအရ ဥစ္စာစောင့်နန်းရှင်တို့သည် ရုပ်ရည်
ရူပကာ အရမ်းချောမောကြလေသည်။ ဆံပင်ကြီးတွေကလည်း ခြေသလုံး
တံကောက်ကွေးထိတိုင် ရှည်လျားကြလေသည်၊ ဥစ္စာပစ္စည်းများလည်း ကြွယ်
ဝချမ်းသာသလို သူတို့ပိုင်ဆိုင်သည့် ရွှေမန်ကျည်းတောင့်၊ ရွှေဒင်္ဂါးများကိုလည်း
ပေးတတ်ကြလေသည်ဟု ဆိုကြလေ၏။

နှင်းမြသည်လည်း သူမကိုယ်သူမ ဥစ္စာစောင့်နန်းက လာသူဟု၍
အပျိုပေါက်အရွယ်ကပင် အိပ်မက်တွေ မကြာခဏမက်တတ်သည်ဟု ပြော
သည်။

နှင်းမြသည် တစ်ရွာလုံးမှာ အချောအလှစာရင်းဝင် ကွမ်းတောင်ကိုင်
တစ်ဦးဖြစ်ပြီး ဆံပင်ရှည်ကြီးမှာလည်း ခြေသလုံးထိ ဖြောင့်စင်းအိကျနေသည်
မှာ မှန်ပါ၏။

နှင်းမြမွေးစ ငယ်စဉ်ကမူ သူမ၏မိဘများမှာ စီးပွားရေး အတော်
အတန်ချောင်လည်ကာ နှင်းမြ ... ငါးနှစ်သမီးရွယ်လောက်၌ ခြံပိုင်၊ ဝိုင်းပိုင်



www.burmeseclassic.com

www.burmeseclassic.com

လှည်းနွားပိုင်ဖြစ်လာခဲ့သည်ဟု ဆိုလေသည်။ ပြီးလျှင် တစ်ခုထူးခြားသည်က နှင်းမြသည် ရွာထိပ် ဆင်ဝပ်တောင်ဘုရားလေးသို့ အမြဲတစေသွားရောက်ဖူး မြော်တတ်လေ့ရှိသည်မှာ မှန်သည်။

လှမောင်နှင့် သမီးရည်းစားဘဝသို့ရောက်သော်လည်း သူတို့ နှစ်ယောက်ချိန်းဆိုတွေ့ဆုံကြသည့်နေရာမှာလည်း ယင်းဆင်ဝပ်တောင်ဘုရားစေတီလေးပင် ဖြစ်လေသည်။ တစ်ခါတစ်ရံ နှင်းမြသည် လှမောင်အား ပြောဆိုဖူးလေသည်။

"ကိုမောင်ရယ် ... နှင်းမြက ဒီဘုရားကနေ လူဝင်စား ဖြစ်လာရတယ်ဆိုတာ ဟုတ်ချင်ဟုတ်နေမှာ၊ နှင်းမြလေ ဒီဘုရားလေးကို တစ်ပတ်တစ်ခါမှ မလာရ၊ မဖူးရရင် စိတ်ထဲမှာ ဝမ်းနည်းသလိုလို၊ ကြေကွဲနေရသလိုလို ခံစားနေရတယ်၊ ပြီးတော့ နှင်းမြ အိပ်မက်တွေလည်း မကြာခဏမက်တယ်၊ မက်တိုင်းလည်း နှင်းမြက ဒီဘုရားမှာ ရှေးခေတ်အဝတ်အစားလေးဝတ်လို့ မင်းသမီးလေးတစ်ပါးတဲ့ ... သိလား"

"နှင်းမြရယ် ... နှင်းမြ စိတ်စွဲနေတာဖြစ်ပါလိမ့်မယ်"

"ကိုမောင်က နှင်းမြပြောတာ မယုံဘူးပေါ့"

ထိုအခါတိုင်း နှင်းမြသည် စိတ်အလိုမကျသကဲ့သို့ မျက်နှာလေးညိုးသွားရစမြဲ ...။

ယင်းအခါတိုင်း လှမောင်သည် နှင်းမြမျက်နှာလေး ရွှင်လန်းအောင် ပြန်လည်၍ချော့မော့ရစမြဲ ... ဖြစ်သည်။

သည့်နောက် နှင်းမြသည် မိဘဆွေမျိုးများ ကန့်ကွက်တားမြစ်နေသည့်ကြားထဲကပင် လှမောင်၏နောက်သို့ အရဲစွန့် လိုက်ပါခဲ့လေသည်။ လှမောင်အားယူလိုက်ခြင်းကြောင့် နှင်းမြကို ရွာထဲရှိ ဆွေမျိုးအသိုင်းအဝိုင်းတွေက ကြည်ဖယ်လိုက်ကြလေတော့၏။

နှင်းမြကလည်း မာနကြီးသည်။

လှမောင်ဖြင့်အတူ သစ်ခုတ်ဝါးခုတ်မှစ၍ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်လာခဲ့သည်မှာ ယနေ့ချိန်ထိအောင်ပင်။ သို့သော် ထူးခြားမှုမှာ





နှင်းမြသည် တစ်ပတ်လျှင် တစ်ကြိမ်နှစ်ကြိမ်ခန့် အိပ်မက်ဆန်းများ မက်လေ့မက်ထရှိခြင်းပင် ဖြစ်လေ၏။

ယင်းအိပ်မက်ဆန်းများကလည်း ဆင်ဝပ်တောင်ဘုရားလေးဖြင့် တစ်နည်းတစ်ဖုံ ပတ်သက်ဆက်နွယ်နေလျက်ရှိပေသည်။ ကြာလာတော့ နှင်းမြသည် အိပ်မက်အစွဲကြီးသူတစ်ဦး ဖြစ်လာလေသည်။

ယခုလည်း မနေ့ညကမက်သော အိပ်မက်အား လှမောင်အားပြောပြပြီး ရွာထဲသို့ ထွက်သွားလေသည်။

ဖိုးလူက တောတက်ရန်အသွား လှမောင်၏ခြံသို့ ဝင်လာခဲ့ခြင်းပင် ဖြစ်လေသည်။

ဖိုးလူမှာ လှမောင်ရော နှင်းမြနှင့်ပါ သူငယ်ချင်းတွေဖြစ်ပြီး အကြောင်းသိ၊ အတွင်းသိတွေဖြစ်လေ၏။ နှင်းမြအားလည်း ခင်မင်လေသည်။

ဖိုးလူ၏မိန်းမ မဖော့နှင့်လည်း နှင်းမြသည် သူငယ်ချင်းတွေ ဖြစ်လေ၏။

ခဏကြာတော့ ဖိုးလူသည် လှမောင်အားနှုတ်ဆက်ကာ အနောက်ရိုးဆီဘက်သို့ ထွက်သွားလေတော့သည်။ လှမောင်သည် ထင်းတုံးများအား ပေါက်ဆိန်ဖြင့်ခွဲနေလေသည်။

အတော်ကြီးနေမြင့်လာသောအခါကျမှ နှင်းမြ ဆန်ထုပ်ကလေးဆွဲကာ ရွာထဲမှပြန်လည်ရောက်ရှိလာသည်။ လှမောင်သည် နဖူးပေါ်မှ ချွေးစီးများကို ပုဆိုးခါးပုံစဖြုတ်ကာသုတ်ရင်းမှ နှင်းမြအား ...

"နှင်းမြရာ ... မင်းကလည်း ရွာထဲတစ်ခါသွားတာ ပြန်လာပါဦးတော့မလားတောင် ထင်မိတယ် ... အံ့ပါ့ကွာ"

"အို ... ကိုမောင်ကလည်း ရွာထဲမှာ မိဖော့တို့၊ ရွှေကြည်တို့နဲ့ တွေ့နေလို့ရယ်၊ ဟို ... ညတုန်းက အိပ်မက်အကြောင်း ပြောပြနေလို့ ကိုမောင်ရယ်"

"နှင်းမြရယ် ... မင်းမှာလည်း အိပ်မက်တစ်ခါမက်ရင် ရွာထဲ သွားသွားပြီး ပြောပြနေရတာ မမောသေးဘူးလားကွာ ... အိပ်မက်ပဲ ကို[illegible]


www.burmeseclassic.com

www.burmeseclassic.com

ကိုယ်သိရင် ပြီးတာပဲဥစ္စာ၊ ရွာထဲမှာ မင်းကို ရူးနေပြီလို့တောင် ပြောနေကြတယ် . . . သိလား''

''အို . . . သူတို့တာပဲပြောပြော အဲဒါ သူတို့မက်ပူးလို့ ပြောနေကြတာ ကိုမောင် . . . ဟွန်း . . . သူတို့မှ ပဋ္ဌာန်းဆက်မရှိတဲ့ ဥစ္စာ''

နှင်းမြသည် ထိုစကားကိုမကျေမနပ်ပြောဆိုရင်း တဲနောက်သို့ လှမ်းဝင်သွားလေ၏။ လှမောင်သည် သက်ပြင်းကိုသာ တွင်တွင်ချနေမိတော့သည်လေ . . .။

❒ ❖ ❒



*မိုးသည်းလေထန်ည*

'ဝေါ . . ဝုန်း'

'ဝေါ . . ဖြောင်း'

ညက . . . နက်မှောင်နေသည်။

ကောင်းကင်တစ်ခုလုံး လျှပ်ရောင်လျှပ်စီးတွေ တဝင်းဝင်း တလက်လက်ပြက်ကာ မိုးကြိုးတွေကလည်း တဒိုင်းဒိုင်းပစ်ခတ်နေသံတွေ မိုးလုံးသံမျှ ဆူညံနေလေသည်။

'ဂျိမ်း . . ဒလိမ်း'

ညနေမှောင်ရီပျိုးစကတည်းက အနောက်ဘက်ကောင်းကင်တစ်ခွင်လုံး နီရဲလာကာ အချိန်အခါမဟုတ် မိုးသက်လေပြင်းများ ကျရောက်လာသည်။ ယခုချိန်ထိ မစဲ မငြိမ်သက်သေးပါချေ။ ညဥ့်သည် သူ၏အိပ်ချိန်လောက်ပင် ရှိနေပြီဟု ခန့်မှန်းရလေသည်။

ဆင်ဝပ်ရွာလေးသည် အနောက်ရိုးမပေါ်ကနေ မမျှော်လင့်ဘဲရောက်ရှိလာသော မိုးနှင့်လေကြမ်းအောက်၌ ပြားပြားဝပ်မျှ ငြိမ်သက်နေလေ၏။

ရိုင်းစိုင်းသည်းထန်စွာ တရကြမ်း အညှာအတာမဲ့ ဖော့ယမ်းတိုက်ခတ်နေသော မိုးဒဏ်လေဒဏ်ကြောင့် သစ်ပင်ကြီးများပြိုလဲသံ၊ အကိုင်းအခက်များကျိုးပဲ့သံတွေကိုလည်း အဆက်မပြတ်ကြားနေရလေသည်။


www.burmeseclassic.com

www.burmeseclassic.com



လှမောင်၏တဲလေးမှာလည်း မိုးလေအောက်၌ ချက်ချင်း ပြုလဲသွားတော့မယောင်သိမ့်သိမ့်မျှ လှုပ်ခါနေလေသည်။

သို့သော် လှမောင်တို့တဲလေး၏အနောက်ဘက်တွင် ဝိုင်းရံထားသည့် ဝါးတောကြီးများက တည်ရှိနေ၍ လေကြမ်းသည် သူတို့၏တဲကလေးအား တိုင်ခြေကနေ ဆွဲမနှုတ်သွားခြင်း ဖြစ်လေသည်။

တဲအတွင်းရှိ မှန်အိမ်ငယ်လေးမှာလည်း လေကြမ်းကြောင့် တငြိမ့်ငြိမ့်ခါယမ်းနေ၏။

'ဝေါ . . ဖြောင်း'

'ဝုန်း . . ဂျွတ်'

သစ်ပင်သစ်ကိုင်းများ တဝုန်းဝုန်းကျိုးပြတ်ပြိုလဲနေသံက လေကြမ်းနှင့် သည်းထန်သောမိုးကြမ်းတွေအောက်၌ ဆူညံနေလေသည်။ နှင်းမြပင် ဤမျှကြမ်းတမ်းသော မုန်းတိုင်းဒဏ်ကို တစ်သက်နှင့်တစ်ကိုယ် မမြင်ဖူးသဖြင့် မျက်လုံးလေးများဝိုင်းကာ ကြောက်ရွံ့ထိတ်လန့်နေလေပြီ။

"ကို . . . ကိုမောင် . . . နှင်း . . . နှင်းမြကြောက်တယ်"

"မကြောက်ပါနဲ့ နှင်းမြရယ် . . . လေရော,မိုးရော မကြာခင် ပြန်ငြိမ်သက်သွားမှာပါ၊ ရိုးမရဲ့မိုးကိုလည်း နှင်းမြကြုံဖူးသားပဲ . . . ဘာမှစိုးရိမ်စရာမရှိပါဘူး"

"နှင်း . . . နှင်းမြကြောက်တာတော့ အမှန်ပဲ၊ ဟို . . . တောင် . . . တောင်ပေါ်ကဘုရားလေး အခုလောက်ဆို ပြိုများပြိုကျသွားပြီလား မသိဘူးနော် ကိုမောင်"

"ဟာ . . . နှင်းမြရယ် . . . မပြောကောင်းမဆိုကောင်း"

"အို . . . မိုးနဲ့လေက ဒီလောက်ထန်နေတဲ့ဥစ္စာ၊ တစ်ရွာလုံး သစ်ပင်တွေတောင် ကျိုးပဲ့လဲပြိုနေတာ ကို . . . ကိုမောင်လည်း ကြားသားပဲ"

နှင်းမြ၏မျက်ဝန်းတွေက လှုပ်ခါနေသော မီးမှောင်မှိန်မှိန်အောက်၌ အမှန်တကယ်ပင် စိုးရိမ်ရိပ်တွေလွှမ်းနေ၏။ နှင်းမြတွေးမိသကဲ့သို့ လှမောင်လည်း တွေးမိပါလေသည်။





မနက်ကျလျှင်တော့ ရွာထဲမှာ မည်သည့်သတင်းကြားရမည်လဲတော့ မသိ။

ဤမျှသည်းထန်နေသော၊ ပြင်းထန်သော မိုးသက်မုန်တိုင်းကို လှမောင်လည်း ယခုအချိန်ထိ မကြုံဖူးပါ။ ကောင်းကင်တစ်ခုလုံး မှောင်မည်းနေပြီး လျှပ်စစ်တွေ တဝင်းဝင်းတပြက်ပြက် . . . မိုးကြိုးပစ်သံတွေကလည်း တကျိန်းကျိန်းတဝုန်းဝုန်း ဆူညံနေလေ၏။

ဆင်ဝပ်တောင်ဘုရားလေးသည် အတန်ငယ်မြင့်သောတောင်ပေါ်၌ တည်ရှိနေသဖြင့် ဤမျှကြမ်းတမ်းရိုင်းစိုင်းစွာတိုက်ခတ်နေသော မိုးသက်မုန်တိုင်းဒဏ်၊ လေပြင်းဒဏ်ကို ခံနိုင်ပါမည်လားမသိချေ။ အမှန်တော့ သူလည်း နှင်းမြစိုးရိမ်သကဲ့သို့ပင် စိုးရိမ်မိတာ အမှန်။

သည်နောက် ဟုတ်သည်,မဟုတ်သည်တော့မသိချေ . . .

လှမောင်တို့ငယ်စဉ်က ရွာထဲရှိသက်ကြီးရွယ်အိုများ ပြောဆိုနေသံ ကြားဖူးသည်။ ယင်းဆင်ဝပ်တောင်ဘုရားလေးသည် ရှေးဟောင်းစေတီငယ် ဖြစ်သကဲ့သို့ ဌာပနာရတနာများလည်း မြောက်မြားစွာတည်ရှိနေသည်ဆိုသော သတင်းစကားပင်ဖြစ်သည်။

ဟုတ်,မဟုတ် သေချာ,မသေချာတော့ လှမောင်လည်း ဂဃနဏ မသိပါချေ။

တစ်ခါကလည်း အခြားရွာတစ်ရွာမှ ရှေးဟောင်းပစ္စည်းများ လိုက်လံခိုးယူသူလူတစ်စုသည် ယင်းဆင်ဝပ်တောင်စေတီလေးအား ဖောက်ထွင်းရန် ကြံစည်ကြပါသော်လည်း မအောင်မြင်ဟု ကြားသိရသည်။

ဘုရားကို ဖောက်ထွင်းလက်စဖြင့် လေကြီးမိုးကြီးကျကာ အမျိုးအမည်မသိသော မြွေကြီးများထွက်လိုက်၍ ဌာပနာဖောက်ရန် ကြံစည်သူများ ခွေးပြေးဝက်ပြေး ထွက်ပြေးသွားကြရသည်။ ဒါသည် လှမောင်တို့ငယ်စဉ်က ကြားဖူးခဲ့သော ဆင်ဝပ်တောင်ဘုရားလေးနှင့်ပတ်သက်သော ယုံတမ်းစကား တစ်ခုပင်ဖြစ်လေသည်။

ယခုလည်း အမှန်ပြောလျှင် လှမောင်သည် နှင်းမြကဲ့သို့ပင် ဆင်ဝပ်



www.burmeseclassic.com

www.burmeseclassic.com



တောင်ဘုရားလေးအတွက် စိုးရိမ်စိတ်တွေဝင်နေရတာ အမှန်ပင်ဖြစ်လေသည်။

ဤမျှကြမ်းတမ်းသော မိုးသက်မုန်တိုင်းဒဏ်ကို ဆင်ဝပ်တောင်ဘုရားလေးသည် ကြံ့ကြံ့ခံနိုင်မည်လား မသိပေ . . .

'ဝေါ . . ဒလိမ်း'

'ဖြောင်း'

လှမောင်၏တဲလေးပင် ငြိမ့်ခနဲ သိမ့်ခနဲ ခါဆင်းသွားပြန်သည်။

မိုးနှင့်လေသည် စောစောကထက်ပင်ပို၍ ကြမ်းရှလာသည်ဟု ထင်မြင်နေမိသည်။ အချိန်ကလည်း တဖြည်းဖြည်း ညဉ့်နက်သန်းခေါင်ပင် ကျော်လွန်လာခဲ့လေပြီ။

ယခုလောက်ဆို ရိုးမပေါ်က စီးဆင်းလာသော တောင်ကျချောင်းရေသည် သူတို့ရွာကလေးကိုပင် ဖုံးလွှမ်းသွားလေပြီလားမသိပေ။ နားထဲမှာ တောင်ကျချောင်းရေပြိုဆင်းသံတွေပင် မိုးသံလေသံကြားကနေ တဝေါဝေါကြားနေရသလိုထင်မိသည်။

"ကို . . . ကိုမောင်ရယ် . . . နှင်းမြကြောက်လိုက်တာ"

"ခဏကြာ တိတ်သွားမှာပါ နှင်းမြရယ်"

နှင်းမြအား ဖက်ပွေ့၍ ပြောလိုက်ရပါသော်လည်း လှမောင်ကိုယ်တိုင်ပင် ဒီမုန်တိုင်းသည် မည်သည့်အချိန်မှ ရပ်တန့်သွားမည်မှန်း မခန့်မှန်းတတ်ပေ . . .။

ပတ်ဝန်းကျင်တစ်ခုလုံး မိုးသံလေသံတွေသည် တရှောတစ်ကောင်နှယ် အော်ဟစ်ညည်းတွားနေဆဲ . . .၊

လျှပ်စီးလျှပ်ပန်းခက်နွယ်များလည်း တဝိုးဝိုး တဝင်းဝင်း လင်းပြက်ဆဲ၊ မိုးကြိုးပစ်သံများကလည်း ကျယ်လောင်စွာ ထစ်ချုန်းဆဲ။

❒ ❖ ❒



အပိုင်း (၂)

ဆားပုလင်းထက်ကောင်း မှန်ကျောက်လာခြင်း

တစ်နေ့သ၌ ကျွန်ုပ်သည် မိုးလင်းလာသည်နှင့် မည်သည့်အလုပ်ကိုမျှ မယ်မယ်ရရလုပ်ကိုင်စရာမရှိသဖြင့် ကျွန်ုပ်၏မိတ်ဆွေကြီးဖြစ်သူ ဆားပုလင်းထက်ကောင်းထံသို့သွားရန် အဝတ်အစားလဲလှယ်နေလေ၏။ ကျွန်ုပ်၏အမည်မှာ အိုင်ပီရဲထွန်းဖြစ်ပြီး အင်းစိန်စီအိုင်ဒီစုံထောက်ဌာနကြီး၌ အမှုထမ်းနေသူလည်းဖြစ်လေသည်။

ယနေ့သည် တနင်္ဂနွေရုံးပိတ်ရက်လည်းဖြစ်သလို ကျွန်ုပ်အတွက် တစ်လအတွင်း ဖြစ်ပွားပေါ်ပေါက်ခဲ့သည့် ရီပို့တ်ခေါ် အမှုတွဲအစီရင်ခံစာများကိုလည်း လွန်ခဲ့သည့်သုံးရက်နေ့ကပင် စုံထောက်မင်းကြီးစတီးဝပ်ထံသို့ ပြည့်စုံစွာပေးပို့ပြီးဖြစ်၍ လူမှာ အားလပ်၍နေပေသည်။

ယင်းအပြင် ယခု ကျွန်ုပ်နေထိုင်ရာ ကျောက်မြောင်း ဗျိုင်းရေအိုးစင်ရပ်မှ ကျွန်ုပ်အား လွန်စွာပင် အမြဲတစေ မြည်တွန်တောက်တီးလေ့ရှိသော ခန္ဓာကိုယ်ကြီးမှာ ဆင်တစ်ကောင်ပမာ ကြီးမားလှပါသော်လည်း ကျွန်ုပ်၏ စီအိုင်ဒီမှရသော စုံထောက်လစာငွေများကို အဝတ်အထည်သစ်များ၊ လုံချည် အင်္ကျီအဆင်ဆန်းများကို ဈေးသို့သွားကာ ဝယ်ယူဝတ်ဆင်ဖို့လောက်သာ အမြဲတစေ တွေးတောစဉ်းစားနေတတ်သော၊ ဘဲဥချဉ်ရည်ဟင်းနှင့် ကြက်ဥကြော်ကိုသာ ကောင်းစွာချက်ပြုတ်ကြော်လှော်တတ်သော၊ ရုံဖန် ကျွန်ုပ်၏ စီအိုင်ဒီ



www.burmeseclassic.com

www.burmeseclassic.com



စုံထောက်မင်းကြီး ဂျွန်စတီးဝပ်ထက်ပင် ကြောက်လန့်ရသော ကျွန်ုပ်၏ဇနီးသည်ဖြစ်သူ . . . ကျွန်ုပ်၏အပေါင်းအသင်း ရောင်းရင်းများဖြစ်ကြသည့် စုံထောက်ကျော် ကိုအောင်လင်း၊ သွားခေါ်တင်စိန်၊ မျောက်ဝံကြီးမြတ်နှင်းတို့ကပင် ခင်သန္တာသက်ချိုပြီးဟု မကြားတကြားထွေဝေ့လှောင်ပြောင်ခြင်းခံရသူ ချစ်ဇနီး ခင်ခင်ကြီးမှာ သူ၏မိဘဆွေမျိုးများရှိရာ မကွေးမြို့လေးသို့ အလည်အပတ်ပြန်နေသောကြောင့်လည်း ဖြစ်လေ၏။

ဒီအတွက်လည်း ကျွန်ုပ်မှာ နေ့စဉ် ရုံးစတင်တက်သည်နှင့် ညနေရုံးဆင်းချိန်ရောက်သည်ထိ တစ်နေကုန် . . . ကျွန်ုပ်တို့ စီအိုင်ဒီစုံထောက်ဌာနကြီးရှိ အရာရှိစုံထောက်များအား မြည်တွန်တောက်တီးပြီး အပြစ်တင်ကြိမ်းမောင်းနေတတ်လေ့ရှိသည့် စုံထောက်မင်းကြီး၏အခန်းထဲမှ လွတ်မြောက်ခွင့်ရသူကဲ့သို့ စိတ်အစုံသည် လွတ်လပ်ပေါ့ပါးနေမိတာ အမှန်ပင်ဖြစ်လေသည်။

ထို့ကြောင့်လည်း ကျွန်ုပ်သည် ဒီမနက် အိပ်ရာကနိုးလျှင်နိုးချင်း ကျွန်ုပ်၏မိတ်ဆွေကြီး ဆားပုလင်းကိုထက်ကောင်းအား ဦးစွာ သတိရလိုက်မိခြင်းပင် ဖြစ်လေ၏။ ကိုထက်ကောင်းနှင့် ကျွန်ုပ်တို့ မတွေ့ဆုံကြသည်မှာ သုံးလခန့်ပင်ရှိခဲ့လေပြီဖြစ်၏။

အကြောင်းမှာ ကိုထက်ကောင်းသည် လွန်ခဲ့သော သုံးလခန့်လောက်က သဃန်းကျွန်းဘက်၌ဖြစ်ပွားခဲ့သော လူသတ်မှုတစ်ခုတွင် သဃန်းကျွန်းဌာနအုပ် ဦးထွေးမောင်ကို သဃန်းကျွန်းရဲဌာနမှာပင် လက်သီးဖြင့် တစ်ချက်တည်းပုံလဲကျသွားအောင် ထိုးပစ်ခဲ့သဖြင့် စီအိုင်ဒီစုံထောက်မင်းကြီး ဂျွန်စတီးဝပ်က ဆားပုလင်းကိုထက်ကောင်းအား မြန်မာနိုင်ငံ၏အထက်ပိုင်းကျသော ရွှေဘိုနယ်ရှိ ဂါတ်တစ်ခုသို့ အပြစ်ပေးသည့်အနေဖြင့် ပို့ဆောင်ထား၍ပင်ဖြစ်၏။

ကိုထက်ကောင်း ရွှေဘိုနယ်ရှိ အစွန်အဖျားရဲဌာနလေးသို့ ရောက်ရှိနေသည့်သုံးလတာကာလအတွင်း စီအိုင်ဒီသို့ ခက်ခဲနက်နဲသောအမှုကြီးများ တက်ရောက်မလာပါစေနဲ့ဟုသာ ကျွန်ုပ်နှင့် မျောက်ဝံကြီးမြတ်သင်းတို့မှာ နေ့စဉ်ဆုတောင်းနေခဲ့ကြရသည်။

တော်ပေသေး၏။ ကိုထက်ကောင်း စီအိုင်ဒီ၌ ရှိမနေသည့်ကာလ





အတွင်း ကျွန်ုပ်တို့မှာ ပြည့်တန်ဆာမှု၊ ယစ်မျိုးအမှု၊ ရိုက်မှု၊ ခိုးမှု စသော အမှုအခင်းအသေးလေးများကိုသာ ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်ဟု ဆိုရပေမည်။ ကျွန်ုပ်တို့ ဆုတောင်းပြည့်ပေ၏။

မတော်တဆ ရာကြိုးဟု ပုလိပ်အခေါ် အမှုအခင်းကြီးများ ရောက်ရှိလာပါက ကျွန်ုပ်တို့စီအိုင်ဒီအရာရှိအချို့မှာ ဒုက္ခတပျားတုပ်သကဲ့သို့ စုံထောက်မင်းကြီးစတီးဝပ်၏ အချိန်နှင့်အမျှ အပြစ်တင်ဆူပူ ငေါက်ငန်းဆဲရေးမှုများအား နေ့စဉ်နေ့တိုင်း စိတ်အိုက်စွာ ခံစားရဖွယ်ရှိလေ၏။

တကယ်မရှက်တမ်း ဝန်ခံရမည်ဆိုလျှင် ကျွန်ုပ်တို့စီအိုင်ဒီအဖွဲ့ကြီးသည် ခက်ခဲနက်နဲသော၊ လက်သည်မပေါ်နိုင်သော ဓားပြမှုကြီးများ၊ လူသတ်မှုကြီးများကို ရက်ပိုင်းလပိုင်းအတွင်း လျင်မြန်စွာ ဖော်ထုတ်ဖမ်းဆီးနိုင်ခြင်းမှာလည်း စုံထောက်မင်းကြီးဂျွန်စတီးဝပ်မှစ၍ စီအိုင်ဒီအရာရှိများဖြစ်သော ကျွန်ုပ်အပါအဝင် စုံထောက်အရာရှိများ၏ အရည်အချင်းစွမ်းဆောင်ချက်များကြောင့် မဟုတ်ပေမှုဘဲ ကျွန်ုပ်တို့ စီအိုင်ဒီစုံထောက်ဌာနကြီးမှာ တာဝန်ထမ်းဆောင်နေသည့် ဆားပုလင်းထက်ကောင်း၏ အရည်အချင်းစွမ်းဆောင်ရည်များကြောင့်သာဖြစ်ကြောင်း ကျွန်ုပ် မကွယ်မဝှက် မရှက်စတမ်း ဝန်ခံလိုပေ၏။

ယင်းကြောင့်လည်း အမှုထမ်းကောင်းဆုများ မကြာခဏ ရလေ့ရှိသည့် ဆားပုလင်းထက်ကောင်းကို စီအိုင်ဒီစုံထောက်ဌာနတစ်ခုလုံးက ဂစ်ခတက် ဘုရားသခင်ပေးသောလက်ဆောင်ဟု တင်စားညွှန်းခေါ်ကြခြင်းဖြစ်လေသည်။ တကယ်လည်း ကိုထက်ကောင်းမှာ ယင်းဘွဲ့ထူးဖြင့် ထိုက်တန်သူဖြစ်သည်ဟု ကျွန်ုပ် ယုံကြည်လက်ခံထား၏။

ကျွန်ုပ်သည် အဝတ်အစားလဲလှယ်ပြီး၍ ကျွန်ုပ်နေသော အခန်းကနေ လှေကားအတိုင်း အောက်ထပ်သို့ဆင်းလာပြီး တိုက်အောက်၌ တစ်ညလုံးရပ်ထားသည့် ကျွန်ုပ်ပိုင် အော်စတင်ကားနက်ကလေးပေါ်သို့တက်ကာ မောင်းထွက်ခဲ့လေတော့၏။

ကျွန်ုပ်၏ကားနက်ကလေးဦးတည်ရာကား ဗဟန်း ဝွတ္တလစ်ရှ်မန်ရဝေလမ်း အမှတ် (၅၉) ၌ ပျဉ်ထောင်အိမ်ကြီးတစ်လုံးဖြင့် တစ်ကိုယ်တည်း



www.burmeseclassic.com

www.burmeseclassic.com

နေထိုင်နေသူ ဆားပုလင်းထက်ကောင်းဆီသို့ပင် ဖြစ်၏။ ကိုထက်ကောင်း လွှန်ခဲ့သည့်သုံးရက်ခန့်ကပင် ရွှေဘိုဂါတ်ကနေ ပြန်ရောက်ရှိလာပြီမှန်း ကျွန် သတင်းရရှိထားပြီးဖြစ်လေ၏။

ဒါကြောင့်လည်း ဒီနေ့ တနင်္ဂနွေနေ့ အလုပ်အားသည့်နေ့ ဖြစ်သ မတွေ့ရတာကြာပြီဖြစ်သော မိတ်ဆွေကြီး ဆားပုလင်းကိုထက်ကောင်းနှ ဂွတ္တလစ်၊ မင်းလမ်းထိပ်ရှိ နာမည်ကြီး ကာကာလက်ဖက်ရည်ဆိုင်၌ အာလူ ပူရီစားပြီး စကားတွေတမေ့တမောပြောမည်ဆိုသော စိတ်ကူးဖြင့် ထွက်လာ ခြင်း ဖြစ်လေ၏။

ကျွန်ုပ်၏ကားကလေးမှာ အချိန်အနည်းငယ်တွင်းမှာပင် ဂွတ္တလစ် ရှိ မုန်ရဝေလမ်းသို့ ရောက်ရှိလာလေသည်။ ကျွန်ုပ်၏ကားလေးက ကိုထ ကောင်းနေထိုင်ရာ နှစ်ထပ်အိမ်မည်းကြီးရှေ့သို့ရောက်သောအခါ အပေါ်ထ ထောင့်ဆုံးအခန်းရှိ ပြတင်းတံခါးချပ်လေးမှာ အတန်ငယ်ပွင့်ဟနေသည် တွေ့မြင်လိုက်ရသောကြောင့် ကျွန်ုပ် အလွန်ဝမ်းသာသွားရလေ၏။

ယင်းအမှတ်အသားမှာ ကိုထက်ကောင်းရှိနေသည်ဟူသော ကျွန်ုပ် ချင်းသာသိသည့် ဆက်သွယ်မှုတစ်ခုဖြစ်လေ၏။ ကျွန်ုပ်သည် ကားထက်မှဆ က နှစ်ထပ်အိမ်မည်းကြီးရှိရာသို့ လှမ်းလျှောက်သွားလိုက်ပြီးလျှင် တံခါး ခေါက်မည့်အပြုတွင် . . .

"တံခါးက စေ့ရုံစေ့ထားတာပါ အိုင်ပီ . . . တွန်းဖွင့်ပြီး ဝင်လာခဲ့ပါဗျ"

ဟု အတွင်းဘက်မှနေ၍ အောင်မြင်ခန့်ညားသော ဆားပုလ ကိုထက်ကောင်း၏အသံကို ကြက်သီးမွေးညင်းများထကာ ကြားလိုက်ရ တော့၏။

ကျွန်ုပ်သည် ကိုထက်ကောင်း၏အသံကို ကြားလိုက်ရသဖြင့် ဝမ်းသ အားရပင် စေ့ရုံစေ့ထားသည့် ကျွန်းတံခါးရွက်မည်းကြီးအား လျှင်မြန်စွာ တွ ဖွင့်၍ ဝင်လိုက်မိလေတော့၏။

တံခါးကြီးပွင့်သွားသဖြင့် အပြင်ဘက်ဆီကနေ နေရောင်ခြည်အလ တို့ ဖြာကျဝင်ရောက်လာသောကြောင့် အောက်ထပ်ဧည့်ခန်းရှိ ကျွန်းကုလား





တွင် လျှော့မှီစွာထိုင်လျက် ခြေထောက်နှစ်ဖက်ကို ရှေ့ရှိစားပွဲခုံပေါ်သို့ ဆန့် တင်လျက် သတင်းစာဖတ်နေသော ကိုထက်ကောင်းအား တွေ့လိုက်ရလေ၏။

ကျွန်ုပ်အား မြင်တွေ့လိုက်ရသဖြင့် ကိုထက်ကောင်းသည် စားပွဲပေါ် ကနေ တင်ထားသောခြေထောက်အား ပြန်ရုပ်ကာ ကုလားထိုင်တွင် သေချာစွာ ထိုင်လိုက်လေသည်။ ပြီးလျှင် ကျွန်ုပ်အား လှမ်းကြည့်လိုက်ပြီးလျှင် . . .

"အိုင်ပီ . . . ဒီမနက် မင်းလမ်းထိပ်က ကာကာဆိုင်မှာ အာလူးပူရီ နံပြားနဲ့စားပြီး ကာကာဆိုင်က နွားနို့သောက်ချင်လို့ ကျုပ်ဆီကို ရောက်လာပုံ ရတယ်"

ဟု ကျွန်ုပ်၏လာရင်းကို အပ်ကျမပ်ကျသိနေသလို ဆိုလေ၏။ ထို အခါ ကျွန်ုပ်က . . .

"ဟဲ ဟဲ . . . အဲဒါလည်းပါသလို အဓိက,က ကိုထက်ကောင်း ရွှေဘိုဂါတ်မှာတွေ့သမျှ ကြုံခဲ့သမျှတွေကိုလည်း နားထောင်ချင်တာလည်း ပါတာပေါ့ဗျာ"

ဟု ကုလားထိုင်၌ ဝင်ထိုင်ရင်း ရယ်ကျဲကျဲပြောလိုက်မိလေ၏။

ထိုအခါ မိတ်ဆွေကြီး ဆားပုလင်းကိုထက်ကောင်းသည် သူ၏မှုိင် မခိုးမခန့်အပြုံးလေးတစ်ခုကို နှုတ်ခမ်းထောင့်စွန်းလေး တွန့်ရုံမျှ တွန့်ပြုံးလိုက် ပြီးလျှင် ကျွန်ုပ်အား . . .

"ရွှေဘိုဂါတ်က ကျုပ်အတွက် အလွန်တရာမှပဲ ပျင်းရိငြီးငွေ့ဖွယ် ကောင်းတဲ့ ဂါတ်တစ်ခုပါဗျာ၊ ရွှေဘိုနယ်က လူဆိုးလူမိုက်တွေ ဆိုတာကလည်း နွားခိုးမှု၊ ဓားပြမှုလေးတွေလောက်သာ မိုက်ဝံ့တဲ့ လူမိုက်တွေဆိုတော့ ကျုပ် အတွက် သုံးလလုံးလုံး ပျင်းရိစွာပဲ နေခဲ့ရတယ်ဆိုပါတော့ အိုင်ပီ"

ဟု တည်ငြိမ်အေးဆေးစွာပင် ပြောလိုက်လေတော့၏။ စကားဆုံး သည်နှင့် ဆားပုလင်းထက်ကောင်းက ကျွန်ုပ်အား သူ၏လက်ထဲမှ သတင်းစာ ကို လှမ်းပေးလိုက်ရင်း . . .

"ဒီမနက် တာမွေအိုင်းထောင့်က သတင်းစာသမားလေး ကုလား မှုတူးဆီက ဝယ်လာခဲ့တဲ့ သံတော်ဆင့်သတင်းစာပဲဗျ အိုင်ပီ၊ အဲဒီထဲမှာ



www.burmeseclassic.com

www.burmeseclassic.com

ရခိုင်ဘက်က သတင်းထောက်တစ်ယောက်ရေးထားတဲ့ သတင်းလေးတစ်ပုဒ်ကို စိတ်ဝင်စားလို့ ဖတ်နေတာဗျ''

''ဘာသတင်းမို့လို့လဲဗျ ... ကိုထက်ကောင်းလိုလူကတောင် စိတ်ဝင်စားတယ်ဆိုတော့ တော်တန်ရုံသတင်းတော့ မဟုတ်နိုင်ပေဘူး ထင်တယ်''

ဟု ကျွန်ုပ်က ပြောလိုက်လေလျှင် ကိုထက်ကောင်းသည် ထုံးစံအတိုင်း သူ၏ကုတ်အင်္ကျီအိတ်တွင်းက သံဘူးစီးကရက်ကိုထုတ်ယူကာ နှုတ်ခမ်းထောင့်စွန်းမှာတပ်ဆင်လိုက်ပြီး ဂျွန်ဆင်မီးခြစ်လေးဖြင့် လုပသေသပ်လှစွာ ထောက်ခနဲ မီးညှိဖွာရှိုက်လိုက်လေ၏။ ပြီးလျှင် ကျွန်ုပ်အား ...

''သတင်းကို အရင်ဖတ်ကြည့်ပါဦး အိုင်ပီ၊ အနောက်ဘက်က ကြော်ငြာစာမျက်နှာနဲ့ကပ်လျက် စာမျက်နှာခြောက် အပေါ်ကော်လံထောင့်က သတင်းလေးတစ်ပုဒ်ပါ ... ထူးတာတော့ အမှန်ပဲ''

ဟု တစ်ခွန်းချင်းပြောလိုက်လေလျှင် ကျွန်ုပ်သည် ဆားပုလင်းကိုထက်ကောင်းပြောသည့် စာမျက်နှာနှင့်ကော်လံပါ သတင်းတစ်ပုဒ်အား ဖတ်ရှုလိုက်မိလေတော့၏။

သတင်းမှာ အတော်ထူးဆန်းလွန်းလှလေသည်။ မည်သည့်အတွက်ကြောင့်ဆိုသော် ကျွန်ုပ်၏ဘဝတစ်သက်တာမှာ ဤမျှ အံ့သြဖွယ်ထူးဆန်းဖွယ် သတင်းကို ယခုမှပင် တစ်ကြိမ်မျှသာ ဖတ်ဖူးမိသောကြောင့်ပင် ဖြစ်လေသတည်း။

သတင်းမှာ ရခိုင်ရိုးမခေါ် အနောက်ရိုးမဖြင့် ဆက်လျက်တည်ရှိနေသော မြို့ငယ်လေးတစ်မြို့မှာ ကျွဲမကြီးတစ်ကောင်ကနေ လူသားကလေးငယ်တစ်ဦး မွေးဖွားသည်ဟူသော သတင်းထူး သတင်းဆန်းတစ်ပုဒ်ပင် ဖြစ်လေ၏။ သတင်းထဲ၌ ယင်းသို့ အမျိုးဇာတ်မတူသော အဟိတ်တိရစ္ဆာန်တစ်ကောင်ကနေ့ လူသားကလေးငယ်တစ်ဦး မွေးဖွားသည်ဟူသောသတင်းကြောင့် ကြည့်ရှုသူလူများဖြင့် တရုံးရုံး စည်ကားနေသည်ဟုလည်း ဖော်ပြထားလေသည်။

ကျွန်ုပ်သည် သတင်းကိုဖတ်ပြီးချိန်တွင် ကိုထက်ကောင်းသည် ထိုင်နေရာက ထရပ်လိုက်ပြီးလျှင် ...





''ကဲ ... အိုင်ပီ ... ခင်ဗျားလည်း အိပ်ရာကနိုးနိုးချင်း ကျုပ်ဆီတန်းလာခဲ့ရတာဆိုတော့ ဆာလောင်နေရောမယ်၊ ခုလိုအချိန်မှာ ကာကာဆိုင်က အာလူးပူရီပူပူလေးနဲ့ နွားနို့တစ်ခွက်လောက် သောက်လိုက်ရင် အကောင်းဆုံးပဲ၊ ကျုပ်လည်း အိုင်ပီလာမှ ကာကာဆိုင် ထွက်မယ်ဆိုပြီး သတင်းစာဖတ်ပြီး ထိုင်စောင့်နေတာပဲ''

ဟု ဆိုလိုက်လေလျှင် ကျွန်ုပ်က တအံ့တသြဖြင့် မျက်ခုံးပင့်လိုက်ကာ ...

''အလို ... ကိုထက်ကောင်း ... ခင်ဗျားပြောပုံက ဒီမနက် ခင်ဗျားဆီကို ကျုပ် ရောက်လာလိမ့်မယ်မှန်း အပ်ကျမပ်ကျသိထားတဲ့ ပုံပါလားဗျ''

''ဒါက ဘာများထူးဆန်းလို့လဲ အိုင်ပီရာ ... ဒီနေ့က တနင်္ဂနွေလေ၊ စီအိုင်ဒီရုံးပိတ်ရက် ဖြစ်တယ်၊ ပြီးတော့ ခင်ဗျားရဲ့ ချစ်ဇနီးလေး ခင်သန္တာ သက်ချိုပြီးကလည်း ခင်ဗျားရဲ့ယောက္ခမတွေရှိရာ အညာကို ခွေပြမျိုးပြပြန်နေတာ ဆယ့်ငါးရက်ရှိပြီမဟုတ်လား၊ ဒီတော့ ခင်ဗျားက မနက်မိုးလင်းတာနဲ့ ဘာမှလုပ်စရာ,ကိုင်စရာ မယ်မယ်ရရမရှိတော့, ကျုပ် ရွှေဘိုကနေ ပြန်ရောက်လာတာလည်း သိနေပြီဆိုတော့ ကျုပ်နဲ့လက်ဖက်ရည်သောက်ပြီး တွေ့ရာလေးပါး စကားပြောဖို့လာမယ်ဆိုတာ ကျုပ်ခန့်မှန်းမိပြီးသားပါ၊ ကျုပ်တို့ရဲ့မိတ်ဆွေကြီး အိုင်ပီမြတ်သင်းကလည်း သူ့အိမ်မှာ နယ်ကရောက်လာတဲ့ ယောက္ခမနဲ့ခယ်မတွေအတွက် အလုပ်ရှုပ်နေတော့ ခင်ဗျား ကျုပ်ဆီကိုပဲ တန်းပြီးတော့ လာရတော့မှာပေါ့ဗျာ''

ဟု တည်ငြိမ်အေးဆေးစွာပင် ပြောလိုက်သဖြင့် ကျွန်ုပ်မှာ ဆားပုလင်းကိုထက်ကောင်းအား မည်သည့်စကားမျှ ခွန်းတုံ့မပြန်နိုင်တော့ဘဲ ပခုံးနှစ်ဖက်ကို အသာအယာတွန့်လိုက်မိလေတော့၏။

အိမ်ရှေ့တွင်ရပ်ထားသည့် ကျွန်ုပ်၏ အော်စတင်ကားနက်လေးရှိရာ ရောက်၍ ကျွန်ုပ်က ကားတံခါးဖွင့်ဝင်ထိုင်လိုက်လျှင် ကိုထက်ကောင်းကလည်း တစ်ဖက်မှဝင်ထိုင်လိုက်၏။

ကိုထက်ကောင်းဝင်ထိုင်ပြီးသည်နှင့် ကျွန်ုပ်သည် ကားလေးကို တာ



www.burmeseclassic.com

 www.burmeseclassic.com

မွေအဝိုင်းဘက်ဆီသို့ ညင်သာစွာမောင်းထွက်လာခဲ့လေသည်။ ကျွန်ုပ်သည် ကားမောင်းနေရင်းက ကျွန်ုပ် အလွန်အမင်းသိချင်နေသောကိစ္စအတွက် ကိုထက်ကောင်းအား မေးရန်လှည့်ကြည့်လိုက်သည်တွင် ...

"ဘာလဲ အိုင်ပီ ... စောစောက သတင်းစာထဲပါလာတဲ့ ကျွဲမကြီးကနေ လူသားကလေးမွေးတယ်ဆိုတဲ့သတင်းက ဖြစ်နိုင်, မဖြစ်နိုင် မေးမလို့ မဟုတ်လား။ အဲဒါဟာ လိမ်လည်မှုကြီးတစ်ခုကို ကျူးလွန်ဖို့ လူတစ်စု ... ဒါမှ မဟုတ် လူနှစ်ယောက်က စနစ်တကျစီစဉ်ဖန်တီးတဲ့ လိမ်လည်မှုကြီးတစ်ခုပဲဗျ အိုင်ပီ၊ တစ်ခုပဲရှိတယ် ... အဲဒီလိမ်လည်မှုကနေစပြီး ကြီးမားတဲ့ရာဇဝတ်မှုကြီးတွေ မဖြစ်ပေါ်လာပါစေနဲ့လို့ ဆုတောင်းနေရတော့မှာပဲ အိုင်ပီ"

"ဘယ်လို ကိုထက်ကောင်း ... လိမ်လည်မှု .. ဟုတ်လား"

"ဟုတ်တယ် အိုင်ပီ ... လိမ်လည်မှုစစ်စစ်ပဲ၊ အတိအကျဆိုရင် သေချာစနစ်တကျ စီစဉ်ဖန်တီးထားတဲ့ လိမ်လည်မှုကြီးတစ်ခုပဲဗျ၊ အဲဒီကိစ္စအပြင် နောက်ဆက်တွဲကိစ္စတွေ ကျုပ်တို့စီအိုင်ဒီကို ရောက်မလာပါစေနဲ့လို့ ဆုတောင်းရမှာပဲ အိုင်ပီ"

ကျွန်ုပ်တို့၏ကားကလေးသည် ဝွတ္တလစ် မင်းလမ်းထိပ်ရှိ ကာကာ လက်ဖက်ရည်ဆိုင်ရှေ့သို့ ရောက်ရှိလာလျှင် ကျွန်ုပ်သည် ကားကလေးအား ရပ်တန့်လိုက်လေ၏။

ကျွန်ုပ်နှင့်ကိုထက်ကောင်းတို့နှစ်ဦးသားသည် ကားတံခါးဖွင့်ကာ ဆင်းလိုက်မိသည်နှင့် ကာကာဆိုင်ထဲမှ မွှေးပျံ့သော ပဲဟင်းရည်အနံ့လေးသည် ကျွန်ုပ်တို့၏နှာဝသို့ လာရောက်ကလူကျီစယ်လေတော့၏။

ကျွန်ုပ်၏ဝမ်းဗိုက်သည် ယခုမှပင် ပို၍ဆာလောင်မွတ်သိပ်လာလေတော့သတည်း။

❒ ❖ ❒



## တိုးကြောင်ကလေး၏ လူသတ်မှုကြီး

ကျွန်ုပ်နှင့် ဆားပုလင်းထက်ကောင်းတို့ တွေ့ဆုံပြီး နောက်တစ်နေ့တွင် ကျွန်ုပ်လည်း အင်းစိန်စီအိုင်ဒီရုံးကြီးသို့ ရုံးပြန်လည်၍တက်ရောက်ရလေတော့၏။ ဆားပုလင်းထက်ကောင်းမှာမူ စီအိုင်ဒီရုံးဝန်းကြီးတွင်းရှိ စုံထောက်မင်းကြီးဂျွန်စတီးဝပ်ထံ တစ်ကြိမ်သာ လာရောက်တွေ့ဆုံသွားပြီး ဆားပုလင်းထက်ကောင်း၏အရိပ်အခြည်ကို ရင်းနှီးသောကျွန်ုပ်ပင်လျှင် ထပ်မံ၍မမြင်တွေ့ရတော့ပါချေ။

ဤအဖြစ်အပျက်များသည် ကျွန်ုပ်နှင့် အိုင်ပီမြတ်သင်းတို့အတွက်မူ သိပ်ထူးခြားသောအဖြစ်မျိုး မဟုတ်ပါချေ။ မည်သည့်အတွက်ကြောင့်ဆိုသော် ဆားပုလင်းထက်ကောင်းဆိုသူမှာ ကျွန်ုပ်တို့ပင် မဆိုထားနှင့် ... စီအိုင်ဒီ စုံထောက်မင်းကြီး မစ္စတာဂျွန်စတီးဝပ်ပြောသောစကားကိုပင် နာခံချင်မှ နာခံတတ်သူတစ်ဦးပင်ဖြစ်မှန်း သူ၏အကျင့်စရိုက်များအား သိထား၍ပင်ဖြစ်လေသတည်း ...။

ဆားပုလင်းထက်ကောင်းသည် ယခုအချိန်၌ ရန်ကုန်မြို့ဆင်ခြေဖုံး အရပ်ရှိ မည်သည့်နေရာ၊ မည်သည့်အရပ်ရောက်ရှိနေကြောင်း ကိုထက်ကောင်းကိုယ်တိုင်မှလွဲ၍ မည်သူကမျှ တပ်အပ်သေချာစွာ ပြောဆိုနိုင်လိမ့်မည် မဟုတ်ပါချေ။ ဘုရားသခင်မှလွဲ၍လည်း မည်သူမျှ မပြောနိုင်။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်ဆိုသော် ဆားပုလင်းထက်ကောင်းသည် တစ်ခါတစ်ရံ တစ်လကိုးသီတင်း ညစ်ပတ်ပေရေလျက် ပုံသဏ္ဌာန်တစ်မျိုးမျိုးဖြင့် စီအိုင်ဒီ ရုံးခန်းသို့ ပြန်လည်ရောက်ရှိလာတတ်၍ပင် ဖြစ်လေ၏။

တစ်နေ့သ၌ ကျွန်ုပ်နှင့်အိုင်ပီမြတ်သင်းတို့မှာ လုပ်စရာအလုပ် မယ်မယ် ရရမရှိသဖြင့် ကျွန်ုပ်တို့၏စီအိုင်ဒီရုံးခန်းထဲ၌ ပြာတာမောင်စိန်အား ရုံးဝင်း ရှေ့ရှိ လက်ဖက်ရည်ဆိုင်ကနေ လက်ဖက်ရည်နှင့်မုန့်များ မှာယူစားသောက် ကြလျက် ကျွန်ုပ်တို့၏မိတ်ဆွေကြီး ဆားပုလင်းထက်ကောင်း၏ ဖော်ထုတ်ခဲ့ သော လွန်စွာထူးဆန်းသော၊ ခက်ခဲနက်နဲသော လူသတ်မှုကြီးများ၊ ဓားပြမှုများ အကြောင်း အာပေါင်အာရင်းသန်သန်ဖြင့် ပြောဆိုနေကြလေ၏။ ဤသည်မှာ လည်း ကျွန်ုပ်၏ ဝါသနာတစ်ခုပင်ဖြစ်ပေ၏။

ယင်းတို့အထဲတွင်မှ ကျွန်ုပ်ကိုယ်တိုင်လည်း ပါဝင်ပြီး ဆားပုလင်း ထက်ကောင်းဖော်ထုတ်ခဲ့သည့် လူသတ်မှုများစွာထဲမှ 'တစ်မူးတစ်ပြား ဘီလူး ဘုရား' အမှု၊ 'ရွှေလရောင်နှင့်ထူးဆန်းသောဓားပြမှုကြီး' အမှု၊ 'နေ့လနှစ်ပါး ဝတ်၏သိကြား' အစရှိသော အံ့သြထူးဆန်းဖွယ် လောကီပညာဂိုဏ်းကြီးကို မြန်မာနိုင်ငံတိဗက်နယ်ဖျားထိ လိုက်လံဖော်ထုတ်ရသော အတွေ့အကြုံများကို ပြောဆိုနေကြလေ၏။

'နေ့လနှစ်ပါးဝတ်သိကြား' အမည်ရှိသော လောကီပညာဂိုဏ်းကြီး ကို ဖော်ထုတ်ခဲ့ရစဉ်က ကျွန်ုပ်သည် အမှုအား အစမှအဆုံးတိုင် ကိုထက် ကောင်းနှင့်အတူ လိုက်ပါသွားခဲ့ရသဖြင့် လွန်စွာမှလည်း ထိတ်လန့်ကြောက်ရွံ့ ဖွယ်၊ လွန်စွာမှလည်း ရင်ခုန်ဖွယ်၊ လွန်စွာမှလည်း အံ့သြထူးဆန်းဖွယ်တို့အား ယခု အိုင်ပီမြတ်သင်းဖြင့် ပြန်လည်ပြောဆိုနေသည်အထိ မမေ့မပျောက် စွဲနစ် နေဆဲပင် ရှိပေသေးလေ၏။

*(ကျွန်ုပ်အိုင်ပီရဲထွန်းမှာ အင်းစိန်စီအိုင်ဒီစုံထောက်ဌာနကြီး တနေ အနားယူမည့်အချိန်သို့ရောက်လျှင် ကျွန်ုပ်၏ဝါသနာအရ စာ ရေးဆရာကောင်းတစ်ဦးအဖြစ် ရပ်တည်သွားမည်ဖြစ်၍ ကျွန်ုပ် စီအိုင် ဒီ၌ ဆားပုလင်းထက်ကောင်းနှင့်စတင်တွေ့ဆုံခဲ့သည့်အချိန်မှစကာ*





*ဆားပုလင်းထက်ကောင်းလိုက်ခဲ့သော၊ ဖော်ထုတ်ခဲ့သော အမှုတွဲများ စွာကို စနစ်တကျ တင်ကြို မှတ်တမ်းပြုထားခဲ့လေ၏။ ကျွန်ုပ် အလုပ် မှအနားယူ၍ အားလပ်သောအချိန်သို့ရောက်လျှင် ယင်း ဆားပုလင်း ထက်ကောင်းဖော်ထုတ်ခဲ့သော အမှုပေါင်းများစွာထဲကနေ ကျွန်ုပ်နှစ် သက်သဘောကျရာ အမှုကြီးများအား ဝတ္ထုကြီးများသဖွယ် စာဖတ် ပရိသတ်အား ပြန်လည်တင်ပြရေးသားမည်ဟု ရည်ရွယ်ထားပါလေ၏။*

*ဤကား စကားချပ်)*

ကျွန်ုပ်နှင့် အိုင်ပီမြတ်သင်းတို့ နှစ်ယောက်သား ဆားပုလင်းထက် ကောင်း၏ ယောက်ျားပီသပြီး တည်ငြိမ်ရင့်ကျက်မှု၊ အတွေ့အကြုံ ဗဟုသုတ ပြည့်စုံမှု၊ ရဲစွမ်းသတ္တိရှိမှု၊ ပါးနပ်ထက်မြက်လိမ္မာမှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယကြီးမားမှု၊ အရေးခံများအပေါ် ရေလိုမီးလိုကျွမ်းကျင်သုံးမှု အစရှိသော ရေးသားဖော်ပြ၍ ကုန်နိုင် ဖွယ်မရှိသည့် ဆားပုလင်းထက်ကောင်း၏ ကိုယ်ရည်ကိုယ်သွေးအရည်အချင်း များ အကြောင်းမှသည် မကြာမီ နောက်ဆုံးဖော်ထုတ်ခဲ့သော 'ငါးထပ်ကြီး ဘုရားအနီးမှ သုံးလောင်းပြိုင်လူသတ်မှုကြီး' အထိ မစားရဝခမန်း ပြောဆို နေမိကြလေ၏။

ကျွန်ုပ်တို့ မည်မျှကြာအောင်ပင် ပြောဆိုနေမိကြသည်တော့ မသိရ သော်လည်း ကျွန်ုပ်တို့၏ရုံးခန်းတွင်းသို့ ဆင်နားရွက်တံခါးအား ဖွင့်လျက် စီအိုင်ဒီစုံထောက်ရုံးကြီး၏ ပြာတာမောင်စိန် သေရေးရှင်ရေးကိစ္စတွေ့ကြုံ လာသူလို အပြေးတစ်ပိုင်းလှမ်းဝင်လာသည်ကို တွေ့လိုက်ရတော့မှ ကျွန်ုပ်က လှမ်း၍ . . .

"ဘာဖြစ်လာတာလဲ မောင်စိန် . . . လက်ဖက်ရည်ခွက်တွေ လာသိမ်း တာလား၊ ဒါများကွာ မင်းပုံစံက နောက်က ကျားလိုက်လာသလို ဖြစ်နေလေရဲ့"

"ကျား . . . ကျားဆိုရင် တော်သေးတာပေါ့ ဆရာရဲထွန်းရာ . . . ကျား က တောင်းပန်လို့ရချင်ရဦးမယ်၊ ခုဥစ္စာက ကျားထက်ဆိုးတဲ့ ရှင်ကြီးဗျ . . . ရှင်ကြီး"

"စကားကို ရှင်းရှင်းပြောစမ်းကွာ၊ ဘာလဲ . . . စီအိုင်ဒီမှာ မိုးမီးလောင်



www.burmeseclassic.com

www.burmeseclassic.com



နေလို့လား၊ မင်းကိုတွေ့လိုက်ရင် အမြဲတမ်းရုပ်ပျာရုပ်ပျာနဲ့"

အိုင်ပီမြတ်သင်းကပါ မျက်နှာထားတည်တည်နှင့် ဝင်ပြောက်လိုက်၍ ပြာတာမောင်စိန် မျက်နှာပိုးသတ်သွားပြီးလျှင် …

"ဟာဗျာ … ဆရာကိုမြတ်သင်းရာ … မိုးကိုမီးလောင်တာဆိုရင် ရေပိုက်ငှားပြီး ငြိမ်းလို့ရချင်ရဦးမယ်ဗျ။ ခု အင်္ဂလန်က ဂျော့ဘုရင်မင်းမြတ်ကြီးရဲ့ခေါင်းပေါ် မီးပွားကျတာဗျ။ မင်းကြီး သူ့ရုံးခန်းထဲမှာ ဒေါကန်နေလေရဲ့ … အဲဒါ ဆရာတို့နှစ်ယောက်ကို ခေါ်ဆိုလို့ ကျွန်တော် မြင်းလို မင်းကြီးရဲ့ရုံးခန်းကနေ ဒုန်းစိုင်းလာခဲ့တာ"

"ဟာ … အဲဒါ မနက်ဖြန်ကျမှ ပြောပါလားကွ ငစိန်ရ … ပေရှည်လေရှည်နေတယ်၊ မင်းကြီးခေါ်တယ်ဆို ပြီးတဲ့ဥစ္စာ"

ကျွန်ုပ်တို့နှစ်ယောက်မှာ စုံထောက်မင်းကြီး မစ္စတာဂျွန်စတီးဝပ်က ခေါ်သည်ဆို၍ ပြာတာမောင်စိန်၏ ပေရှည်လေရှည်နေမှုအား ဖိပြောက်ခဲ့ပြီး မင်းကြီးရုံးခန်းရှိရာသို့ အလျင်အမြန် လှမ်းခဲ့မိလေတော့၏၊ ကျွန်ုပ်၏စိတ်ထဲ၌မူ မင်းကြီးဆူပူကြိမ်းမောင်းမည်ကို စိုးရွံ့နေမိ၏။

ကျွန်ုပ်နှင့် အိုင်ပီမြတ်သင်းတို့ စုံထောက်မင်းကြီး ဂျွန်စတီးဝပ်၏ ရုံးခန်းတွင်းသို့ရောက်သွားသောအခါ စီအိုင်ဒီ၏ နာမည်ကျော် စုံထောက်အရာရှိများဖြစ်ကြသော သွားခေါ်တင်စိန်၊ ကိုအောင်သင်း၊ တစ်ချက်တစ်ကောင်ဘမောင်တို့အားလုံး လူစုံတက်စုံရောက်ရှိနေကြပြီး စားပွဲကြီးရှေ့၌ နီရဲနေသောမျက်နှာကြီးဖြင့် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည့် မင်းကြီး၏ရှေ့၌ အတင်းရှင်းအနေအထားဖြင့် ရပ်လျက်ရှိနေကြလေ၏။

ကျွန်ုပ်တို့သည် စုံထောက်မင်းကြီးဂျွန်စတီးဝပ် ဒေါသအလွန်အမင်းထွက်နေပြီမှန်း သိလိုက်ကြသဖြင့် ရပ်နေသောစုံထောက်များ နောက်၌ ဆလုရိုက် အတင်းရှင်းဆွဲကာ ဝင်ရောက်တန်းစီရပ်လိုက်လေ၏။ မင်းကြီးသည် ကျွန်ုပ်နှင့်အိုင်ပီမြတ်သင်းတို့အား စူးခနဲ လှမ်းကြည့်လိုက်ပြီးလျှင် …

"ဟို … နောက်မှရောက်လာတဲ့ အိုင်ပီရဲထွန်းဆိုတဲ့ မြည်းသတ္တဝါနဲ့ ဒီဘက်ကလူဝံလိုလို၊ မျောက်ဝံလိုလို သတ္တဝါ … သင်တို့ ဘယ်ချောင်မှာ





အသုံးမကျတဲ့မြည်းသတ္တဝါတွေလို သွားငိုက်မျဉ်းနေကြတာလဲ"

"ကျွန် … ကျွန်တော်မျိုးတို့ ရုံးခန်းထဲမှာပဲ ရှိကြပါတယ်၊ ဘယ်မှာမှ သွားပြီးမငိုက်မျဉ်းပါဘူး သခင်"

"ယူ … ဗလယ်ဒီဖူး၊ ယူအောအာ ဒန်းကီး၊ မောင်မင်းတို့ဟာ တစ်ကောင်မှ အသုံးမကျဘူး၊ အားလုံး မြည်းသတ္တဝါတွေလိုပဲ ငိုက်မျဉ်းနေကြတဲ့ သတ္တဝါတွေဖြစ်တယ်၊ ခု … စီအိုင်ဒီမှာ ဘာတွေဖြစ်နေသလဲ … မောင်မင်းတို့ သိကြသလား"

ထိုမှစ၍ စုံထောက်မင်းကြီး မစ္စတာဂျွန်စတီးဝပ်သည် နီမြန်းနေသော မျက်နှာကြီးဖြင့် ဒေါသစွက်နေကာ မြည်တွန်တောက်တီး၍ ကျွန်ုပ်တို့အားလုံးကို ဆဲဆိုငေါက်ငန်းလေတော့၏။

"သင်တို့အစား ကျွန်ုပ် အလွန်တရာရှက်လှတယ်၊ စီအိုင်ဒီက လစာငွေကိုယူပြီး အမြိုင့်သားထိုင်ပြီး အလုပ်မရှိ၊ အကိုင်မရှိ အသုံးမကျတဲ့ မြည်းသတ္တဝါတွေလို ငိုက်မျဉ်းနေဖို့ပဲတတ်တယ်၊ ခုနကလည်း ကျွန်ုပ်ကို ရန်ကုန်ပုလိပ်မင်းကြီးက ဖုန်းဆက်တယ်၊ ရန်ကုန်မြို့ တိုးကြောင်ကလေးရွာစွန်က အိမ်ကြီးမှာ လူသတ်မှုတစ်ခုပေါ်ပေါက်ခဲ့တယ်တဲ့၊ အဲဒါ အဲဒီနေရာကို သင်တို့လိုမြည်းသတ္တဝါတွေ ခုပဲ ချက်ချင်းသွားကြ၊ အမှုကို ချက်ချင်းဖော်ထုတ်ပြီးရင် တရားခံကို ကျွန်ုပ်လက်ထဲ အပ်ကြ"

ယခုမှပင် စုံထောက်မင်းကြီး မည်သည့်အကြောင်းကြောင့် ဒေါသထွက်နေရသလဲဆိုတာကို ကျွန်ုပ်တို့သိခွင့်ရလိုက်တော့၏။ သို့သော် မင်းကြီးအား ကျွန်ုပ်အပါအဝင် မည်သူမျှ အထွန့်တက် မပြောဆိုဝံ့ဘဲ ဆလုရိုက်ကာ မင်းကြီး၏ရုံးခန်းထဲကနေ အလျင်အမြန် ပြန်ထွက်လာမိလေတော့၏။

ကျွန်ုပ်သည် မင်းကြီး၏ရုံးခန်းအပြင်ဘက်သို့ ရောက်လာသောအခါ ယခုမှပဲ စိတ်လွတ်လပ်ပေါ့ပါးသွားပုံဖြင့် …

"ဟူး … တော်သေးတာပေါ့ အိုင်ပီရာ၊ နို့မို့ ဘယ်လောက် ဝင့်ခံနေရဦးမလဲမသိဘူးဆိုပြီး ချွေးပြန်နေတာဗျ"

ဟု ကျွန်ုပ်ကပြောလိုက်လေရာ အိုင်ပီမြတ်သင်းက စိတ်မသက်မသာ



www.burmeseclassic.com

www.burmeseclassic.com



ပုံစံဖြင့် ...

"မတော်နဲ့ဗျ ကိုရဲထွန်းရ ... အမှုက လူသတ်မှုကြီးဗျ၊ ကျုပ်တို့ရဲ့ အရည်အချင်းတွေနဲ့ ဘယ်လိုလူသတ်တရားခံကို ဖော်မှာလဲ၊ ဒီအချိန်မှာ ဆားပုလင်းကိုထက်ကောင်းကို သတိရလိုက်တာဗျာ၊ ဒီလူသာရှိရင် ပွဲပြီးပြီဗျ"

"ကျုပ်လည်း ခင်ဗျားလိုပဲပေါ့ဗျာ၊ ဒါပေမဲ့ ကိုထက်ကောင်းက ရှိမတက်တာပဲ တစ်လလောက်ရှိနေပြီ၊ ဘယ်ဆီရောက်လို့ ဘယ်ပေါက်နေမှန်းတောင်မှ မသိတဲ့ဥစ္စာ၊ စိတ်ညစ်နေလို့ မပြီးသေးဘူးဗျ တိုးကြောင်ကလေးဂါတ်ကို မင်းကြီးခိုင်းတဲ့အတိုင်း အမြန်ဆုံးရောက်အောင် သွားရဦးမယ်"

ကျွန်ုပ်တို့နှစ်ဦးသား ရုံးရှေ့၌ရပ်ထားသော ကျွန်ုပ်၏ကားရှိရာသို့ ရောက်လျှင် ရုံးဝန်းထဲကနေ အိုင်ပီအောင်သင်းနှင့် သွားခေါ်တင်စိန်၊ တစ်ချက်တစ်ကောင်ဘမောင်တို့အုပ်စု ကားတစ်စီးဖြင့် ဂူးခနဲ အပြင်းမောင်းထွက်သွားတာကို တွေ့လိုက်ရလေ၏။ အိုင်ပီမြတ်သင်းက မောင်းထွက်သွားသောကားကို လှမ်းကြည့်ရင်း ...

"အိုင်ပီရေ ... ဟိုအုပ်စုတော့ လူသတ်တရားခံကို ဖော်ထုတ်တော့မယ်ထင်တယ်ဗျ၊ တိုးကြောင်ကလေးကို ကားကို ဂျက်လေယာဉ်အင်ဂျင်တပ်ပြီး အပြင်းမောင်းသွားပြီဗျ"

"အထင်ကြီးစရာမရှိပါဘူး ကိုမြတ်သင်းရာ ... သူတို့တစ်တွေသာ တရားခံဖော်နိုင်ရင် အင်းစိန်စီအိုင်ဒီဟာ စကော့တလန်ယာ့ဒ် စုံထောက်အဖွဲ့ကြီးကိုတောင် နာမည်ကျော်သွားပြီပေါ့ဗျာ၊ ကျုပ် စီအိုင်ဒီကို စရောက်ကတည်းက ဒီလူတွေ တစ်ခါမှ တရားခံဖမ်းမိတာ မတွေ့ဘူးသေးဘူးဗျ အဲ ... ဖမ်းတော့ ဖမ်းပါရဲ့ ... ဖိမ်ခေါင်းတို့၊ အလစ်သုတ်သမားတို့၊ ပြည့်တန်ဆာမဖိမ်မယ်တို့ ... ဒီလောက်ပါပဲ၊ အဲ ... သူတို့တစ်တွေ တစ်ကြိမ်ဇစ်ခါ စွန့်စားပြီးဖမ်းမိတာက ခါးပိုက်နှိုက်ခေါင်းဆောင် တင်စိန်ဆိုတဲ့ကောင်ပဲ၊ အဲဒါကလည်း တင်စိန်မူးနေတုန်း ဖမ်းမိလာကြတာပါပဲ"

ကျွန်ုပ်သည် အိုင်ပီမြတ်သင်းအား သွားခေါ်တင်စိန်တို့လူစုအကြောင်း ရှင်းလင်းပြောပြရင်း ကျွန်ုပ်၏အော်စတင်ကားနက်လေးအား ရန်ကုန်မြို့စွန်





တိုးကြောင်ကလေးရွာစွန်သို့ ဦးတည်၍ မောင်းနှင်လာခဲ့လေ၏။

ကားကို မောင်းလာရင်းမှ ကျွန်ုပ်နှင့် အိုင်ပီမြတ်သင်းသည် ရွှေဘိုနယ်ဂါတ်ကနေ ပြန်လာပြီး စီအိုင်ဒီရုံးသို့ တစ်ကြိမ်သာလာရောက်ပြီး ယခုချိန်ထိ ပျောက်ခြင်းမလှပျောက်နေသော ကျွန်ုပ်တို့၏မိတ်ဆွေကြီး ဆားပုလင်းထက်ကောင်းအား တမ်းတသတိရစွာ ပြောလာခဲ့ကြ၏။

"ဒီအချိန်မှာ ကျုပ်တို့နဲ့အတူ ကိုထက်ကောင်းသာ အတူပါလာခဲ့ရင် ဘယ်လောက်ပျော်စရာကောင်းမှာလဲဗျာ၊ ကျုပ်ဖြင့် သတိရမိပါရဲ့ဗျာ"

"ဒီလူက ပြောလို့ရတဲ့လူ မဟုတ်ဘူးဗျ ... သူသာ ရန်ကုန်နယ်မြေထဲမှာသာ ခရီးမထွက်ဘဲ အမှန်တကယ်ရှိနေရိုးမှန်ရင် ခုလောက်ဆို တိုးကြောင်ကလေးရွာစွန်က လူသတ်မှုဖြစ်တဲ့အိမ်ကြီးဆီကို ရောက်နေမှာ ကေန်မလွဲပဲဗျ ... ကျုပ်လောင်းရဲတယ် ကိုမြတ်သင်း"

ကျွန်ုပ်နှင့် ကိုမြတ်သင်းမှာ ဆားပုလင်းထက်ကောင်း၏အကြောင်းတွေသာ ရောက်တတ်ရာရာပြောလျက် ယခု ကျွန်ုပ်တို့ သွားရောက်နေကြသည့် လူသတ်မှုဖြင့်ပတ်သက်သောအကြောင်းများကို သုံးသပ်ခြင်း၊ ဆုံးဖြတ်ခြင်းများ လုံးဝမပြုလုပ်မိကြပေ။ အမှန်တကယ်လည်း ကျွန်ုပ်တို့မှာ စုံထောက်မင်းကြီး မစ္စတာဂျွန်စတီးဝပ်က သွားရမည်ဟုလွှတ်လိုက်၍သာ လာခဲ့ကြခြင်းဖြစ်သည်။

ကျွန်ုပ်တို့၏စိတ်ထဲ၌လည်း လူသတ်မှုအား ကျွန်ုပ်တို့ တရားခံဖော်ထုတ်ဖမ်းဆီးနိုင်လိမ့်မည်မဟုတ်ဟု ယူဆထားကြမိ၏။ ဤသည်မှာ ဆားပုလင်းထက်ကောင်း၏အပေါ်၌ ရေသာခိုအခွင့်ကောင်းယူလေ့ရှိသော မကောင်းသည့်အကျင့်စရိုက်ဟုလည်း ကျွန်ုပ်ကိုယ်ကျွန်ုပ် ဝန်ခံအပ်ပေ၏။

မကြာမီ ကျွန်ုပ်တို့၏ကားလေးသည် ရန်ကုန်မြို့စွန်နှင့် မလှမ်းမကမ်း၌ရှိသော တိုးကြောင်ကလေးရွာဟူသောရွာ၏ အစွန်၌ရှိသော လူသတ်မှုဖြစ်ပွားသည်ဆိုသည့် နှစ်ထပ်ပျဉ်ထောင်အိမ်မည်းကြီး၏ရှေ့သို့ ရောက်ရှိလာလေ၏။

ကျွန်ုပ်တို့ကားပေါ်ကနေ အောက်သို့ဆင်းလိုက်သောအခါ ကျယ်ဝန်းလှသည့်ခြံကြီး၏ရှေ့တွင် စောင့်လျက်နေသည့် ပုလိပ် အစောင့်ရဲသားလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်အား တွေ့မြင်လိုက်ရလေ၏။

ကျွန်ုပ်နှင့်ကိုမြတ်သင်းတို့သည် စီအိုင်ဒီကဟုပြောကာ ကျွန်ုပ်တို့နှစ်ယောက်သား အိမ်ကြီးအတွင်းသို့ လှမ်းဝင်ခဲ့ကြလေသည်။

အိမ်ကြီး၏အလယ်ကောင်ဧည့်ခန်း၌ တိုးကြောင်ကလေးဂါတ်မှ ဌာနအုပ်ဦးလှဝိုနှင့်အတူ ကျွန်ုပ်တို့စီအိုင်ဒီမှ စုံထောက်ကျော်များဖြစ်ကြသည့် အိုင်ပီအောင်လင်း၊ သွားခေါ်ကစိန်နှင့် တစ်ချက်တစ်ကောင်ဘမောင်တို့အား ဟိတ်ဟန်ကြီးတွေတစ်ခွဲသားနှင့် တွေ့မြင်လိုက်ရလေသည်။

ကျွန်ုပ်နှင့် တိုးကြောင်ကလေးဂါတ်မှ ဌာနအုပ်ဦးလှဝိုတို့မှာ ခင်မင်ရင်းနှီးသူတွေ ဖြစ်၏။ ကျွန်ုပ်သည် ဌာနအုပ်ဦးလှဝိုအား နှုတ်ဆက်လိုက်ပြီးလျှင် တစ်ဆက်တည်းပင် ...

"အသတ်ခံရတဲ့အလောင်းက ဘယ်မှာလဲ ဦးလှဝို"

"အသတ်ခံရတဲ့သူက ယောကျ်ားပါ ဆရာရဲထွန်း၊ သူက ဒီအိမ်ကြီးကို ငှားရမ်းပြီးနေတာ တစ်လတောင်မှမပြည့်သေးပါဘူး၊ နာမည်ကတော့ အောင်ကြီးလို့ခေါ်ပါတယ်၊ အလောင်းက အိပ်ခန်းထဲမှာပါ"

ဟု ပြောလိုက်လေလျှင် ကျွန်ုပ်က ...

"ဒါဆိုလည်း ကျုပ်တို့ အခန်းထဲသွားပြီး အလောင်းကိုစစ်ဆေးကြည့်ရှုကြတာပေါ့ ဌာနအုပ်ကြီး"

ဟု ပြောလိုက်လေ၏။ သည့်နောက် ကျွန်ုပ်၊ အိုင်ပီမြတ်သင်းနှင့်အတူ ဌာနအုပ်ကြီးဦးလှဝိုသည် အသတ်ခံရသူ အောင်ကြီးဆိုသူ၏ အိပ်ခန်းဟုဆိုသောအခန်းသို့ လာခဲ့ကြလေတော့၏။

အိပ်ခန်းမှာ သိပ်ပြီးကျယ်ဝန်းလှသည် မဟုတ်ပေ။

အိပ်ခန်း၏ အရှေ့ဘက်ကြမ်းပြင်ပေါ်၌မူ အသက်အစိတ်နီးပါးအရွယ်ခန့်ရှိ အောင်ကြီးဆိုသူ၏အလောင်းမှာ ကန့်လန့်ဖြတ်အနေအထားဖြင့် သေဆုံးနေလေသည်။

တစ်ခုထူးခြားသည်မှာ အောင်ကြီး၏တစ်ကိုယ်လုံး၌ မည်သည့်ဒဏ်ရာဒဏ်ချက်မှ မတွေ့ရပါသော်လည်း အသက်ဝိညာဉ်ပျောက်နေသည်မှာ သေ





ချာနေပေ၏။ မျက်လုံးအစုံကမူ ပြူးကျယ်ဝိုင်းစက်နေပေ၏။

ကျွန်ုပ်တို့မှာ အလောင်းကိုတွေ့နေရပါသော်လည်း လူသတ်သမားသည် ယခုသေသူ အောင်ကြီးဆိုသူအား မည်သည့်လက်နက်ဖြင့် သတ်ဖြတ်သွားသည်ဟု သိရှိနိုင်ရန် အနီးဝန်းကျင်ရှိ ခြေရာလက်ရာများအား လိုက်လံရှာဖွေရလေတော့သည်။ အိပ်ခန်းခုတင်မှာမူ အတန်ငယ် တွန့်ကျေနေလေ၏။

သို့သော်လည်း ထူးခြားသောသဲလွန်စ တစ်စုံတစ်ရာကိုမျှ မတွေ့ရပါချေ။

အတန်ကြာသောအခါ ကျွန်ုပ်ရော အိုင်ပီမြတ်သင်းပါ ချွေးတွေပြန်လာလေတော့၏။ ယင်းအချိန်တွင် ကျွန်ုပ်တို့နောက်ဘက် အခန်းတံခါးဝဆီမှ တဒေါက်ဒေါက်ဖြင့်ပုံမှန်လှမ်းလာသော ဖိနပ်သံအား ကြားလိုက်ရပြီးလျှင် အောင်မြင်ခန့်ညားပြီး အသံဩဇာဖြင့်ပြည့်စုံသော အသံတစ်သံသည် ထွက်ပေါ်လာလေတော့၏။

"အိုင်ပီတို့က ... လူတစ်ယောက်သေရင်, လူသတ်မှုတစ်ခုဖြစ်ရင် ပုလိပ်အဖွဲ့ကြီးရဲ့ သင်ကြားပေးလိုက်တဲ့အတိုင်း လက်နက်, တုတ်, ဓား တစ်ခုခုကို ရှာဖွေရမယ်၊ ပြီးရင် ဒဏ်ရာကိုလိုက်ရှာ၊ ဓားဆိုရင် ဘယ်လိုထိုးသလဲ ... ဘယ်သန်လား ညာသန်လား၊ ဒါတွေက ဦးနှောက်ထဲမှာ ပုံသေနည်းတစ်ခုလို စွဲထင်နေလို့ တချို့အမှုတွေဟာ အမှုလမ်းကြောင်းလွဲချော်တတ်တာပဲဗျ၊ တကယ်တော့ လူသတ်တယ်ဆိုတာ ကြိုးစလေးတစ်မျှင်, အပ်သွားလေးတစ်ဖျားနဲ့လည်း သတ်လို့ရပါတယ်ဗျာ၊ အပ်ဖျားလောက်ရှိတဲ့ ဒဏ်ရာလေးကြောင့် သေသွားတဲ့လူရဲ့ဒဏ်ရာကို အိုင်ပီတို့လိုက်ရှာနေလည်း ဘယ်တွေ့မှာလဲဗျာ ... ပင်ပန်းရုံရှိတော့မပေါ့ ...၊

အခု ... အောင်ကြီးသေဆုံးရတာဟာ ပြင်းထန်တဲ့ မြွေပြဒါးလို့ခေါ်တဲ့ မြွေလေးတစ်ကောင်ရဲ့အဆိပ်ကြောင့် သေဆုံးသွားခဲ့ရတာပဲ၊ လူသတ်သမားဟာ နုနယ်တဲ့မိန်းမသားတစ်ဦးဖြစ်လို့ အောင်ကြီးကို မာယာပရိယာယ်နဲ့ သိမ်းသွင်းပြီးမှ အလွန်ပြင်းထန်တဲ့အဆိပ်ရှိတဲ့ မြွေပြဒါးမြွေကလေးကို အသုံးပြု



www.burmeseclassic.com

www.burmeseclassic.com



ပြီး သတ်ဖြတ်သွားခဲ့တာပဲ၊ ခင်ဗျားတို့ အောင်ကြီးရဲ့ခြေမျက်စိအထက်နားကို သေသေချာချာကြည့်ရင် မြွေစွယ်ရာလေးနှစ်ခုကိုတွေ့ရမှာ အသေအချာပဲဗျ”

“ဟင် . . . ကိုထက်ကောင်း”

“ဆားပုလင်းထက်ကောင်းပါလား”

ကျွန်ုပ်တို့၏ အနောက်ဘက်အခန်းဝကနေ အောင်မြင်ခန့်ညားသော အသံဖြင့် တစ်ခွန်းချင်းပီသစွာပြောဆိုလိုက်သူကား ကျွန်ုပ်တို့၏မိတ်ဆွေကြီး ဆားပုလင်းထက်ကောင်းပင် ဖြစ်ပါလေတော့သတည်း။

ဆားပုလင်းထက်ကောင်းအား မမျှော်လင့်သောအချိန်၌ ရုတ်တရက် တွေ့လိုက်ရသဖြင့် ကျွန်ုပ်မှာ ရေစီးသန်သောချောင်းအလယ်မှာ ကမ်းပါးမှ တန်းလန်းကျနေသော သစ်မြစ်တစ်ခုအား လှမ်းမြင်လိုက်ရသကဲ့သို့ စိတ်ထဲ၌ ဝမ်းသာပျော်ရွှင်သွားမှုမှာ မည်သည့်အရာနှင့်မျှ နှိုင်းယှဉ်၍မပြသာအောင်ပင် ခံစားမိလေတော့သည်။

ကိုထက်ကောင်းသည် စကားဆုံးသည်နှင့် အိပ်ခန်းတွင်းသို့ တည်ငြိမ်စွာပင် တစ်လှမ်းချင်းလှမ်းဝင်လာလေတော့၏။ ကျွန်ုပ်သည် ဆားပုလင်းထက်ကောင်းအား ယခုလိုအချိန်မှာ မြင်တွေ့လိုက်ရသဖြင့် ဟန်မဆောင်နိုင်စွာ ဝမ်းသာအားရဖြင့် . . .

“ဗျို့ ကိုထက်ကောင်း . . . ကျုပ်ဖြင့် ခင်ဗျားကိုပြန်တွေ့ရတာ ဝမ်းသာလိုက်တာဗျာ၊ ခင်ဗျား ဒီနှစ်ပတ်အတောအတွင်း ဘယ်ရောက်လို့ ဘယ်ပေါက်ပြီး မြေလျှိုးမိုးပျံနေတာလဲဗျာ၊ ခု ဒီကိုလာရင်းတောင် ကျုပ်နဲ့ကိုမြတ်သင်း ခင်ဗျားကို တဖွဖွပြောလာခဲ့ကြတာဗျ”

ဟု ပြောလိုက်လေတော့၏။ ထိုအခါ ဆားပုလင်းထက်ကောင်းသည် သူ၏မူပိုင်အကျင့်အတိုင်း မခိုးမခန့်လေး နှုတ်ခမ်းထောင့်စွန်းကလေး တွန့်ရုံမျှ ပြုံးလိုက်ကာ . . .

“မြေလျှိုးပြီး မိုးပျံရအောင် ကျုပ်က ထွက်ရပ်ပေါက်သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်တွေလို ဝိဇ္ဇာတစ်ပါးမှ မဟုတ်ဘဲဗျာ၊ ကျုပ် အနောက်ရိုးမအခြေက မြို့လေးတစ်မြို့ကို ခရီးထွက်နေတာပါ၊ ကျုပ် ကားဂိတ်ကို ရောက်ရောက်ချင်း





ဟောဒီတိုးကြောင်ကလေးရွာက လူသတ်မှုသတင်း ကြားလို့ တန်းပြီး ဒီကို လာခဲ့တာပဲဗျာ၊ အင်း . . . အမှုက ကျုပ်ထင်တဲ့အတိုင်း ဖြစ်လာပြီပဲ၊ ကျုပ်သာ နယ်ကနေ တစ်ရက်စောပြီး ရန်ကုန်ပြန်ရောက်ရင် အောင်ကြီး ခုလိုအသတ်ခံရမယ်မထင်ဘူး၊ ခုတော့ ကျုပ် လက်မတင်လေးနောက်ကျသွားတယ် အိုင်ပီ . . . ဒီအတွက်တော့ စိတ်မကောင်းစရာပဲပေါ့ဗျာ”

ဟု အမှုအကြောင်း အစမှအဆုံးတိုင်သိနေသလို အေးဆေးစွာပင် ပြောလိုက်လေ၏။

ထိုအခါ ကိုထက်ကောင်း၏ လေယူလေသိမ်းအမူအကျင့်ကို အတော်အတန်သဘောပေါက်နေပြီဖြစ်သော ကျွန်ုပ်က တအံ့တဩဖြင့် . . .

“ဟွင် . . . ဒါဆို ခင်ဗျားက ဒီလူသတ်မှုဖြစ်မယ့်အကြောင်း တင်ကြို ပြီးသိနေသလိုပဲပေါ့ ကိုထက်ကောင်း”

ဟု မေးလိုက်မိလေသည်။ ထိုအခါ ဆားပုလင်းထက်ကောင်းက . .

“သိလို့ ကျုပ် နယ်ကနေ ခြေရာပျောက်သွားတဲ့ မြခွာညိုနဲ့ အောင်ကြီးနောက် ပြန်လိုက်ခဲ့တာပေါ့ဗျာ၊ အောင်ကြီးကိုတော့ ရှေးဟောင်းဌာနပစ္စည်းတွေ ခိုးယူမှု၊ လိမ်လည်မှုနဲ့ဖမ်းဆီးဖို့ ရန်ကုန်ပြန်လာခဲ့တာ၊ မြခွာညိုနဲ့တော့ လက်မတင်လေး လွဲသွားရတယ်ဗျာ”

“မြခွာညို . . . ဟုတ်လား၊ သူက ဘယ်သူလဲဗျ၊ ဒီအမှုနဲ့ ဘယ်လို ပတ်သက်နေလဲဗျ . . . ကျုပ်တို့ကို ရှင်းလင်းပြစမ်းပါဦး”

“မြခွာညိုဆိုတာ အင်မတန် ချောမောလှပလွန်းတဲ့ မိန်းမချောလေး တစ်ယောက်ဖြစ်ပြီး ခု လူသတ်မှုကိုသွေးအေးအေးနဲ့ သတ်ဖြတ်သွားခဲ့တဲ့ တရားခံပေါ့ဗျာ၊ အိုင်ပီကို ကျုပ် တစ်ခါက ပြောပြခဲ့ဖူးတဲ့ သတင်းစာထဲက သတင်းလေးတစ်ပုဒ်အကြောင်း မှတ်မိလားဗျ”

ဟု ဆားပုလင်းထက်ကောင်းက မေးလိုက်ရာ ကျွန်ုပ်မှာ ချက်ချင်း မဖြေနိုင်ဘဲ နောက်မှ ဖျတ်ခနဲ တစ်စုံတစ်ခုကို သတိရလိုက်ကာ . . .

“ကျုပ် သတိရပြီဗျို့ . . . ဟိုတစ်ခါ သတင်းစာထဲပါတဲ့ ကျွဲမကြီးက နေ လူသားလေးမွေးတယ်ဆိုတဲ့ သတင်းမဟုတ်လား”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အိုင်ပီ၊ ဒါဟာ ဘယ်လိုမှမဖြစ်နိုင်တဲ့ လိမ်လည်မှုကြီး တစ်ခုဖြစ်မှန်းသိလို့ ကျုပ် အဲဒီနယ်ဘက်ကို ခရီးထွက်သွားခဲ့တာဗျ၊ ခုတော့ သူတို့က လူသတ်မှုကိုပါ ကျူးလွန်လိုက်ပြီဆိုတော့ ကျုပ် ဒီညနေပဲ ခရီးပြန်ထွက်ရမယ်အိုင်ပီ . . . ကဲ . . . သွားကြရအောင်ဗျာ"

ဟု ကိုထက်ကောင်းက ပြောလိုက်လေသည်။ သူ့မျက်နှာသည် တည်ငြိမ်လေးနက်၍နေလေ၏။ သည့်နောက် ကျွန်ုပ်၊ အိုင်ပီမြတ်သင်း၊ ဆားပုလင်းထက်ကောင်းနှင့် တိုးကြောင်ကလေးဌာနအုပ်တို့သည် အိမ်မည်းကြီးထဲကနေ လှမ်းထွက်လာခဲ့ကြလေတော့၏။

ကျွန်ုပ်၏ အော်စတင်ကားနက်ကလေးဆီသို့ ရောက်လာကြလျှင် ဆားပုလင်းကိုထက်ကောင်းသည် . . .

"ကဲ . . . အိုင်ပီတို့နှစ်ယောက် စီအိုင်ဒီကို ပြန်ကြပေတော့၊ စုံထောက်မင်းကြီး မစ္စတာဂျွန်စတီးဝပ်ကို ကျုပ် ဆားပုလင်းထက်ကောင်းက စကားပါးလိုက်တယ်လို့ အိုင်ပီပြောပြလိုက်ပါ . . . ကျုပ် ဆားပုလင်းထက်ကောင်း ဟောဒီတိုးကြောင်ကလေးရွာ လူသတ်မှုနဲ့ တရားခံကို တစ်ပတ်အတွင်း စီအိုင်ဒီကစုံထောက်မင်းကြီးရှေ့ လာအပ်ပါ့မယ်လို့ အိုင်ပီတို့က ကြိုတင်ပြောလိုက်ပါ၊ ကျုပ် ပဲခူးမြို့ကိုရောက်ရင်လည်း မင်းကြီးစတီးဝပ်ထံ ဖုန်းဆက်လိုက်ပါမယ်၊ ကဲ . . . သွားပြီဗျို့"

ဟု ဆားပုလင်းကိုထက်ကောင်းသည် ကျွန်ုပ်၏ အော်စတင်ကားနက်ကလေးအနီးမှနေ၍ တိုးကြောင်ကလေးဘူတာရုံရှိရာဘက်သို့ ခြေလှမ်းကျဲကြီးများဖြင့် လှမ်းလျှောက်သွားလေတော့သတည်း။

ကျွန်ုပ်နှင့် အိုင်ပီမြတ်သင်းတို့သည် တိုးကြောင်ကလေးဘူတာရုံဘက်သို့ ခြေလှမ်းကျဲကြီးများဖြင့် ချိုးကွေ့ပျောက်ကွယ်သွားသည့် ဆားပုလင်းထက်ကောင်း၏ အရိပ်အယောင်ပျောက်ကွယ်သွားသည်နှင့် ကျွန်ုပ်တို့၏ အော်စတင်ကားလေးအား အင်းစိန်စီအိုင်ဒီဘက်ဆီသို့ စတင်မောင်းထွက်လိုက်လေတော့၏။

❒ ❖ ❒



## ဆားပုလင်းထက်ကောင်း၏ ဂတိစကား

ကျွန်ုပ်၊ အိုင်ပီမြတ်သင်းနှင့် ဆားပုလင်းထက်ကောင်းတို့ တိုးကြောင်ကလေးရွာထိပ်၌ ခွဲခွာခဲ့ကြပြီးနောက် ကျွန်ုပ်တို့သည် စီအိုင်ဒီသို့ ပြန်လာခဲ့ကြလေတော့၏။

စီအိုင်ဒီသို့ရောက်လျှင်ရောက်ချင်း ကျွန်ုပ်နှင့် အိုင်ပီမြတ်သင်းတို့သည် စုံထောက်မင်းကြီးမစ္စတာဂျွန်စတီးဝပ်၏ရုံးခန်းသို့ ဝင်ရောက်တွေ့ဆုံလိုက်ကြလေသည်။ မစ္စတာဂျွန်စတီးဝပ်က ကျွန်ုပ်တို့အား တွေ့တွေ့ချင်း . . .

"ဟော . . . လူကလေး အိုင်ပီရဲထွန်းနဲ့ အိုင်ပီမြတ်သင်းတို့ . . . လာကြတာကြ၊ လူကလေးတို့နှစ်ယောက် ခုမှပဲ ဟို လူသတ်မှုဖြစ်ပွားတဲ့ တိုးကြောင်ကလေးရွာကနေ ပြန်လာခဲ့ကြတာပေါ့၊ ဟောဒီမှာ ဟောဒီ မြည်းလိုင်ကိုက်မျိုးတဲ့ သတ္တဝါသုံးကောင်ကတော့ အစောကြီးကတည်းက ပြန်ရောက်လာကြပြီး မှုနဲ့ပတ်သက်လို့လည်း ဒီလိုမြည်းသတ္တဝါတွေကို ဘယ်လိုမှမေးစမ်းလို့မရဘူး။ က ဗလယ်ဒီဖူး၊ အလကား . . . စီအိုင်ဒီက လစာငွေတွေကို ညာယူနေကြဖို့ပဲ တတ်တယ်၊ လူလေးတို့ရော လူသတ်မှုနဲ့ပတ်သက်လို့ ဘာတွေ သဲလွန်စရခဲ့လဲ . ကျွန်ုပ်ကို မြန်မြန်လျှောက်တင်စမ်းပါ"

ဟု စုံထောက်မင်းကြီးသည် သူ၏ရှေ့တွင်မတ်တတ်ရပ်လျက် အတင်း င်းအနေအထားဖြင့်ရပ်နေကြသည့် အိုင်ပီအောင်လင်း၊ သွားခေါ်တင်စိန်



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်တစ်ကောင်ဘမောင်တို့အား ဖုတ်လေတဲ့ငါးပိ ရှိသည်ဟုပင် သတိမထားဘဲ ကျွန်ုပ်တို့အား အလောသုံးဆယ် မေးလိုက်လေတော့၏။ ထိုအခါ ကျွန်ုပ်တို့သည် စုံထောက်မင်းကြီးအား ...

"ကျွန်ုပ်တို့ လူသတ်မှုဖြစ်တဲ့ တိုးကြောင်ကလေးရွာစွန်က အိမ်ကြီးဆီရောက်တော့ ဆားပုလင်းကိုထက်ကောင်းကို အဲဒီမှာတွေ့ခဲ့ပါတယ် မင်းကြီး"

"အိုး ... မိုင်ဂေါ့ဒ် ... ဆားပုလင်းထက်ကောင်း ... ဟုတ်လား လူကလေး၊ ထက်ကောင်းက ဘယ့်နှယ့်လုပ်ပြီး အဲဒီလူသတ်မှုဖြစ်တဲ့ဆီရောက်ရှိသွားရတာလဲ၊ ဟို ... မြည်းလိုင်ကိုက်မျဉ်းနေတဲ့ သတ္တဝါတွေရော လူကလေးမောင်ထက်ကောင်းနဲ့ မောင်မင်းတို့မတွေ့ခဲ့ကြပေဘူးလား"

ဟု စုံထောက်မင်းကြီး မစ္စတာဂျွန်စတီးဝပ်၏ မျက်ထောင့်နီကြီးဖြင့် လှမ်းကြည့်လိုက်သဖြင့် သွားခေါတင်စိန်တို့သုံးယောက်သား ခေါင်းငုံ့သွားကြလေသည်။

အမှန်တကယ်လည်း သူတို့သုံးယောက်သည် တိုးကြောင်ကလေးရွာရှိ လူသတ်မှုဖြစ်ပွားသည့်နေအိမ်၌ ဆားပုလင်းထက်ကောင်းဖြင့် ဆုံတွေ့ခဲ့ကြပါသော်လည်း ဆားပုလင်းထက်ကောင်းအကြောင်း မင်းကြီးထံ မတင်ပြဖြစ်ခဲ့ကြပါ။ သူတို့အကြံသည် ဆားပုလင်းထက်ကောင်းအား ဒုက္ခရောက်စေရန် ကြံစည်ခြင်းဖြစ်၏။

ယခုမူ ကျွန်ုပ်၏စကားကြောင့် စုံထောက်မင်းကြီးသည် အိုင်ပီအောင်လင်းတို့အား မျက်ထောင့်နီကြီးဖြင့်ကြည့်ကာ မကျေမနပ် မြည်တွန်တောက်တီးလေတော့၏။

"အလကား မြည်းလိုသတ္တဝါတွေ ... ကျုပ်တို့စီအိုင်ဒီအဖွဲ့ကြီးက ဆားပုလင်းထက်ကောင်းလို့ လူတစ်ယောက်ရှိနေလို့ အမှုတွေ ပေါ်ပေါက်နေတာ၊ ဒင်းတို့ချည်းသာဆို ကျွန်ုပ် အင်္ဂလန်ကိုပြန်ရောက်သွားရတာ ကြာပြီ၊ ဒါထက် လူကလေးမောင်ရဲ့ထွန်း ... ဆားပုလင်းထက်ကောင်းက ဒီလူသတ်မှုအတွက် ဘာသဲလွန်စမှ ရှာဖွေမပေးနိုင်ဘူးတဲ့လား၊ သူကရော ... ခု ဘယ်ဂြိုဟ်ကမ္ဘာကို ရောက်သွားပြီလဲ ကျွန်ုပ်စိတ်အေးအောင်လည်း လျှောက်





တင်ဦး လူကလေးတို့"

ဟု စုံထောက်မင်းကြီးသည် လူသတ်တရားခံအတွက် စိုးရိမ်ပူပန်နေသော မျက်ဝန်းတွေဖြင့်ပြောလိုက်၏။ ထိုအခါ ကျွန်ုပ်သည် ...

"ကိုထက်ကောင်းက ဘယ်ဂြိုဟ်ကမ္ဘာကိုမှ သွားတာမဟုတ်ပါဘူး သခင်၊ ဒီတိုးကြောင်ကလေးရွာ လူသတ်မှုအတွက် တရားခံကိုဖမ်းဆီးဖို့ နယ်ကိုလိုက်သွားပါတယ် မင်းကြီး၊ တရားခံကို တစ်ပတ်အတွင်း မင်းကြီးရဲ့ရုံးခန်းထဲကို လက်ထိတ်ခတ်ပြီးခေါ်ခဲ့မယ်လို့ ကျွန်တော်မျိုးတို့ကို ပြောခိုင်းလိုက်ပါတယ်"

ဟု ကျွန်ုပ်သည် ပြောလိုက်၏။ ထိုအခါ စုံထောက်မင်းကြီး မစ္စတာဂျွန်စတီးဝပ်၏မျက်နှာကြီးသည် လက်ခနဲ ဝင်းပသွားပြီးလျှင် ..

"အိုး ဂေါ့ ... ဟုတ်လား ... ဆားပုလင်းထက်ကောင်းက ဒီလိုပဲပြောသတဲ့လား၊ ကျွန်ုပ် လူကလေးမောင်ထက်ကောင်းရဲ့စကားကို ယုံကြည်တယ် လူကလေးမောင်ရဲ့ဖွန်း၊ ဆားပုလင်းထက်ကောင်းဟာ ပြောရင်ပြောတဲ့အတိုင်း တည်အောင်လုပ်ကိုင်တတ်သူဆိုတာ ကျွန်ုပ်အသိဆုံးပဲ၊ တရားခံကိုသူ မကြာခင် ကျွန်ုပ်ရုံးခန်းကို ခေါ်ဆောင်လာနိုင်မယ်ဆိုတာ ကျွန်ုပ်ယုံကြည်တယ် လူကလေးတို့"

"ကိုထက်ကောင်းက သူ ပဲခူးဘူတာရုံကနေ မင်းကြီးဆီကိုလည်း တယ်လီဖုန်းဆက်ပြီးအကြောင်းကြားမယ်လို့လည်း မှာကြားသွားပါတယ်သခင်"

ဟုလည်း ကျွန်ုပ်သည် ကိုထက်ကောင်းမှာကြားသွားသည့်အတိုင်း ထပ်မံပြောပြလိုက်၏။

ယင်းအချိန်မှာပင် စုံထောက်မင်းကြီး မစ္စတာဂျွန်စတီးဝပ်၏ရှေ့၌ရှိသော အနက်ရောင်တယ်လီဖုန်းလေးသည် ကလင် ကလင်ဟု အသံမြည်လာလေတော့၏။

စုံထောက်မင်းကြီး မစ္စတာဂျွန်စတီးဝပ်သည် တယ်လီဖုန်းလေးအား ကောက်ယူလိုက်ပြီးလျှင် ...

"အိုး ... ဂေါ့ဒ် ... လူကလေးထက်ကောင်းလား၊ အိုး ... ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com

လူကလေးထက်ကောင်းပြောတဲ့စကားကို ယုံကြည်ပါတယ်၊ အိုးဟိုး ... လူကလေးပြောတဲ့ တစ်ပတ်မပြည့်ခင် ကျွန်ုပ် ရန်ကုန်ရာဇဝတ်အုပ် ပုလိပ်မင်းကြီးထံ အကြောင်းကြားလိုက်ပါ့မယ် လူကလေးထက်ကောင်း''

ကျွန်ုပ်တို့လူစုသည် စုံထောက်မင်းကြီး မစ္စတာဂျွန်စတီးဝပ်၏ စကားပြောပုံ လေယူလေသိမ်းအား နားထောင်ကြည့်နေရာ စုံထောက်မင်းကြီးအား တစ်ဖက်ကဖုန်းဆက်နေသူမှာ ကျွန်ုပ်တို့၏မိတ်ဆွေကြီး ဆားပုလင်းကိုထက်ကောင်းပင် ဖြစ်ရပေမည်ဟု ခန့်မှန်းမိလိုက်ကြလေ၏။

ကိုထက်ကောင်းသည် ကျွန်ုပ်တို့အား ပြောထားသည့်အတိုင်း ပဲခူးဘူတာရုံလေးကနေ မင်းကြီးထံလှမ်း၍ တယ်လီဖုန်းဆက်တာပေပဲဟု ကျွန်ုပ်တို့ တပ်အပ်ရိပ်စားမိလိုက်ကြပါ၏။

ခဏအကြာ မင်းကြီးသည် တယ်လီဖုန်းအားချလိုက်ပြီးလျှင် ကျွန်ုပ်တို့အား ပြုံးရွှင်သောမျက်နှာထားဖြင့် ကြည့်လိုက်ပြီး ...

''ကျွန်ုပ်ထံသို့ ပဲခူးဘူတာကနေ လူကလေးထက်ကောင်းက တယ်လီဖုန်းဆက်တယ် လူကလေးတို့၊ မောင်ထက်ကောင်းက တစ်ပတ်အတွင်း လူသတ်တရားခံကို ကျွန်ုပ်ရှေ့မှောက်ခေါ်ဆောင်လာပေးမယ်လို့လည်း ကတိပြုလိုက်တယ်ကွယ့်၊ ဟို ... မြည်းလို အသုံးမကျတဲ့သတ္တဝါတွေ ... လူကလေးတို့ ဆားပုလင်းထက်ကောင်းလို ရဲရဲ့စွာကတိပေးနိုင်ကြသလား ... ပြောကြစမ်း၊ ကျွန်ုပ် စီအိုင်ဒီမှာ အမှုထမ်းသက်တစ်လျှောက်လုံး တရားခံဖမ်းပေးဖို့ ကတိစကားကို ရက်စွဲ၊ အချိန်နဲ့တကွ ရဲရဲ့စွာကတိပြုနိုင်တာဆိုလို့ လူကလေးမောင်ထက်ကောင်းတစ်ယောက်ပဲ တွေ့ဖူးသေးတယ်၊ အလကား ... မြည်းလိုသတ္တဝါတွေ ... သွားကြ''

ဟု စုံထောက်မင်းကြီးမစ္စတာဂျွန်စတီးဝပ်သည် ဆားပုလင်းထက်ကောင်းအား ချီးမွမ်းခဲ့စွာ ချီးမွမ်းလိုက်ပြီးလျှင် ကျွန်ုပ်တို့အား သူ၏ရုံးခန်းထဲမှ ထွက်ခွာနိုင်းလိုက်လေတော့၏။

❒ ❖ ❒



## တရားခံဖမ်းပြီ

ကျွန်ုပ်တို့နှင့် လူသတ်မှုဖြစ်ပွားရာ တိုးကြောင်ကလေးရွာစွန်ရှိ အိမ်မည်းကြီးကနေ တွေ့ဆုံပြီးနောက် ... စီအိုင်ဒီရုံးခန်း စုံထောက်မင်းကြီး မစ္စတာဂျွန်စတီးဝပ်အား တယ်လီဖုန်းဆက်သွယ်ပြီးနောက် ကျွန်ုပ်တို့၏မိတ်ဆွေကြီး ဆားပုလင်းကိုထက်ကောင်းထံမှ မည်သို့မျှသောဆက်သွယ်မှု မရသည်မှာ ယနေ့ဆိုလျှင် ခြောက်ရက်တိတိပြည့်လေခဲ့ပြီ ...။

ဤခြောက်ရက်ဟာကာလအတွင်း ကျွန်ုပ်နှင့် အိုင်ပီမြတ်သင်းတို့မှာလည်း စီအိုင်ဒီ၌ မည်သည့်အလုပ်မည်မည်ရရမရှိလှပါဘဲ အစီရင်ခံစာရေးခြင်း၊ အမှုဟောင်းများကို ပြန်လည်ဖတ်ရှုခြင်း၊ ရုံးခန်းထဲ၌သာထိုင်ကာ အချိန်ဖြုန်းခြင်းဖြင့်သာ အချိန်ကုန်လွန်ခဲ့ရလေ၏။

သို့သော် ဒီရက်အတွင်း စုံထောက်မင်းကြီး မစ္စတာဂျွန်စတီးဝပ်ကမူ ကျွန်ုပ်အား နှစ်ကြိမ်တိုင်ခေါ်၍ ဆားပုလင်းကိုထက်ကောင်း၏သတင်းအား မေးမြန်း၏။ ကျွန်ုပ်ကိုယ်တိုင်ပင် ကိုထက်ကောင်းနှင့် အဆက်အသွယ်မရ၍ မင်းကြီးအား မည်သို့မျှ ရေရေရာရာ အဖြေမပေးနိုင်ခဲ့ပါချေ။

စုံထောက်မင်းကြီး မစ္စတာဂျွန်စတီးဝပ်သည် စိုးရိမ်နေမည်ဆိုက စိုးရိမ်လောက်ပေသည်။ မင်းကြီးကိုမဆိုထားနှင့် ... ကျွန်ုပ်ပင်လျှင် ယခုတစ်ကြိမ်တော့ ကျွန်ုပ်တို့၏မိတ်ဆွေကြီး ဆားပုလင်းထက်ကောင်းသည် မိမိ


www.burmeseclassic.com

www.burmeseclassic.com



ကိုယ်မိမိအထင်ကြီးလွန်းပြီး ကတိကျွံကာ ခြေချော်လက်ချော်ဖြစ်လေပြီဟု ကျွန်ုပ်စိတ်ထဲ ထင်မြင်နေမိလေ၏။

မည်သည့်အတွက်ကြောင့်ဆိုသော် ဆားပုလင်းထက်ကောင်းသည် တိုးကြောင်ကလေးရွာစွန်ရှိ အိမ်ကြီးမှာနေထိုင်သော အောင်ကြီးအသတ်ခံရမှုအတွက် တရားခံကို တစ်ပတ်အတွင်း ဖမ်းဆီးပေးမည်ဟုဆိုခဲ့ပေရာ ယနေ့ ခြောက်ရက်ရှိလေပြီဖြစ်သောကြောင့်တည်း။

ကျွန်ုပ်သည် ဆားပုလင်းထက်ကောင်း၏အရည်အချင်းအား အထင်သေးပြက်ရယ်ပြုခြင်းမဟုတ်ပါသော်လည်း အနည်းငယ်တော့ စိုးရိမ်ကြောင့်ကြစိတ် ရင်ထဲ၌ခိုဝင်နေမိသည်ကိုတော့ အမှန်ကိုအမှန်အတိုင်းပင် ဝန်ခံရပေမည်။

ဒီကြားထဲ ဆားပုလင်းထက်ကောင်းအပေါ်၌ အမြဲတစေ မနာလိုတိုရည်ဖြစ်ကာ ကိုထက်ကောင်း၏ပျော့ကွက်ဟာကွက်များအား အခွင့်ကောင်းစောင့်နေကြသည့် သွားခေါ်တင်စိန်၊ အိုင်ပီအောင်လင်း၊ တစ်ချက်တစ်ကောင်ဘမောင်တို့အုပ်စုကမူ အားရဝမ်းသာ ကျေနပ်နေသောမျက်နှာများဖြင့် ရှိနေကြလေ၏။

ကျွန်ုပ်၏စားပွဲသို့လည်း ရောက်ရောက်လာတတ်ပေ၏။ ယခုလည်း အိုင်ပီအောင်လင်း၊ သွားခေါ်တင်စိန်၊ တစ်ချက်တစ်ကောင်ဘမောင်တို့ စုံထောက်အရာရှိတွေသည် ကျွန်ုပ်၏စားပွဲရှေ့သို့ ရောက်ရှိ၍နေကြလေသည်။

သွားခေါ်တင်စိန်က ပြုံးဖြီးဖြီးဖြင့် ...

"အိုင်ဆေး ကိုရဲထွန်း ... ခင်ဗျားရဲ့မိတ်ဆွေကြီး ဆားပုလင်းထက်ကောင်း ဒီတစ်ချီတော့ ခုတ်ရာတလွဲ ရှရာတခြားဖြစ်ပြီ ထင်တယ်ဗျ ... ဟဲဟဲ"

ဟု ပမာမခန့်လေသံဖြင့် ရိသဲ့သဲ့ပြောလိုက်လေလျှင် ကျွန်ုပ်က ...

"နေစမ်းပါဦး အိုင်ပီတင်စိန်ရ ... ခင်ဗျားက ကိုထက်ကောင်း အကြောင်း ဘာကိုရည်ရွယ်ပြီး ပြောနေတာလဲဗျ၊ ကိုထက်ကောင်းက ဘာကို ခုတ်လို့ ဘာကိုရှရာလွဲလို့လဲ ... ပြောပါဦး"

"ဟာဗျာ ... အိုင်ဆေးကိုရဲထွန်းက တယ်လည်းဒုံးဝေးသကိုးဗျ၊ တိုးကြောင်ကလေးရွာက အောင်ကြီးဆိုတဲ့လူ သူ့ဘာသာသူ ညဘက်အိပ်ပျော်





နေတုန်း မြွေကိုက်လို့သေရတဲ့လူသေမှုကို ဆားပုလင်းထက်ကောင်းဆိုတဲ့ လူက လူသတ်မှုလေးဘာလေးနဲ့ လူအထင်ကြီးအောင်ပြောပြီး တရားခံဖမ်းဖို့ ထွက်သွားတာ ခုထိ ပေါ်မလာဇာတ်ကားရိုက်နေပြီလေ၊ တရားခံကို တစ်ပတ်အတွင်းဖမ်းဆီးပေးမယ်လို့ လေကြီးမိုးကြီးပြောဆိုသွားခဲ့တာ မနက်ဖြန်ဆို တစ်ပတ်ပြည့်ပြီ ... ခုထိ ဘာသတင်းမှမကြားရတာပဲ ကြည့်လေ၊ ဘယ် ကြားရမလဲဗျ ... မရှိတဲ့တရားခံကို လိုက်ဖမ်းနေတာကိုးဗျ ... ဟား ဟား။

ကျုပ်တို့ ဓာတုဗေဒဝန်ရုံးက ဆေးစာကိုရပြီးပြီဗျ ... တိုးကြောင်ကလေးရွာစွန်က အောင်ကြီးဆိုတဲ့လူ သေဆုံးရတာဟာ မြွေကိုက်လို့သေရတာပဲ၊ လူသတ်တရားခံကို ဖမ်းချင်ရင် အဲဒီတိုးကြောင်ကလေးရွာဝန်းကျင်မှာရှိတဲ့ မြွေဆိုးမြွေဟောက်တွေမှန်သမျှ ရှာဖွေဖမ်းဆီးပြီး ရုံးတင်မှပဲဖြစ်မယ် ... ဟိ ဟိ"

ဟု သူ့ကိုယ်သူ တကယ့်စုံထောက်ကြီးတစ်ဦးပမာ ဂုဏ်ယူဝင့်ကြွားသောလေသံဖြင့် ပြောလိုက်လေ၏။ ထိုအခါ တစ်ချက်တစ်ကောင်ဘမောင်ကလည်း လေလုလူးနှင့် မြင်းရှူးကဲ့သို့ ဝင်၍ ...

"အဲဒါပေါ့ဗျာ ... လည်လွန်းနဲ့ဘီး ဟိုဟာသင့်တယ်ဆိုတာ"

ဟု အားမနာ လျှာမကျိုး ကဲ့ရဲ့သရော်ပြုလေ၏။ ယင်းအခါ သွားခေါ်တင်စိန်ခေါ် အိုင်ပီတင်စိန်ကလည်း သူ့ကိုယ်သူ ဂုဏ်ယူဝင့်ကြွားသောလေသံဖြင့် ကြားလုံးထုတ်လိုက်ပြန်လေ၏။

"ကျုပ်ပြောတဲ့အတိုင်းပဲဗျ ... အောင်ကြီးက အဲဒီနေ့က အိမ်ခန်းထဲမှာ စာထိုင်ဖတ်နေတုန်း အနီးအနားမှာရှိတဲ့မြွေဆိုးတစ်ကောင်က အမှတ်မဲ့ဝင်ပြီးပေါက်သွားတာဗျာ၊ အဲဒီ တိုးကြောင်ကလေးရွာဆိုတာကလည်း ပတ်ဝန်းကျင်မှာ ငမိုးရိပ်ချောင်းလည်းရှိ၊ ချုံနွယ်ပိတ်ပေါင်းတွေလည်း ထူထပ်တော့ မြွေဆိုးတွေ အင်မတန်ပေါတဲ့အရပ်ဗျ၊ မြွေကိုက်သေတဲ့လူကိုမှ မရှိတဲ့တရားခံကို အပင်ပန်းခံပြီး လိုက်ဖမ်းမယ်လို့ပြောခဲ့တဲ့ ခင်ဗျားတို့လူ ဆားပုလင်းထက်ကောင်းကို ခုတ်ရာတလွဲ ရှရာတခြားလို့ ကျုပ်ပြောခဲ့တာပေါ့ဗျ ... ဟဲ ဟဲ ... မနေ့ကတင် ကျုပ် အဲဒီကမြွေဆိုးတစ်ကောင်ကို ဖမ်းပြီး မင်းကြီးဆီ



www.burmeseclassic.com

www.burmeseclassic.com



အောင်ကြီးကိုပေါက်သွားတဲ့တရားခံအဖြစ် ပို့ပေးလိုက်ပြီ ပြီဗျ၊ မြွေစွယ်ရာနဲ့ မြွေဆိပ်တူရင် အောင်ကြီးသေရတာ အဲဒီမြွေပေါ့ဗျာ၊ အမှန်တော့ ဒီကေ့စ်ဟာ လူသေမှုပါပဲ ... လူသတ်မှု မဟုတ်ဘူးဗျ''

ထိုစဉ် ...

''ခင်ဗျား ... စုံထောက်မင်းကြီး မစ္စတာဂျွန်စတီးဝပ်ဆီကို ဖမ်းပြီးပို့ ပေးလိုက်တဲ့ မြွေက တိုးကြောင်ကလေးရွာဝန်းကျင်မှာရှိတဲ့ ရေမြွေနဲ့ မြွေ ဟောက်ပေါင်းစပ်ပြီးမွေးထားတဲ့ မြွေပဒုတ်လို့ခေါ်တဲ့ မြွေမဟုတ်, တုတ်မကျ ကောင်တွေပါဗျာ၊ ခင်ဗျားသိအောင် ဖြေရမယ်ဆိုရင် ကမ္ဘာပေါ်မှာ မြွေအမျိုး အစားပေါင်း နှစ်ထောင်ကျော်ရှိတယ် အိုင်ဗီ ...၊

အဲဒီထဲက ... အဆိပ်အပြင်းဆုံးဆိုတဲ့မြွေတွေကို အာဖရိကတော နက်ကြီးတွေနဲ့ သဲကန္တာရမှာနေထိုင်တဲ့ ကန္တာရမြွေပွေးလို့ခေါ်တဲ့ မြွေဟာ အဆိပ်အပြင်းဆုံးပဲဗျ၊ ကျုပ်တို့မြန်မာနိုင်ငံမှာတော့ အထက်အညာဒေသဟာ မြွေဆိုးအလွန်ပေါတယ်ဆိုပေမယ့် ခု အောင်ကြီးကို သတ်ဖြတ်ခဲ့တဲ့မြွေပြဒါးလို မြွေတစ်မျိုးကတော့ တိဗက်နယ်၊ ဟိမဝန္တာတောင်တန်းတွေမှာရယ်, အထက် ကလေးဝနယ် မဟာမြိုင်တောကြီးတွေမှာရယ်ပဲ နေထိုင်ကျက်စားတတ်ကြ တယ်၊ သူက မြန်မာနိုင်ငံမှာရှိတဲ့ မြွေဆိုးတွေထဲမှာတော့ အဆိပ်အပြင်းဆုံးပဲ ဒါပေမဲ့ သူ့အဆိပ်က ကြောက်စရာကောင်းသလို အင်မတန်မှလည်း ထူးဆန်း လွန်းတယ်၊ မြွေပြဒါးကိုက်မိပြီဆိုရင် အဲဒီလူဟာ ပထမသုံးရက်အတွင်းမှာ ဘာမှ မထူးခြားပေမယ့် လေးရက်မြောက်နေ့ကစပြီး လူတစ်ကိုယ်လုံးမှာရှိတဲ့ အရိုးအဆစ်၊ အသားအရေတွေဟာ အက်ဆစ်နဲ့ထိတွေသလို တစ်စစီ ပြုတ် ကျပြီး အဆိပ်ဒဏ်ကိုခံရလေ့ရှိတယ် ...၊

အိုင်ဗီ ... မယုံဘူးဆိုရင် အောင်ကြီးရဲ့အလောင်းကို ပြန်ပြီး တူး ဖော်ကြည့်ရင် ကျုပ်ပြောတဲ့အတိုင်း တွေ့ရလိမ့်မယ်၊ ဒါဟာ အလွန်အဆိပ်ပြင်း ထန်တဲ့ မြွေပြဒါးအဆိပ်ကြောင့်ပဲ၊ ဒီလိုမြွေမျိုးဟာ ကျုပ်တို့မြေပြန့်မှာ မရှိဘူး ဒါကြောင့် အောင်ကြီးကိုသတ်တဲ့လူဟာ ဒီမြွေကို တကူးတကသယ်ဆောင်လာ တယ်လို့ ကျုပ် ကောက်ချက်ချပြီး လူသတ်မှုလို့ပြောခဲ့ခြင်းပဲ ဖြစ်တယ်





မြွေပြဒါးဆိုတာ ဟောဒီမှာပဲ''

ဟု တစ်ခွန်းချင်း အောင်မြင်ခန့်ညားပြီး အသံသြဇာလေးနက်စွာ ဖြင့်ပြောကာ အခန်းတွင်းသို့ဝင်လာသူမှာ ကျွန်ုပ် စိုးရိမ်ကြောင့်ကြစွာ မျှော် လင့်နေခဲ့ရသည့် မိတ်ဆွေကြီးဆားပုလင်းထက်ကောင်းပင် ဖြစ်လေတော့ သတည်း။

ဆားပုလင်းထက်ကောင်းသည် စကားအဆုံး၌ ကျွန်ုပ်၏ရှေ့ စားပွဲသို့ တစ်စုံတစ်ရာအား လှမ်းပစ်တင်လိုက်၍ ကျွန်ုပ်တို့ တအံ့တသြလှမ်းကြည့်မိ လိုက်ရာ မြွေတစ်ကောင်ဖြစ်၍နေလေ၏။ မြွေမှာ ကျွန်ုပ်တို့တွေ့မြင်ဖူးနေကျ မြွေများဖြင့်မတူဘဲ အရှည်တစ်တောင်ခန့် အစွယ် လက်သန်းမျှလောက်သာ ရှိပြီး အရောင်မှာ ဟသ်ပဒါးရောင်ကဲ့သို့ ရဲရဲနီစွေးနေလေ၏။

ဆားပုလင်းထက်ကောင်းက စီးကရက်တစ်လိပ်ထုတ်ကာ မီးညှိမွှာ ရှိုက်ပြီး အေးဆေးစွာပင် ...

''အဲဒါ ... ကမ္ဘာပေါ်မှာ အဆိပ်အပြင်းဆုံးလို့ဆိုရမယ့် မြွေအမျိုး အစားထဲမှာပါဝင်တဲ့ မြွေပြဒါးဆိုတာပဲ၊ ကျုပ်တို့မြန်မာနိုင်ငံမှာ ခွန်အားကြီး တဲ့ဆင်တစ်ကောင်ကိုတောင် တုံးခနဲ လဲကျသေဆုံးစေတဲ့ ဆင်ပစ်မြွေနဲ့တူပေ မယ့် မြွေပြဒါးကတော့ ပိုပြီး အဆိပ်ပြင်းထန်တယ်၊ သူ့ကိုယူဆောင်လာတဲ့ မိန်းကလေးကတော့ အနောက်ရိုးမတောင်ခြေက နတ်ရေကန်ဆိုတဲ့မြို့ငယ် လေးက မြခွာညိုဆိုတဲ့ မိန်းမချောလေးပဲ ဖြစ်တယ်၊ အောင်ကြီးကိုသတ်ခဲ့တာ လည်း မြခွာညိုပဲပေါ့ ... ကျုပ်ရဲ့ ကတိစကားအတိုင်း လူသတ်တရားခံကို တစ်ပတ်မပြည့်ခင် စုံထောက်မင်းကြီး မစ္စတာဂျွန်စတီးဝပ်ရဲ့ရှေ့မှောက် အစော ပိုင်းလေးကပဲ ဝင်ပြီးပို့ခဲ့ပါပြီ''

ဟု တည်ငြိမ်စွာပင် ဆက်လက်ပြောပြလေ၏။ ဆားပုလင်းထက် ကောင်း၏ အေးဆေးစွာပြောလိုက်သည့်စကားကြောင့် ကျွန်ုပ်အပါအဝင် အား လုံးသည် အံ့အားသင့်သွားကြရလေတော့၏။

သည့်နောက် သွားခေါ်တင်စိန်တို့ စီအိုင်ဒီစုံထောက်အရာရှိအချို့သည် ကျွန်ုပ်၏ရုံးခန်းတွင်းကနေ အလျှိုလျှိုထွက်ခွာသွားကြလေတော့၏။ ၎င်းအခါ



www.burmeseclassic.com

www.burmeseclassic.com

ကျမှ ဆားပုလင်းထက်ကောင်းသည် ကျွန်ုပ်နှင့် အိုင်ပီမြတ်သင်းအားကြည့်ကာ ပြုံးလိုက်ရင်း ...

"ကဲ ... လာကြဗျာ၊ ကျုပ် စီအိုင်ဒီရုံးရှေ့က ကာကာလက်ဖက်ရည်ကို မသောက်ရတာ တစ်ပတ်မကတော့ဘူးဗျ၊ လက်ဖက်ရည်သွားသောက်ကြရအောင် ... ကျုပ် တိုက်ပါ့မယ်ဗျာ"

ဟု ပြောလိုက်လေလျှင် ကျွန်ုပ်နှင့် အိုင်ပီမြတ်သင်းတို့သည် ဝမ်းသာအားရ ကုလားထိုင်ပေါ်မှထလျက် ဆားပုလင်းထက်ကောင်းနှင့်အတူ ရုံးခန်းတွင်းမှ ရွှင်လန်းတက်ကြွစွာ လှမ်းထွက်လာမိကြလေတော့သတည်း။

❐ ❖ ❐

## ကျွန်ုပ်၏ဝန်ခံချက်

သည့်နောက် မကြာမီမှာပင် ကျွန်ုပ်နှင့်အိုင်ပီမြတ်သင်းတို့သည် ဆားပုလင်းထက်ကောင်း ဖမ်းဆီး၍ခေါ်ဆောင်လာသည့် တိုးကြောင်ကလေးရွာအစွန် အိမ်မည်းကြီးမှာနေထိုင်သော အောင်ကြီးအား သတ်ဖြတ်ခဲ့သူ တရားခံ မြခွာညိုဟူသည့် မိန်းမချောလေးဖြင့် တွေ့ဆုံကြရလေ၏။

ထိုအခါ ... ကျွန်ုပ်သည် လွန်စွာအံ့သြဘနန်းဖြစ်ရလေ၏။

အဘယ်ကြောင့်ဆိုသော် မြခွာညိုဟူသော လူသတ်တရားခံ မိန်းကလေးမှာ အသက်နှစ်ဆယ်ဝန်းကျင်ခန့်မျှသာရှိသေးပြီး လွန်စွာမှပင် နုနယ်ချောမောလွန်းလှသော မိန်းကလေးတစ်ဦးပင်ဖြစ်လေသည်။

ကျွန်ုပ်၏စိတ်တွင်းမှာလည်း ဤမျှချောမောလှပလွန်းသော မိန်းကလေးတစ်ယောက်သည် ဤမျှရက်စက်ကြမ်းကြုတ်သည့် လူသတ်မှုကြီးအား အမှန်တကယ်ပင် ကျူးလွန်ခဲ့လေသလောဟုလည်းကောင်း၊ ဆားပုလင်း ထက်ကောင်းသည် မှားယွင်း၍ဖမ်းဆီးလာလေသလားဟုလည်းကောင်း ကိုထက်ကောင်း၏အပေါ်၌ သံသယစိတ်ဝင်မိလေသည်။ ဤသည်မှာ တရားခံ မြခွာညိုအား လူသတ်တရားခံဟု မထင်ရက်ခြင်းကြောင့်ပင်။

သို့သော်လည်း ကျွန်ုပ်သည် ဆားပုလင်းထက်ကောင်းနှင့် အတူတွဲကာ မြန်မာနိုင်ငံမြောက်ပိုင်း တိဗက်နယ်ထိသို့ပင် အတူတကွ လိုက်ပါခဲ့ဖူးသဖြင့်

❖ ရုံရှင့်အောင်မာလေ ❖

www.burmeseclassic.com

www.burmeseclassic.com

စီအိုင်ဒီတွင်လည်း အတူတွဲလျက် အမှုပေါင်းများစွာ ဖော်ထုတ်ခဲ့ဖူးသည်ဖြစ်၍ ကိုထက်ကောင်းသည် မသေချာလျှင် မဆုံးဖြတ်တတ်သလို သူ၏အမှုဖော်ထုတ်ခဲ့သည့်သက်တမ်းတစ်လျှောက်၌လည်း တရားခံအား လွဲမှားစွာ ဖမ်းဆီးခဲ့သည်ဟူ၍ တစ်ကြိမ်တစ်ခါမျှပင် မရှိခဲ့ဖူးပါချေ။

ထို့ကြောင့် ကျွန်ုပ်သည် ဆားပုလင်းထက်ကောင်းနှင့်အတူ တရားခံမြခွာညိုဟူသော မိန်းကလေးအား အမှုဖြင့်ပတ်သက်ပြီး နေ့စဉ် စစ်ချက်များ ရယူခဲ့ရလေတော့၏။ ဆားပုလင်းထက်ကောင်းသည် ရုံဖန်ရုံခါ ဝင်ရောက်၍ ထောက်မေးသည်ကလွဲ၍ ဖြောင့်ချက်များအားလုံးမှာ တရားခံမြခွာညိုဟူသော မိန်းမချောလေးပြောပြသည့် အမှုဖြစ်စဉ် ဘဝဇာတ်ကြောင်းများပင်ဖြစ်လေ၏။

ထူးခြားချက်တစ်ခုမှာ . . .

ဆားပုလင်းထက်ကောင်းသည် တည်ငြိမ်စွာပင် မြခွာညို၏ နေရေးစားရေးများအား ဂရုတစိုက်ပြုပေးတတ်သလို တရားခံမြခွာညိုသည်လည်း အမှုစစ်ဆေးနေစဉ် ဆားပုလင်းထက်ကောင်းအား အထင်ကြီးသော၊ လေးစားသော၊ အရည်ရွှန်းလဲ့နေသည့် မျက်ဝန်းကြီးများဖြင့် ရံဖန် ခိုးဝှက်၍ကြည့်တတ်သည်ကို ကျွန်ုပ် သတိပြုမိလေသည်။

သည့်နောက် အသက်နှစ်ဆယ်ရွယ်မျှရှိပြီး ပြေပြစ်သော မဟာနဖူး၊ ပိုင်းစက်ကြည်လင်သော သောက်ရှူးကြယ်ညီနောင်နယ် မျက်ဝန်းတစ်စုံပိုင်ရှင်၊ စိုပြည်ပါးလျားသောနှုတ်ခမ်းများပိုင်ရှင်၊ တင်ပါးဖုံးအုပ်လုထိ နက်မှောင်ရှည်လျားဖြောင့်စင်းသည့် မဟူရာဆံနွယ်ကြီးများဖြင့် ယဉ်စစနုနယ်ချောမောလွန်းသော မြခွာညိုဟူသည့် မိန်းမချောလေးအား ဖြောင့်ချက်ယူခြင်းကိစ္စသည် ပြီးမြောက်ခဲ့လေတော့၏။

ဖြောင့်ချက်ဟုဆိုရမည်ထက် တကယ်တမ်းမှာမူ မြခွာညိုတည်းဟူသော မိန်းမချောလေး၏ ဘဝဖြစ်စဉ်ကြီးတစ်ခုဟုလည်း ဆိုနိုင်ပေသည် . . . ဆိုသော် ရနိုင်ပေ၏။

ယင်းတို့အထဲတွင် မြခွာညို၏အမြွှာညီမဖြစ်သူ မြသင်းညိုလည်း ပါဝင်လေ၏။ အသက်ရှစ်ဆယ်ရွယ်ခန့်ရှိ ဒေါ်နှင်းရုံဟူသော မိန်းမကြီးတစ်ဦး

❖ ရိုဂျင်အောင်စာပေ ❖



လည်း ပါဝင်လေ၏။ မိုက်ခဲအောင်ဒင်၊ ဘိုးတော၊ ဗလ၊ လှမောင်နှင့် မနှင်းမြဟူသော လင်မယားနှစ်ယောက်လည်း ပါဝင်ချေ၏။ ဖောက်ထွင်းမှု လိမ်လည်မှုကြီးတစ်ခုနှင့် ဓားပြမှုကြီးတစ်ခုလည်း ပါဝင်လေ၏။

မြခွာညိုပြောပြအစစ်ခံခဲ့သော အဖြစ်အပျက်များသည် လွမ်းစွ-မှုလည်း အံ့သြစဖွယ်ကောင်းသလို သနားကရုဏာသက်ဖွယ်လည်း ပါ၏။ ဝမ်းနည်းဖွယ်၊ ရင်နင့်ဖွယ်ရာများလည်းပါဝင်၏။

ထူးဆန်းအံ့သြဖွယ်ရာလည်းပါဝင်သလို၊ ဒေါသခက်ထန် နာကြည်းစရာအဖြစ်လည်း ပါဝင်လေ၏။ သို့သော်လည်း ကျွန်ုပ် အိုင်ပီရဲထွန်းသည် ယင်းအမှုအား စစ်မေးနေချိန်၌ အမေးအဖြေသဘော၊ ရုံးသဘောဆန်ဆန်သာ မေးမြန်းခဲ့သည်ဖြစ်၍ ဝါကျအထားအသို၊ စာကျစာနတို့မှာ မည်သို့မျှ စာဖတ်သူတို့ဖတ်ရှုနိုင်လိမ့်မည် မဟုတ်ချေ။

ထို့ကြောင့် ကျွန်ုပ်သည် ဤမျှဆန်းကြယ်သောဖြစ်ရပ်တစ်ခုအား ကျွန်ုပ်၏ဝါသနာအရ စာဖတ်ပရိသတ်များအား ဝတ္ထုသဖွယ် တင်ပြရလေလျှင် ကောင်းမည်ဟု တွေးတောစဉ်းစားပြီးလျှင် ဝတ္ထုအသွင် စတင်ဖန်တီးရေးသားလေတော့၏။

ဤသို့ ပြန်လည်ရေးသားရာ၌လည်း မြခွာညို၏ပြောပြချက်၊ ဒေါ်နှင်းရုံ၊ လှမောင်၊ မနှင်းမြတို့၏ပြောပြချက်များအား ဝတ္ထုသဖွယ် ဖတ်ချင်ဖွယ်ကောင်းအောင် အနည်းငယ် လိုတိုးပိုလျှော့ တည်းဖြတ်ခြင်း၊ ဝါကျများ၊ စကားလုံးအထားအသိုများအား ပြေပြစ်ညီညွတ်အောင် ပြုပြင်သည်ကလွဲ၍ ကာယကံရှင်မြခွာညို၏ ပြောဆိုချက်ဘဝဖြစ်စဉ်ကြီးပင် ဖြစ်လေတော့၏။

ဤသည်ကပင် ကျွန်ုပ်ရှေ့ဆက်ရေးမည့် ‘ဆားပုလင်းထက်ကောင်းနှင့် တစ်ကျွန်းရှင်’ ဝတ္ထုကြီး၏ အခြေခံအရင်းခံ ရေသောက်မြစ်ကျောရိုးပင် ဖြစ်ပါလေတော့သတည်း။

အောင်ဇေယျတုသဗ္ဗမင်္ဂလာ

လျှို့ဝှက်ဆန်းကြယ်ဂမ္ဘီရစာရေးဆရာ

ဂမ္ဘီရမောင်ရွှေ

www.burmeseclassic.com

www.burmeseclassic.com

## ကျွဲမကြီးမှ လူသားကလေးငယ် မွေးဖွားခြင်း

တစ်နေ့သ၌ မြန်မာနိုင်ငံ၏ အရှည်လျားဆုံးဟုဆိုနိုင်သော အနောက်ရိုးမတောင်တန်း၏ ရခိုင်ရိုးမ၏မလှမ်းမကမ်းအခြေ၌ တည်ရှိနေသော မြို့မကျေးရွာမက ရွာလေးတစ်ရွာ၌ ထူးဆန်းသောသတင်းတစ်ပုဒ်သည် ပေါ်ထွက်နေလေသည်။ ယင်းသတင်းမှာ ကျွဲမကြီးတစ်ကောင်မှနေ၍ လူသားမွေးဖွားသော သတင်းပင်ဖြစ်၏။

ထိုသတင်းသည် မည်သူမျှမကြားမသိဖူးသည့် သတင်းဆန်းတစ်ခု ဖြစ်နေသလို လူတိုင်းတို့၏ပါးစပ်ဖျား၌လည်း ယင်းသတင်းကိုသာ အချိန်ရှိသရွေ့ ပြောဆိုနေကြလေတော့သည်။

"ဒေါ်မြ ... ရှင် ဟိုသတင်းကြားပြီးပြီလား"

"ဘယ်သတင်းလဲ ... ကျွဲမကြီးကနေ လူကလေးမွေးတယ်ဆိုတဲ့ သတင်းလား"

ဟု ဒေါ်မြဆိုသောမိန်းမကြီးသည် ပြန်လည်၍မေးလိုက်လေ၏။

ထိုအခါ မတုတ်ဆိုသည့်မိန်းမကြီးသည် ...

"ဟုတ်ပ ဒေါ်မြရေ ... ကျွန်မဖြင့် ကျွန်မဘဝတစ်သက်တာမှာ ကျွဲမကြီးကနေ လူသားကလေးမွေးတယ်ဆိုတာ ဒီတစ်ခါပဲ ကြားဖူးသေးတယ်၊ ကျွန်မတောင် နေ့လယ် သွားကြည့်မလားလို့"





"ဟင် ... မတုတ် ... ရှင်သွားကြည့်မယ် ... ဟုတ်လား၊ ရှင်သွားကြည့်မယ်ဆိုရင် ကျုပ်ပါ လိုက်မယ်တော်၊ ကျုပ်လည်း တစ်ခါမှ မကြားဖူး၊ မမြင်ဖူးဘူးတော့"

"ဒါပေမဲ့ လူတွေပြောနေကြတာကတော့ အလကား မကြည့်ရဘူးတဲ့ဒေါ်မြရဲ့ ... တစ်ခါကြည့် တစ်မူးဆိုလား ပေးရတယ်တဲ့ တော်"

"အိုတော် ... တစ်မူးပဲဖြစ်ဖြစ်, တစ်ပဲပဲဖြစ်ဖြစ် ကျုပ်တစ်သက်မှာ မမြင်ဖူး,မတွေ့ဖူးတဲ့အရာတော့ ငွေပေးကြည့်ဆိုလည်း ကြည့်ရမှာပဲ"

"ဒါဆိုလည်း ကျွန်မနဲ့အတူ သွားကြတာပေါ့"

သည့်နောက် ဒေါ်မြဆိုသောမိန်းမကြီးနှင့် မတုတ်ဟူသော မိန်းမတို့သည် လူတိုင်း အထူးအဆန်းစိတ်ဝင်စားနေကြသော တိရစ္ဆာန်ကျွဲမကြီးကနေ လူသားကလေးငယ်တစ်ဦးမွေးဖွားသည်ဟူသော သတင်းကြောင့် အိမ်၌ ချက်ပြုတ်စရာကိစ္စများ ပြီးစီးသောအခါ မြို့စွန်သို့ ထွက်လာကြလေသည်။

မကြာမီ မြို့စွန်ရှိကြီးမားကျယ်ဝန်းသော ခြံကြီးတစ်ခုသို့ ရောက်ရှိလာကြ၏။

ခြံကြီးအတွင်း၌ လူအများ ရုံးစု ရုံးစု ... ဖြင့် စည်ကားနေလေသည်။

ခြံကြီးမှာ တစ်ကေနီးပါးခန့်ကျယ်ဝန်းပြီး ကြီးမားသော သစ်ပင်ကြီးများ၊ ဝါးပင်ရုံကြီးများကလည်း ခြံဘေးပတ်ပတ်လည် ညို့မှိုင်းအုပ်ဆိုင်း၍နေလေသည်။

ခြံကြီးတွင်းသို့ ဝင်လာမစဲ တသဲသဲဖြစ်နေကြသူတွေမှာ ရွာနီးချုပ်စပ်မှာနေထိုင်ကြသော ရွာသူရွာသားများဖြစ်ပြီး ယင်းတို့မမြင်ဖူးသည့် တိရစ္ဆာန်ကျွဲမကြီးကနေ ထူးဆန်းစွာ လူသားယောကျ်ားလေးတစ်ယောက် မွေးဖွားသည်ဆိုသည်ကို မယုံနိုင်၍ မျက်မြင်ဒိဋ္ဌသိရှိစေရန် လာရောက်ကြည့်ရှုကြသော သူများပင် ဖြစ်၏။

တချို့ ကြည့်ရှုပြီးသူများကလည်း ...

"ဟုတ်တယ်ဗျ ... ကျုပ်တစ်သက်မှာ ဒီအဖြစ်မျိုး ဒီတစ်ခါပဲ မြင်ဖူးသေးတယ်၊ ကြည့်ရတာ ကျုပ်တောင်မျက်ရည်လည်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာဗျာ ... ကိုသာဝကလည်း မဆီမဆိုင်ဗျာ ... မျက်ရည်က ဘာကြောင့်လည်ရတာတုံးဗျ"

"ဟာ .. ကိုထွေးရင် ... ခင်ဗျား စဉ်းစားကြည့်လေဗျာ ... တိရစ္ဆာန်ကနေ လူသားလေးမွေးတယ်ဆိုတာ ဘယ်မှာကြားဖူးလို့လဲဗျ ... တိရစ္ဆာန်က တိရစ္ဆာန်ကျွဲပေါက်ကလေးပဲ မွေးမှာပေါ့ဗျ။ ခုဥစ္စာက လူသားလေးဗျ ... လူသားမှ ယောကျ်ားကလေးခင်ဗျ၊ ဝဝတုတ်တုတ် ချစ်စရာလေးရယ်၊ ကျွဲမကြီးရဲ့မိခင်မေတ္တာကို စာနာမိပြီး မျက်ရည်လည်တာပါဗျ"

ကိုသာဝသည် သူ ဘာကြောင့် မျက်ရည်လည်မိကြောင်းကို ရှင်းပြလိုက်လေ၏။ ထိုအခါ ကိုထွေးရင်ဆိုသော ရွာသားကြီးက ...

"ဟ ... ကိုသာဝ,ရ ... ခင်ဗျားကလည်း ကြားဖူးနားဝမရှိတာကျနေတာပဲ၊ မိဘမေတ္တာဆိုတာ ကြီးမားတဲ့အရာတစ်ခုပဲဗျ၊ အတိုင်းအဆမသိအောင်များပြားလို့ အနန္တောအနန္တလို့ ဆိုတဲ့ဥစ္စာ၊ လူရယ်, တိရစ္ဆာန်ရယ်မှ မဟုတ်ပါဘူးဗျ ... ခွေးမ, နွားမတွေလည်း မေတ္တာတရားနဲ့ သားသမီးကို နို့ချိုတိုက်ကျွေးခဲ့ကြတာပဲလေ"

"ကျုပ်ဆိုလိုတာက ဟိုဟာက တိရစ္ဆာန်ချင်းဗျ၊ ဒါဟာ မျိုးမတူဇာတ်ခြားတဲ့ လူသားနဲ့တိရစ္ဆာန်၊ ဒီကလေးဟာ သူ့မိခင်ဟာ ကျွဲမကြီးတစ်ကောင်လို့ အရွယ်ရောက်လို့ သိနားလည်လာခဲ့ရင် ..."

"ဟာ ... အဲဒီတော့လည်း အဲဒီရောက်လျှားပေါ့ဗျာ၊ ခင်ဗျားက အရှည်ကြီးလျှောက်တွေးနေတာကိုးဗျ၊ ကျုပ်ကတော့ ရှင်းရှင်းပဲ ... ကျွဲက လူမွေးတယ်ဆိုတာကို မယုံလို့လာကြည့်တာပဲ"

"အဲဒါဆိုလည်း သွားကြည့်လေဗျာ၊ လူတွေက အများကြီးပဲ ... ကျုပ်တောင် တိုးဝှေ့ကြည့်လို့ ဒိဋ္ဌမမြင်တွေ့ခဲ့ရတာဗျ၊ ကျွဲမကြီးကိုထားတာက နောက်ဖေးကျွဲတဲထဲမှာဗျ၊ ဟောဟိုမှာတွေ့လား ... လူတွေသွားနေကြတာ ... လိုက်သွားချေ"

"ဒါဆိုလည်း သွားလိုက်ဦးမယ် ကိုသာဝရေ၊ ရွာရောက်မှ ပြန်ဆုံကြတာပေါ့ဗျာ၊ ကျုပ်က ဘယ်အရာမဆို မျက်မြင်ဒိဋ္ဌမှ ယုံတာဗျ"





ကိုထွေးရင်ဟူသော ရွာသားကြီးသည် လူအများစုဝေးနေသော အိမ်ကြီး၏အနောက်ဘက်ခြမ်းသို့ ခြေလှမ်းကျဲကြီးများဖြင့် သုတ်သုတ်လျှောက်သွားလေတော့၏။

လူအများတို့ကြားထဲကနေ တိုးဝှေ့ပြီးကြည့်ရှုလိုက်ရာ အံ့ဩစဖွယ်မြင်ကွင်းတစ်ခုအား တွေ့မြင်လိုက်ရလေတော့သည်။

ယင်းမှာ မြေပြင်ပေါ်လှဲအိပ်နေသော ကျွဲမကြီး၏ရှေ့ဘက် ကောက်ရိုးထက်၌ အဝတ်ဗလာကိုယ်လုံးတီးလေးဖြင့် ချထားသည့် ကလေးနီတာရဲလေးတစ်ယောက်အား တွေ့မြင်လိုက်ရခြင်းပင်ဖြစ်၏။ ထိုစဉ် နံဘေးမှ မိန်းမများထံကလည်း ...

"အံ့ဩစရာကောင်းလိုက်တာရှင်"

"ဟုတ်ပ့ါရှင် ... ကျွန်မဖြင့် တစ်သက်နဲ့တစ်ကိုယ် ဒီတစ်ခါပဲ မြင်ဖူးပါ့ရှင်၊ တတ်နိုင်ရင် ဒီကလေးလေးကို ကျုပ်ကလေးအဖြစ် မွေးစားချင်လိုက်တာတော်"

"အိုရှင် ... ရှင်တောင်းတိုင်း ဦးလှမောင်နဲ့ဒေါ်နှင်းမြက ပေးမလားရှင့်၊ သူတို့မှာလည်း သားသမီးမှမထွန်းကားတာ ... မွေးမယ့်မွေး သူတို့ပဲ မွေးမှာပေါ့"

"နှင်းမြက ကျွဲမကြီးမမွေးခင်ကတည်းက အိပ်မက်မက်တာတဲ့တော့်"

"အို ... အဲဒါလည်း ကျွန်မ ကြားပါတယ်တော်၊ ဒီကျွဲမကြီး ဗိုက်နဲ့တုန်းကတည်းက အိပ်မက်အရ လူသားလေးမွေးမယ်,ဘာမယ်နဲ့ သတင်းကြီးနေတာ၊ အဲဒီကတည်းက လူတွေက ကျွဲမကြီးမွေးမယ့်အချိန် လာကြည့်နေကြတာပဲလေ၊ နောက်ဆုံး မမွေးတော့ဘူးဆိုပြီး နေလိုက်တော့မှ ခု မွေးလာတာပေါ့ရှင့်"

"ဟင် ... ဒါဆို အိပ်မက်အရ တကယ်ပဲယောကျ်ားကလေး မွေးတာပေါ့နော် ... ထူးခြားလိုက်တာရှင်"

လူတွေသည် ကျွဲမကြီးဖြင့်အတူ ကောက်ရိုးပုံပေါ်မှာရှိနေသော ကျွဲမွေးသား လူသားယောကျ်ားလေးကိုကြည့်လျက် တစ်ယောက်တစ်မျိုးမရိုးရအောင်



www.burmeseclassic.com

www.burmeseclassic.com



ဝေဖန်နေကြလေတော့၏။ ကျွဲတဲကြီးဝန်းကျင်၌လည်း လူအများမှာ ဝင်လာလိုက်၊ ပြန်လည်ထွက်သွားလိုက်နှင့် တစ်နေ့တာလုံး လူသူကင်းပြတ်သည်ဟူ၍ မရှိတော့ပေ။

အမှန်စင်စစ်မှာလည်း သူတို့၏သက်တမ်းဘဝတစ်လျှောက် တိရစ္ဆာန်ဖြစ်သော ကျွဲမကြီးကနေ ဇာတ်မတူသောလူသားကလေးငယ်တစ်ယောက် မွေးဖွားခြင်းမှာ အံ့သြဖွယ်ရာ ထူးဆန်းဖွယ်ရာပင် မဟုတ်ပါလား . . .။

ကျွဲမကြီးနှင့် လူသားကလေးငယ်အား ကြည့်ရှုပြီးပြန်သွားကြသူများမှာလည်း . . .

"ကျုပ်ဖြင့် အရမ်းအံ့သြတာပဲတော်"

"ဘာကိုလဲ မမဲတူရဲ့"

"အို . . . ဘာရမလဲ မခင်လှရယ် . . . ကျွဲက လူသားမွေးတယ်ဆိုတာ ရှင့်တစ်သက် ကြားရောကြားဖူးရဲ့လား။ ကျွန်မ မျက်မြင်ဒိဋ္ဌမမြင့်ဖူးဘူးသာ ယုံကြည်ရတာ . . . သိလား"

"ဟင် . . . ရှင်ပြောပုံက ကျွန်မက မယုံတာကျနေတာပဲ၊ ယုံလို့ တောင်ယာသွားမယ့်အလုပ်ကိုဖျက်ပြီး ပိုက်ဆံတစ်မူးအကုန်ခံပြီး လာကြည့်တာပေါ့ မမဲတူရဲ့"

"မြို့ပေါ်က လာကြည့်တဲ့သူတွေလည်း များမှများပဲရှင့်"

မမဲတူက များပြားလှသောလူများကို ငဲ့ကြည့်ကာ ပြောလိုက်မိလေသည်။

အမှန်တကယ် ယင်းအဖြစ်ဆန်း သတင်းဆန်းကြောင့် ရွာနီးချုပ်စပ်များသာမက မြို့ပေါ်မှလူများလည်း အပင်ပန်းခံကာ လာရောက်ကြည့်ရှုကြလေသည်။ ကြည့်ရှုပြီးသူများမှာလည်း ထိုအဖြစ်ဆန်းအား အံ့သြဘနန်း လက်ခံသွားကြသူများတွေချည်းပင်။

ဦးလှမောင်နှင့်ဒေါ်နှင်းမြတို့မွေးထားသော ကျွဲမကြီးရွှေနီမကနေ့ အိပ်မက်အရ လူသားကလေးကို မွေးဖွားလိုက်သောသတင်းကြောင့် ဦးလှမောင်နှင့်မနှင်းမြတို့မှာ စတင်မွေးဖွားသည်မှစ၍ ကြည့်ရှုသူတစ်ဦးလျှင် တစ်မူး





ဖြင့်လက်ခံခဲ့ရာ ငွေကြေးအတော်အကာန်ပင် ရနေလေပြီဖြစ်သည်။

*(မြန်မာနိုင်ငံအား အင်္ဂလိပ်နယ်ချဲ့များအုပ်ချုပ်နေသော ယင်းခေတ်အခါက ငွေကြေးကို မူး၊ ပဲဖြင့်သာ သုံးစွဲကြပြီး ထိုအချိန်က ငွေတစ်မူးဆိုသည်မှာ အတော်ပင် တန်ကြေးရှိသော ငွေကြေးဖြစ်၏။ ဤကား စကားချပ်။)*

ယင်းထူးဆန်းလှသော သတင်းဆန်းကြောင့်ပင် အနောက်ရိုးမတောင်ခြေရှိ ရွာကြီး၏အစွန်ရှိ ခြံကြီးမှာ နေ့စဉ်နီးပါးမျှ လူသူအများ ထူးဆန်းသောကျွဲသားအမိအား ကြည့်ရှုရန် နေ့စဉ် လူဝင်လူထွက်မပြတ်တမ်း စည်ကားနေသည်မှာ အမှန်ပင်ဖြစ်ကော့၏။

❐ ❖ ❐



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ဝက်ဂုံနက်ဝိညာဉ်

ထိန်တောရွာ . . . ။

ထိန်တောရွာလေးသည် မမိုက်တမိုက်လင်းပျနေသော လရိပ်ကြယ်ရိပ်များအောက်၌ တိတ်ဆိတ်ငြိမ်သက်စွာ တည်ရှိနေသည်။

ထိန်တောရွာလေးသည် ရိုးမအခြေနှင့်နီးသလို မြို့သာယာမြို့ငယ်လေးနှင့်လည်း နီးကပ်စွာတည်ရှိသည့် ကျေးရွာတစ်ရွာပင်ဖြစ်ပြီး ရွာသူရွာသားများသည် ကိုင်းအလုပ်၊ တောတက်၍ သစ်ခုတ်ဝါးခုတ်လုပ်ငန်းနှင့် အမဲလိုက်ခြင်းလုပ်ငန်းများကိုသာ အစဉ်အဆက် လုပ်ကိုင်လာခဲ့ကြသော ရွာကလေးပင်ဖြစ်လေ၏။

တစ်နေ့ခင်းလုံး လုပ်ငန်းများအား ပင်ပန်းဆင်းရဲကြီးစွာ လုပ်ကိုင်ခဲ့ကြပြီး တောကျေးလက်ရွာလေးများ၏ထုံးစံအတိုင်း ညဘက် နေဝင်ပြီဆိုသည်နှင့် မီးခွက်မှုတ် အိပ်ရာဝင်ကြလေတော့သည်။

ယခုလည်း ထိန်တောရွာကလေးမှာ ကြယ်ရိပ်လရိပ် မလင်းတလင်းအောက်၌ တိတ်ဆိတ်ငြိမ်သက်စွာအိပ်မောကျနေသည်မှာ ကြာပြီဖြစ်လေသည်။

ရိုးမဘက်ဆီကနေ အေးမြသော လေပြည်လေညင်းလေးများသည် ထိန်တောရွာလေးဆီသို့ တသုန်သုန် ဝှေ့ယမ်းတိုက်ခတ်လာ၏။

ထိန်တောရွာ၏အစွန်၌ရှိသော ကျယ်ဝန်းလှသောခြံကြီးကလည်း





ငြိမ်သက်လျက်ရှိနေလေသည်။

ယင်းအချိန်တွင် ထိန်တောရွာအစပ်ဆီကနေ ခွေးတစ်ကောင်၏ ဆွဲဆွဲငင်ငင်အူသံက ညယံထဲတွင် ချောက်ချားစဖွယ် ထွက်ပေါ်လာလေသည်။

'အူ . . အူ . . ဝူ . . ဝူ'

'ဂစ် . . ဂီး'

ခွေးအူသံနှင့်မရှေးမနှောင်းမှာပင် . . . ညဉ့်ငှက်တစ်ကောင်သည် အမင်္ဂလာအသံဆိုးကြီးဖြင့် အော်မြည်လျက် ရွာပေါ် ဖြတ်ပျံသန်းသွားလေတော့သည်။

ယင်းအချိန်မှာပင် ရိုးမတောစပ်ဘက်ဆီကနေ အရိပ်မည်းမည်းသဏ္ဌာန်ကြီးတစ်ခုသည် တရွေ့ရွေ့ ထိန်တောရွာဘက်ဆီသို့ လှမ်းလာခဲ့လေသည်။

ခွေးအူသံတွေသည် ပို၍ဆူညံလာလေ၏။

အရိပ်မည်းမည်းသဏ္ဌာန်ကြီးမှာ ဝိညာဉ်၊ တစ္ဆေသူရဲတစ်ကောင်ပမာ တရွေ့ရွေ့လှမ်းလျှောက်လာစဉ် နက်မှောင်သော ဝက်ရုံနက်ကြီးသည်လည်း လေပြည်ထဲမှာ တဖျပ်ဖျပ် လှုပ်ခါလွင့်ယမ်းနေလေ၏။

သေချာသည်မှာ ယခုလိုမျိုး ညဉ့်နက်သန်းခေါင် လူခြေတိတ်ငြိမ်စအချိန်အခါသမယ၌ ယင်းအရိပ်မည်းမည်းသဏ္ဌာန်ကြီးအား ရွာသူရွာသားတစ်စုံတစ်ယောက်က . . . အမှတ်မထင် မြင်တွေ့သွားပါက သရဲတစ္ဆေဝိညာဉ်တစ်ကောင်ဟု ထင်မှတ်လျက် ချောက်ချားထိတ်လန့်ကာ အော်ဟစ်ပြေးသွားမည်မှာ သေချာလှပေသည်။

အမှန်တကယ် ယင်းအရိပ်မည်းမည်းကြီးသည် ဝိညာဉ်လော . . . သရဲတစ္ဆေ နာနာဘာဝတစ်ကောင်လော . . . ။

တရွေ့ရွေ့လျှောက်လှမ်းလာသော အရိပ်မည်းကြီးသည် ထိန်တောရွာစွန်ရှိ ခြံကြီးတစ်ခြံရှေ့ရောက်သော် ခေတ္တမျှ ခြေအစုံရပ်တန့်သွားလျက် ခဏအကြာတွင် ခြံကျယ်ကြီးအတွင်းသို့ လျင်မြန်စွာလှမ်းဝင်သွားလေတော့သည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ခြံကြီးမှာ ကျယ်ဝန်းလှသော်လည်း ခြံကြီး၏အလယ်တည့်တည့်မှာမူ ရှေးခေတ်အခါက ဆောက်လုပ်ထားဟန်တူသော နှစ်ဆောင်ပြိုင်အိမ်ကြီး တစ်အိမ်က အမှောင်ထဲ၌ ထီးတည်းတည်ရှိနေလေသည်။

အမှတ်တမဲ့ဟုဆိုလျှင် ယင်းနှစ်ဆောင်ပြိုင်အိမ်မည်းကြီးသည် အသံဗလံ တစ်စက်မျှမကြားရသဖြင့် လူသူမရှိဟု ထင်မှတ်ရမည်ဖြစ်ပါသော်လည်း အိမ်ကြီးအနီးသို့ရောက်ရှိလျှင် အတွင်းကနေ မှိန်ပျပျလေး အပြင်သို့ဖြာထွက်နေသောမီးရောင်အား မြင်တွေ့ရမည် ဖြစ်ပေ၏ ...။

အရိပ်မည်းမည်းသဏ္ဌာန်ကြီးသည် အမှောင်အောက်၌ တရွေ့ရွေ့သရဲတစ်ကောင်ပမာ ... အိမ်မည်းကြီးရှိရာသို့ ရောက်ရှိလာပြီးလျှင် နှစ်ဆောင်ပြိုင်အိမ်ကြီး၏အောက်ထပ်ရှိ တံခါးမကြီးအား ညင်သာစွာခေါက်လိုက်၏။

'ဒေါက် ဒေါက် ဒေါက်'

တံခါးခေါက်သံသုံးချက်အဆုံး ခဏအကြာ၌ နှစ်ဆောင်ပြိုင် အိမ်မကြီး၏တံခါးသည် ကျွီခနဲမြည်လျက် အနည်းငယ်ပွင့်ဟသွားလေ၏။

ထိုအခါ အရိပ်မည်းမည်းကြီးသည် အိမ်ကြီးတွင်းသို့ လှစ်ခနဲ သွက်လက်လျင်မြန်စွာ ဝင်လိုက်လေတော့၏။ အတွင်းသို့ရောက်လျှင် တံခါးကို လာဖွင့်သူမှာ လွန်စွာမှပင် အရုပ်ဆိုးအကျည်းတန်လှသော အသက်ခုနစ်ဆယ်အရွယ်ခန့်ရှိ အဘွားကြီးတစ်ဦးပင် ဖြစ်သည်။

အဘွားကြီးသည် အိမ်ထဲဝင်ရောက်လာသူ အရိပ်မည်းမည်းအား မလိုလားဟန်မျက်ထောင့်နီကြီးဖြင့် လှမ်းကြည့်ကာ ...

"ညည်း ... ရောက်လာပြန်ပြီလား မြခ္ခာညို"

"အဟင်း ဟင်း ... ဘွားနှင်းရုံရယ် ... ခ္ခာညိုက ဒီအိမ်ကြီးကို လာတာ ဘာများဖြစ်လို့လဲ၊ ဒီအိမ်ကြီးဟာ ခ္ခာညိုတို့ကို လူ့လောကကြီးထဲ စတင်ခေါ်ဆောင်လာခဲ့တဲ့နေရာလေ ...၊ ပြီးတော့ ဒီအိမ်မှာ ခ္ခာညို သံယောဇဉ်အကြီးဆုံး မမြသင်းညို ရှိနေတယ်လေ"

"ညည်း မြသင်းညိုကို လာတွေ့တာပေါ့"

"အဟင်း ဟင်း ... အစစ်ပေါ့ ဘွားနှင်းရုံရယ်၊ ခ္ခာညို့ဘဝမှာ





သကြီးသန်းခေါင် တရွေ့ရွေ့သရဲတစ်ကောင်လို လာပြီးတွေ့ရအောင် မမြသင်းညိုကလွဲပြီး ဘယ်သူရှိရဦးမှာလဲ၊ ဘွားနှင်းရုံကိုတော့ ခ္ခာညို မုန်းတယ်"

"အောင်မာ ... ညည်းကများ ငါ့ကို ... တောက်"

အရိပ်မည်းမည်းသဏ္ဌာန်ရှင်၏အပြောကြောင့် ဘွားနှင်းရုံဟူသော အရုပ်ဆိုးဆိုးအဘွားကြီးသည် လွန်စွာခံပြင်းဒေါသထွက်သွားဟန်ဖြင့် အံကြိတ်ကာ ပြောလိုက်၏။

ဒေါ်နှင်းရုံ၏မျက်ဝန်းများသည် ဒေါသရောင်ဖြင့် မီးရောင်မှိန်မှိန်အောက်မှာပင် တဖျပ်ဖျပ်လက်နေလေ၏။

အဘွားကြီး၏ ဒေါသတကြီးမြောက်လိုက်သော လက်ကို ခ္ခာညိုဟူသော အရိပ်မည်းမည်းဝတ်ရုံနက်ကြီး ယခုချိန်ထိလွှမ်းခြုံထားဆဲရှိသည့် ဝိညာဉ်မိန်းမပျိုလေးက ဟင့်ခနဲ တစ်ချက်ရယ်သွမ်းလိုက်ပြီးလျှင် ...

"ဒီမှာ ဘွားနှင်းရုံ ... မြခ္ခာညိုဟာ ဟိုးလွန်ခဲ့တဲ့အနှစ်နှစ်ဆယ်လောက်က မသိနားမလည်တဲ့ မိန်းကလေးတစ်ယောက် မဟုတ်တော့ဘူး။ ဘွားနှင်းရုံဟာ ကျွန်မတို့ကို ငယ်စဉ်ကတည်းက ပြုစုကျွေးမွေးလာတဲ့ ကျေးဇူးကြောင့် မြခ္ခာညို ရေမြွေတစ်ကောင်လို နေနေတာ ...၊

မြခ္ခာညို အခု နေနေတာ ရိုးမတောကြီးထဲက အန္တရာယ်တွေပြွမ်းတီးနေတဲ့ ကျားဆိုး၊ ဆင်ဆိုးတွေနဲ့ နေထိုင်နေတဲ့သူဆိုတာ သတိရပါဦးရှင်၊ ပြီးတော့ ခ္ခာညိုဟာ မမြသင်းညိုလို ဘွားနှင်းရုံ လက်ကလေးလှုပ်ရုံမျှ လိုက်ကမယ့် ရုပ်သေးရုပ်တစ်ရုပ်မဟုတ်ဘူးနော်၊ ခု ... ခ္ခာညိုလာခဲ့တာ မမြသင်းညိုနဲ့ တွေ့ဖို့ပဲ၊ မမြသင်းညို ဘယ်မှာလဲ ... သူ့အခန်းမှာပဲလား"

ဟု အရိပ်မည်းကြီးနှယ် ဝတ်ရုံနက်ကြီးလွှမ်းခြုံထားသော မိန်းကလေးက ပြောလိုက်လျှင် ဒေါ်နှင်းရုံဆိုသောအဘွားကြီးက ထူအမ်းအမ်းနှုတ်ခမ်းကြီးကို မဲ့ရွဲ့ပြလျက် ...

"ခ္ခာညို နေမကောင်းဘူး ... အိပ်နေတယ်"

"ဘွားနှင်းရုံ မမြသင်းညိုကို ရိုက်ထားပြန်ပြီ မဟုတ်လား"

"ဟုတ်တယ် ... ငါ့စကားနားမထောင်သူဆိုရင် ငါ့ကျပွတ်စာ မိ



www.burmeseclassic.com

www.burmeseclassic.com



သွားမှာပဲ အေး . . . ညည်းက အသက်ဆယ်နှစ်လောက်မှာ ဟိုကောင် . . . သီလ လာခေါ်သွားလို့ ငါ့လက်က လွတ်သွားတယ်မှတ်''

''တောက်''

ဒေါ်နှင်းရုံဆိုသော အရုပ်ဆိုးဆိုးအဘွားကြီးသည် ထိုစကားကိုပြောပြီး မီးအိမ်လေးဆွဲလျက် အိမ်ကြီး၏အနောက်ဘက်သို့ လှမ်းဝင်သွားလေတော့သည်။

ထိုအခါ မြခွာညိုဟူသော ဝတ်ရုံနက်မိန်းကလေးသည် ခံပြင်းစွာ အံကြိတ်လျက် တက်တစ်ချက်ခေါက်လိုက်လေ၏။

မီးအိမ်လေးဖြင့်အတူ ဒေါ်နှင်းရုံ၏အရိပ်ရှည်ရှည်ကြီး ပျောက်ကွယ်သွားသောအခါ ဝတ်ရုံနက်ကြီးလွှမ်းခြုံထားဆဲ မိန်းကလေးသည် အတွင်းဘက် လှေကားမှနေ၍ မီးရောင်လဲ့လဲ့ကလေး ဖြာကျနေသော အပေါ်ထပ်ရှိ အခန်းတစ်ခုရှိရာသို့ လှမ်းတက်လာခဲ့လေ၏။

မကြာမီ ယင်းအခန်းရှေ့သို့ ရောက်ရှိလာသည်။

အခန်းရှေ့သို့ရောက်သော် မီးရောင်လဲ့လဲ့ကလေးဖြာထွက်နေသော အခန်းတံခါးကို ညင်သာစွာတွန်းဖွင့်ဝင်လိုက်၏။

အခန်းထဲက ရှေးဟောင်းခုတင်ကြီးတစ်လုံးပေါ်မှာ လဲလျောင်းနေသော မိန်းကလေးတစ်ဦးသည် သူမ၏အခန်းတွင်းသို့ ဖြုန်းခနဲဝင်ရောက်လာသည့် ဝတ်ရုံနက်ဖြင့်မိန်းကလေးအား တွေ့မြင်လိုက်ရသော်လည်း ထိတ်လန့်ကြောက်ရွံ့ခြင်းမဖြစ်ဘဲ ဝမ်းသာအားရဖြင့် . . .

''ညီ . . . ညီမလေး . . . ခွာညို''

''မမ . . . မြသင်းညို''

သည်တော့မှ မိန်းကလေးသည် တစ်ချိန်လုံး သူ၏ကိုယ်ပေါ် လွှမ်းခြုံထားသည့် ဝတ်ရုံနက်ဖားဖားကြီးအား ချွတ်ပစ်လိုက်လေ၏။

ယင်းအခါ ငယ်ရွယ်နုနယ်လှပသော ဝင်းမွတ်သည့်မျက်နှာကလေး ပေါ်လာပြီးလျှင် နက်မှောင်ရှည်လျားသော ဆံနွယ်ကြီးကလည်း ကျောလယ်သို့ ဝဲခနဲ ဖြာဆင်းသွားကြလေတော့၏။





အခန်းထဲဝင်လာသော မိန်းကလေးသည် ခုတင်ထက်ရှိ မိန်းကလေးရှိရာ သွက်လက်စွာလျှောက်သွားပြီး ပွေ့ဖက်လိုက်လေတော့သည်။

ထိုအခါ ခုတင်ပေါ်ရှိ မိန်းကလေးသည်လည်း ပြန်လည်ပွေ့ဖက်ကာ

''ခွာညို . . . ညီမလေးရယ်''

''မမကို ဘွားနှင်းရုံ နှိပ်စက်ထားပြန်ပြီ မဟုတ်လား''

ထိုမေးခွန်းကြောင့် ခုတင်ပေါ်ရှိမိန်းကလေးမျက်ဝန်းတွေက ချက်ချင်း
င် တောက်ပဝင်းလက်နေရာကနေ ဖျော့တော့မှေးမှိန်သွားပြီး . . .

''ညီမလေး အောက်ထပ်မှာ ဘွားနှင်းရုံနဲ့ဆုံခဲ့ပြီးပြီပေါ့''

''ဒါပေါ့ မမသင်းညို . . . မမဆီကို ခွာညိုသတိရလို့ လှမ်းဆွတ်လို့ ာတိုင်း ဘွားရုံနဲ့မတွေ့ရတာ ဘယ်နှခါရှိဖူးလို့လဲ၊ ခုလည်း ခွာညို့ကို ြိမ်းမောင်းသွားလေရဲ့''

''မမကြောင့် မဟုတ်လား''

''ဟုတ်တယ် . . . မမကိုရိုက်တယ်ကြားလို့ ခွာညို့ရင်ထဲမှာ ဖျဉ်း ခနဲခံပြင်းသွားတာ၊ သူသာ တကယ်လို့ ခွာညိုတို့ရဲ့ဘဝနဲ့ မပတ်သက်တဲ့ သူစိမ်းတစ်ယောက်ဆိုရင် ခုလောက်ရှိ အရိုးဆွေးနေတာ ကြာပြီ''

''အို . . . ခွာညို . . . ဘွားရုံက မမနဲ့ခွာညိုတို့ရဲ့ အဘွားလေကွယ်၊ သူ ဘာပဲလုပ်လုပ် မမ သည်းခံနိုင်ပါတယ် ခွာညိုရယ်''

မြသင်းညိုဆိုသောမိန်းမချောလေးက တိုးတိတ်စွာပင် ဆိုလေ၏။

ထူးခြားချက်တစ်ခုမှာ မြခွာညိုဟူသောမိန်းမချောလေးနှင့် အခန်း ထဲမှရှိနေသော မြသင်းညိုဟူသည့်မိန်းကလေးမှာ ကိုယ်ခန္ဓာအလုံးအထည်မှ ၍ မျက်နှာ၊ မျက်ခုံး၊ မျက်လုံးအဆုံး ရုတ်တရက် ခွဲခြား၍မရအောင် တစ် ထေရာတည်း ချွတ်စွပ်တူနေခြင်းပင်ဖြစ်လေသတည်း။

အကယ်လည်း ဤသို့ခွဲခြားမရအောင် ချွတ်စွပ်တူရသည်အထိ တစ် သပ်တည်းတူနေရခြင်းမှာ လူ့လောကသို့လွှန်ခဲ့သည့် အနှစ် နှစ်ဆယ်က ထိန်တောရွာ ဤနှစ်ဆောင်ပြိုင်အိမ်ကြီး၌ တစ်ချိန်တည်း မွေးဖွားခဲ့သော အမွှာညီအစ်မရင်းတွေဖြစ်နေ၍ပင်တည်း . . .။



www.burmeseclassic.com

www.burmeseclassic.com

မြသင်းညိုသည် အကြီးဖြစ်၍ မြနှာညိုသည် အငယ်ပင် ဖြစ်လေသည်။

ထိန်တောရွာစွန်ရှိ ဤနှစ်ဆောင်ပြိုင်အိမ်ကြီးမှာ သူမတို့ ငယ်စဉ်ကတည်းက ကြီးပြင်းခဲ့ရာအိမ်ကြီးပင် ဖြစ်လေ၏။

ဤအိမ်ကြီးနှင့် ခြံကြီးအား ဘွားနှင်းရုံဟူသော ဒေါ်နှင်းရုံက ပိုင်ဆိုင်လေသည်။

ဒေါ်နှင်းရုံအား ဤထိန်တောရွာက လွန်ခဲ့သောနှစ်ပေါင်းများစွာကပင် မကောင်းသောမိစ္ဆာအတတ်များ တတ်မြောက်ထားသည့်အဘွားကြီးဟု သတ်မှတ်လျက် မည်သူမျှ အဆက်အဆံ အခေါ်အပြော မလုပ်ကြပေ။

ထို့အတူ ဒေါ်နှင်းရုံသည်လည်း ရွာသားများအား အဖက်မတန်သကဲ့သို့ ဆက်ဆံနေထိုင်လျက် ရွာတွင်းသို့ ရိက္ခာကုန်ခြောက်လေးများ ဝယ်ယူချင်သည့်အခါကျမှသာ သွားတတ်လေ့ရှိလေသည်။

ဤခြံကြီးနှင့် နှစ်ဆောင်ပြိုင်အိမ်ကြီးထဲ၌ ချောမောလှပသော မြနှာညိုနှင့် မြသင်းညိုဟူသော အမြွှာညီအစ်မနှစ်ယောက် မွေးဖွားကြီးပြင်းခဲ့သည်ဆိုသည်ကို ထိန်တောရွာက သိရှိသူတွေပင် နည်းပါးလွန်းလှလေသည်။

အချိန်က တစ်စစ ရင့်အိုလာလေ၏။ အခန်းထဲ မီးရောင်မှိန်မှိန်လေးက လင်းလက်နေဆဲပင် ဖြစ်လေသည်။

“မမမြသင်း”

“ဟင် . . . နှာညို . . . ဘာလဲ”

“ဘွားရုံ မမမြသင်းညိုကို ဘာအပြစ်ရှိလို့ ရိုက်တာလဲ”

“နှာညိုရယ် . . . အဟင့် ဟင့်”

မြသင်းညိုထံမှ တိုးတိမ်ဖျော့တော့သည့် ညည်းတွားသံလေးနှင့်အတူ မျက်ဝန်းအိမ်ထက်ဆီက မျက်ရည်စမ်းချောင်းလေးနှစ်သွယ် စီးဆင်း၍လာလေသည်။ မြနှာညို တစ်စုံတစ်ခုကို ရိပ်စားမိလိုက်သလို ရှိသွား၏။

“မမမြသင်း . . ဟိုကိစ္စကို သွားပြီးစကားစမိလို့ မဟုတ်လား”

“မ . . . မစလို့ဖြစ်ပါ့မလား နှာညိုရယ် . . . လူ . . . လူယုတ်မာရဲ့





သွေးဆိုပေမယ့် သားလေးက မမသင်းညိုကိုယ်တိုင် ဝမ်းနဲ့လွယ်ပြီးမွေးထားခဲ့ရတဲ့ သားကလေးပါ၊ မမ ဘယ်လိုလုပ် မေ့ဖျောက်လို့ရမလဲကွယ်”

မြသင်းညိုသည် စကားဆုံးသည်နှင့် အင့်ခနဲ ရှိုက်ကြီးတငင် ငိုကြွေးလေတော့၏။ မြနှာညိုသည် ဤလောကအလယ်၌ တစ်ဦးတည်းသော သွေးသံယောဇဉ်တွယ်ရသူ အစ်မဖြစ်သူ၏ ကိုယ်လုံးလေးကို တင်းကျပ်စွာ ပွေ့ဖက်လျက် . . .

“မမသင်းညိုရယ် . . . စိတ်မကောင်းမဖြစ်ပါနဲ့၊ ဒီကိစ္စကို နှာညို သိရအောင် ဆောင်ရွက်ပေးပါ့မယ်”

“ညီမလေးကို မမ အားကိုးပါတယ်ကွယ်၊ သား . . . သားလေးဟာ ခုအချိန် လူ့လောကမှာ ရှိမှရှိသေးရဲ့လားမသိဘူး”

“ရှိမှာပါ မမမြသင်းညို၊ မမရဲ့ရင်သွေးလေး လူ့လောကမှာ သက်ရှိထင်ရှားရှိနေသေးတယ်ဆိုရင် နှာညို မရ,ရအောင်စုံစမ်းပြီး မမရဲ့ရင်ခွင်ထဲအရောက် ပြန်ထည့်ပေးပါ့မယ်၊ တကယ်လို့များ . . .”

“ဟင် . . . ဘာ . . . ဘာဖြစ်လဲဟင်”

“မမမြသင်းညိုရဲ့ရင်သွေးကို လူ့လောကထဲကနေ စွန့်ခွာသွားရအောင်ပြုလုပ်ခဲ့သူဆိုရင်လည်း ဘွားရုံပဲဖြစ်စေ . . . နှာညို တုံ့ပြန်လက်စားချေပါမယ်လို့ ကတိပေးပါတယ်”

“ညီမလေးရယ် . . . အဟင့်ဟင့်”

မြသင်းညိုသည် သူမအပေါ် အရမ်းတွယ်တာလွန်းသော ငယ်စဉ်ကတည်းက သိပ်ချစ်လွန်းသော မြနှာညို၏ရင်ခွင်ထဲသို့ တိုးဝင်ကာ ငိုကြွေးလိုက်မိလေတော့သည်။ မြနှာညို၏စိတ်ဓာတ်က သူမကဲ့သို့ မပျော့ညံ့ချေ။

မြနှာညိုသည် ရုပ်ကလေးနုနယ်ချောမောလှသလောက် တစ်စုံတစ်ရာ ဆုံးဖြတ်စရာရှိပါလျှင် နောက်မတွန့်စတမ်း၊ မရှုံ့စတမ်း ပြုလုပ်တတ်လေ့ရှိမှန်း မြသင်းညိုသိထားပါလေ၏။ မြသင်းညို၏မျက်ရည်မြစ်က စီးဆင်းနေဆဲ . . .။

❐ ❖ ❐



www.burmeseclassic.com

www.burmeseclassic.com

ခြေဦးတာသိဂျာ

ဆင်ဝပ်ရွာကလေးကနေ ထွက်ခွာလာခဲ့ကြသော လှမောင်နှင့် နှင်းမြတို့သည် မြန်မာနိုင်ငံအနှံ့အပြား ခြေဦးတည့်ရာ ရောက်ရှိနေလေတော့၏။ သို့ရာတွင် နှင်းမြတို့လင်မယားနှစ်ယောက်မှာ ဆင်ဝပ်ရွာကလေးတွင် နေထိုင်ခဲ့ကြစဉ်ကနှယ် ချို့တဲ့နွမ်းပါးသော အကြင်လင်မယားမဟုတ်တော့ဘဲ ရောက်ရာအရပ်တွင် သောက်စား သုံးဖြုန်း ပျော်ပါးနေကြလေတော့၏။

လှမောင်သည်လည်း ယခင်က အရက်ကို လျှာဆွတ် အာဆွတ်ရုံမျှ သောက်တတ်သော်လည်း ယခုအခါ အရက်ဝိုင်းပင် နေ့စဉ် ပြုလုပ်နေလေပြီ။ နေအိမ်၌ နေ့စဉ် တရုံးရုံး ...။ အပေါင်းအသင်းများလည်း စုံလာလေသည်။ အရက်သမား၊ ဖဲသမား၊ ကြက်သမားမှစ၍ ဓားပြများထိ ပေါင်းသင်းလာခဲ့သည်။

နောက်ဆုံး၌ လှမောင်နှင့်မနှင်းမြတို့သည် အထက်အညာရှိ မြို့ငယ်ကလေးတစ်မြို့တွင် အခြေချနေထိုင်ကြလေတော့သည်။

သို့သော်လည်း လှမောင်သည် နေ့တိုင်း အရက်ဝိုင်း၊ ကြက်ဝိုင်းများဖြင့်သာ အချိန်ကုန်နေလေတော့၏၊ သူတို့၌ပါရှိလာသော ငွေကြေးများသည်လည်း မည်သည့်အလုပ်မှမလုပ်ဘဲ သုံးဖြုန်းသောက်စားမှုယစ်နေသောကြောင့် သိပ်မကြာခင်မှာပင် ကုန်ဆုံးသွားရလေတော့၏။





သို့တိုင်လည်း လှမောင်သည် မည်သည့်အလုပ်မှ လက်ကြောတင်းအောင် မယ်မယ်ရရမလုပ်ဘဲ ဆက်ရက်မင်းစည်းစိမ်ခံကာ သောက်စားမှုယစ်လျက် ရှိနေမြဲသာတည်း။

"ကိုလှမောင်"

"ဘာလဲ နှင်းမြ"

"ကျွန်မတို့မှာပါလာတဲ့ ပစ္စည်းတွေ၊ ငွေကြေးတွေလည်း ကုန်ပြီးရှေ့ဆက်ပြီး ကျွန်မတို့ရဲ့စားရေးသောက်ရေးအတွက် ရှင် အလုပ်တစ်ခုတော့ လုပ်မှကောင်းလိမ့်မယ် ကိုလှမောင်"

"ငါက ဘာလုပ်ရမှာလဲကွ ... ဘာအလုပ်မှမလုပ်တတ်တဲ့ ဥစ္စာ"

လှမောင်သည် နှင်းမြအား လှမ်း၍နှုတ်ပြောလိုက်လေသည်။ စိတ်တွင်းမှလည်း ဒီမနက် အရက်ဖိုးမရှိ၍ အရက်ဆိုင်သွားဖို့ စိတ်ညစ်နေရသည့်အထဲ ဒီမိန်းမကတစ်မျိုးပဲ တွေးလိုက်မိလေသည်။

ယနေ့ အရက်ဆိုင်တွင် မိတ်ဆွေတစ်ဦးဖြင့်လည်း ချိန်းဆိုထားလေ၏။ သူ၏အမည်မှာ မိုက်ခဲအောင်ဒင်ဟု လှမောင်သိထားသည်။ ဒီမြို့ကလေး၌ မိုက်ခဲအောင်ဒင်ဆိုလျှင် မသိသူမရှိပေ။ တိတ်လျောင်၏အရက်ဆိုင်မှာ အရက်သောက်ရင်းကပင် လှမောင် ... မိုက်ခဲအောင်ဒင်နှင့် ရင်းနှီးသွားခြင်း ဖြစ်လေ၏။

ဒီနေ့လည်း အရက်ဆိုင်မှာ မိုက်ခဲအောင်ဒင်နှင့်တွေ့ကြုံရပေမည်။

"ဟေ့ ... နှင်းမြ"

"ဘာလဲတော်"

"ငါ့ကို အရက်ဖိုးပေးစမ်းပါဦးဟာ၊ ငါ ဒီနေ့ တိတ်လျောင်အရက်ဆိုင်မှာ လူတစ်ယောက်နဲ့တွေ့ဖို့ ချိန်းထားတယ်ဟ"

"ကျွန်မမှာ ပိုက်ဆံတစ်ပြားမှမရှိတာ ရှင်အသိဆုံးပဲ မဟုတ်လား ... ဘယ်ကပိုက်ဆံက တွင်းရှိလို့ ထွက်နေမှာလဲတော့"

"ပိုက်ဆံမရှိလည်း ရှာထဲသွားပြီး မင်းနားကပ် ချွတ်ပေါင်ကွာ၊ ဒီနေ့ ငါ မိုက်ခဲအောင်ဒင်နဲ့ အလုပ်ကိစ္စတွေ့ဖို့ ချိန်းထားတယ်ကွ၊ အဆင်ပြေရင်



www.burmeseclassic.com

www.burmeseclassic.com



မင်း ... အမြိန့်သားနေရမှာပါကွ နှင်းမြ''

''ရှင်ပြောလိုက်ရင် ဒီလိုလေမျိုးချည်းပဲ၊ နောက်တော့လည်း ဘာမှ အဖြစ်ရှိတာလည်း မဟုတ်ဘူး''

''ကဲ ... လှပ်ပါနှင်းမြရာ ... ငါ့ကို မိုက်ခဲအောင်အင် စောင့်နေမှာကွ''

''ကဲ ... ရော့ ... ရော့ရှင်''

နောက်ဆုံး လှမောင်၏ မရမကတောင်းနေမှုကြောင့် နှင်းမြ၏ရင်ပုံ ကြားထဲက ငွေကြေးသည် လှမောင်၏လက်တွင်းသို့ ရောက်ရှိသွားပေပြီ။

လက်ထဲသို့ ပိုက်ဆံရောက်ရှိသွားသည်နှင့် လှမောင်သည် ထိုင်နေရာ က ရုတ်ခနဲထပြီး အိမ်ပေါ်ကနေ ဆင်းသွားလေတော့၏။ လှမောင်၏ခြေဦး တည့်ရာကား တိတ်လျောင်အရက်ဆိုင်သို့ ဖြစ်ပေ၏။

လှမောင်အားကြည့်ကာ မနှင်းမြသည် သက်ပြင်းတစ်ချက် လေးလံ စွာ ချလိုက်မိလေတော့သည်။ ရွာမှာတုန်းက လှမောင်သည် ဤလှမောင် မဟုတ်ပေ။ မရှိအတူ ရှိအတူ၊ ဒိုးတူပေါင်ဖက် နှင်းမြအား ရွာဖွေလုပ်ကိုင် ကျွေးမွေးသေးသည်။

နှင်းမြတို့ ဆင်ဝပ်ရွာကလေးကနေ ထွက်ခွာခဲ့သည်မှာ ခြောက်လ ခန့်ပင် ကြာမြင့်လာခဲ့ပြီဖြစ်သည်။ ယင်းနေ့က အဖြစ်အပျက်များအား မနှင်းမြ ပြန်လည်မြင်ယောင်လာမိလေသည်။

ယင်းညက တစ်ညလုံး ပြင်းထန်ကြမ်းတမ်းသော မိုးသက်မုန်တိုင်း သည် တစ်ညလုံး ကြမ်းတမ်းစွာတိုက်ခတ်နေခဲ့လေသည်မို့ နှင်းမြမှာ တစ်ည လုံး ထိတ်လန့်ကြောက်ရွံ့နေရလေသည်။

မနက်ခင်းတွင် နှင်းမြသည် ရုတ်တရက် မှေးခနဲ အိပ်စက်ပျော်သွားမိ လေ၏။ နှင်းမြ မည်မျှကြာအောင်ပင် အိပ်စက်ပျော်သွားခဲ့သည် မသိချေ။

''နှင်းမြ နှင်းမြ ... ထစမ်း''

''ဟင်''

လှမောင်၏နှိုးသံကြောင့် မနှင်းမြသည် အိပ်ပျော်နေရာက ဖျတ်ခနဲ လန့်နိုးသွားလေသည်။

❖ ရိုးရှင်းအောင်စာပေ ❖



''ဟင် ... ဘာ ... ဘာဖြစ်လို့လဲ ကိုလှမောင်''

ကိုလှမောင်၏မျက်နှာသည် တစ်စုံတစ်ရာအား စိုးရိမ်ပူပန်နေဟန် အရိပ်များ လွှမ်းခြုံနေသကဲ့သို့ သူ၏လက်တွင်းရှိသည့် အထုပ်ငယ်တစ်ထုပ် အား ကိုင်ဆောင်ထားတာကို မနှင်းမြ မြင်တွေ့လိုက်ရလေသည်။

''ငါ ... ငါတို့ချမ်းသာပြီ၊ ဒီ ... ဒီဘဝကလွတ်ပြီကွ နှင်းမြရ''

''ဟင် ... ရှင့်စကားက ဘာစကားလဲ၊ ကျွန်မတို့က ဘာဖြစ်လို့ ချမ်းသာမှာလဲ ကိုလှမောင်၊ ခုတောင်မှ စားဖို့က အနိုင်နိုင်ရယ်''

''ဒီမှာကြည့်စမ်း နှင်းမြ''

''ဟင်''

လှမောင်သည် သူ၏လက်တွင်း၌ ကိုင်ထားသော အထုပ်ငယ်အား ဖွင့်ကာ မနှင်းမြ၏ရှေ့သို့ ထိုးပြလိုက်လေသည်။ မနှင်းမြသည် ဟင်ခနဲ အာမေ ဋိတ်သံတစ်ချက်ဖြင့်အတူ မျက်ဝန်းအစုံက ပြူးကျယ်ဝန်းစက်သွားရလေ၏။

မည်သည့်အတွက်ကြောင့်ဆိုသော် သူမ,မြင်တွေ့လိုက်ရသည်က လှမောင်လက်တွင်းရှိအိတ်ထဲ၌ ရွှေဒင်္ဂါးပြားများ ...။ နှင်းမြသည် အံ့သြ တုန်လှုပ်သွားသောစိတ်ဖြင့် ကတုန်ကယင်လေသံဖြင့် ...

''ကို ... ကိုလှမောင် ... ရှင် ... ဒီ ... ဒီဟာတွေ ဘယ်ကရလာ ခဲ့တာလဲ''

''ငါ ... ဒီပစ္စည်းတွေ ဘယ်ကရတယ်, မရတယ် မေးမနေနဲ့ နှင်းမြ မင်းအဝတ်အစားတွေ သိမ်း ... ငါတို့ ဆင်ဝပ်ရွာကို စွန့်ခွာမှဖြစ်မယ်''

''အို ... ရှင် ... ဘာ ... ဘာဖြစ်လို့''

''ငါပြောသလိုသာ လုပ်စမ်းပါ နှင်းမြရယ်''

စကားဆုံးသည်နှင့် လှမောင်သည် အဝတ်အစားများကို အိတ်တစ် ခုထဲသို့ထည့်နေ၍ နှင်းမြလည်း မနေသာတော့ဘဲ လှမောင်ခိုင်းသည့်အတိုင်း ပစ္စည်းများအား ထည့်သိုရလေတော့သည်။

ယင်းနေ့တွင်ပင် လှမောင်နှင့်နှင်းမြတို့နှစ်ယောက် ဆင်ဝပ်ရွာလေး အား ကျောခိုင်းစွန့်ခွာခဲ့ကြလေတော့၏။

❖ ရိုးရှင်းအောင်စာပေ ❖

www.burmeseclassic.com

www.burmeseclassic.com



ယင်းနောက်တွင်မှ လှမောင်ပြောပြသည်မှာ သူသည် မိုးလေငြိမ်သက်စ မနက်အရုဏ်ဦးချိန်က ဆင်ဝပ်ဆောင်ဘုရားကုန်းလေးသို့ တစ်ဦးတည်းရောက်ရှိသွားခဲ့ကြောင်း . . .

ဆင်ဝပ်တောင်တစ်ခုလုံး ညကတိုက်ခတ်ခဲ့သည့် မုန်တိုင်းကြောင့် အားလုံးပျက်စီးပြိုလဲလျက် ဆင်ဝပ်တောင်ဘုရားမှာလည်း ပြိုပျက်နေပြီဖြစ်ကြောင်း . . .

ဘုရား၏နံဘေးမှာ ဌာပနာတိုက်တွင်းကနေ ပျက်စီးပြိုကွဲ၍လွင့်စဉ်ကျလာဟန်တူသော ရွှေဒင်္ဂါးများအား လောဘဇောဖြင့် ကောက်ယူလာခြင်းဖြစ်ကြောင်း . . .

ယင်းသို့ ယူဆောင်လာပြီးခါမှ ဘုရားဌာပနာတိုက်ကို ဖောက်ထွင်းသည်ဟု ရွာကထင်မြင်သတ်မှတ်ပြီး ဖမ်းဆီးခံရမည်ကို စိုးရိမ်၍ ရွာကိုစွန့်ခွာခဲ့ကြောင်း မနှင်းမြသိရလေတော့၏။

ယင်းအကြောင်းတွေကို မနှင်းမြသိရသောအခါ . . .

''အမလေး ကိုလှမောင်ရယ် . . . ကျွန်မတို့ တစ်သက်လုံး ခုလိုပဲ ဆင်းဆင်းရဲရဲနဲ့ရှာဖွေစားသောက်လာခဲ့တဲ့ဥစ္စာ ဘုရားပစ္စည်းကို တစ်ခါမှ မပြစ်မှားခဲ့ဖူးပါဘူး။ ခု ရှင်ယူလာခဲ့တာ ဒါဆိုရင် ဘုရားပစ္စည်းတွေပေါ့''

''ဟ . . . ဘုရားက အုတ်ပုံဖြစ်နေပြီကွ၊ ဌာပနာပစ္စည်းတွေက မုန်တိုင်းကြောင့် ဟိုတစ်စ၊ ဒီတစ်စပြန့်ကျဲနေတာ၊ ငါမယူလည်း တွေ့တဲ့ရွာသားတွေ ယူကြမှာပဲကွ၊ ငါက မသမာတဲ့စိတ်နဲ့ ဌာပနာတိုက်ကို ခိုးပြီးဖောက်တာမှ မဟုတ်ဘဲကွ၊ သူကံနဲ့သူ ထိုက်လို့ရတဲ့ဥစ္စာ''

''အို . . . ကျွန်မတော့ ပြောတာနဲ့တင် ကြောက်လန့်လွန်းပါတယ်ရှင်၊ မစားရဲပါဘူး . . . စိမ်ရည်သင့်နေပါဦးမယ်''

''ဒါတော့ မင်းဆန္ဒ မင်းသဘောပဲ၊ ငါကတော့ ငါနဲ့ထိုက်လို့ရတယ်လို့ပဲ သတ်မှတ်တယ်၊ ခုချိန်ကစပြီး ငါတို့ရှေ့လျှောက် ပင်ပန်းဆင်းရဲစရာမရှိတော့ဘူးကွ . . . သိလား၊ ဒီရွှေဒင်္ဂါးတွေကို ထုခွဲရောင်းချပြီး စီးပွားလုပ်ကိုင်စားသောက်ရမယ် . . . ဟား ဟား''





''နှင်းမြ ဘာမှမစဉ်းတတ်တော့ဘူး . . . ရှင်ပဲကြည့်လုပ်တော့ ကိုလှမောင်''

အမှန်တကယ်လည်း မနှင်းမြသည် ဆင်ဝပ်တောင်ဘုရားလေးမှ ရရှိလာသောပစ္စည်းများဟုသိလိုက်ရသောအခါ အလွန်ပင် ထိတ်လန့်ကြောက်ရွံ့သွားခဲ့သည်မှာ အမှန်ပင်ဖြစ်ပေ၏။

သို့ပါသော်လည်း လှမောင်သည် ယင်းပစ္စည်းများကို ယူဆောင်ကာ ဆင်ဝပ်ရွာကလေးကိုပင် စွန့်ခွာခဲ့ကြပေပြီ။

တစ်ရွာလုံးက သူမတို့လင်မယားအပေါ် ပြိုပျက်နေသော ဘုရားပျက်နှင့် ပျောက်ဆုံးနေသော ဌာပနာပစ္စည်းများကြောင့် ဘုရားဌာပနာသိုက်ကို ဖောက်ထွင်းခိုးယူ၍ထွက်ပြေးသွားသည်ဟု ထင်မြင်စွပ်စွဲကြမည်မှာ အမှန်ပင်ဖြစ်ပေ၏။ နှင်းမြတို့ ရွာသို့ မည်သို့မျှပြန်၍ မဖြစ်တော့ပါ။

နှင်းမြတို့၏အခြေအနေမှာ ဆုပ်လည်းစူး စားလည်းရှူးရတော့မည့် ကိန်း ဆိုက်၍နေပေသည်။

သည့်နောက် လှမောင်နှင့်နှင်းမြတို့လင်မယားသည် သူတို့ပြုလုပ်ခဲ့သော မကောင်းမှုအရိပ်ကိုကြောက်လန့်၍ မည်သည့်မြို့ရွာမှာမှ အခြေတကျမနေထိုင်ရဲကြဘဲ ဤမြို့ကလေးရောက်မှသာ အခြေချနေထိုင်ခဲ့ကြခြင်းဖြစ်ပါသည်။ သူတို့လက်တွင်းမှာလည်း ငွေစကြေးစများ ကုန်ခန်းသွားခဲ့လေပြီ။

ရွာကထွက်လာကတည်းက လှမောင်သည် ယခင်ကလှမောင်မဟုတ်တော့။ ရွှေဒင်္ဂါးများရောင်းချ၍ရသောငွေကြေးများဖြင့် ရောက်သည့်မြို့ရွာတွင် သောက်စားမူးယစ်၍ မကောင်းမှုဒုစရိုက်မျိုးစုံကို လှူစုံပေါင်း၍ တတ်မြောက်လာသော လှမောင်ဖြစ်၍နေပေပြီ။ ယခင်ကနှယ် ရိုးသားသောလှမောင် မဟုတ်တော့။ မနှင်းမြလည်း မည်သို့မျှပြောဆိုဖျောင်းဖျ၍ မရတော့ပါချေ။

ယခုလည်း ညှို့သည်တစ်ယောက်ဖြင့် ချိန်းဆိုထားသည်ဟုဆိုကာ တိတ်လျှောင်အရက်ဆိုင်သို့ ထွက်သွားလေပြီ။ နှင်းမြသည် သက်ပြင်းကိုသာ တွင်တွင်ချမိလေတော့၏။

❒ ❖ ❒



www.burmeseclassic.com

www.burmeseclassic.com



## မိုက်ခဲအောင်ဒင်

လှမောင် ရွာလယ်ရှိ တိတ်လျှောင်အရက်ဆိုင်သို့ တစ်ယောက်တည်း လျှောက်လာခဲ့လေသည်။ အရက်ဆိုင်မှာ သူနှင့်ရှိန်းထားသော လူတစ်ယောက်ရှိသည်။ သူ၏အမည်မှာ မိုက်ခဲအောင်ဒင်ဖြစ်လေသည်။

မိုက်ခဲအောင်ဒင်ကို ဤနယ်တွင် မသိသူမရှိချေ။

လက်စလက်နရှိသော လူမိုက်တစ်ဦးဖြစ်သလို အချုပ်တို့၊ ထောင်တို့ မကြာခဏရောက်ဖူးလေသည်။

ယခုလည်း မကြာခင်ကမှ ထောင်ကနေ ပြန်ထွက်လာသူ ဖြစ်၏။

လှမောင် ဆိုင်ထဲသို့လှမ်းဝင်လိုက်သည်နှင့် မိုက်ခဲအောင်ဒင်အား ဆိုင်ထောင့်အတွင်းကျကျစားပွဲမှာ တစ်ဦးတည်းထိုင်နေသည်ကို တွေ့လိုက်ရလေသည်။

"ကိုအောင်ဒင် ရောက်နေတာကြာပြီလားဗျ"

"သိပ်မကြာသေးပါဘူးကွာ၊ ကဲ . . . ထိုင်ကွာ . . . ငါ့လူတစ်ယောက်လည်း လာဦးမှာကွ"

လှမောင် မိုက်ခဲအောင်ဒင်၏ရှေ့မှာ ဝင်ထိုင်လိုက်သည်။ မိုက်ခဲအောင်ဒင်က အရက်တစ်ခွက်ငှဲ့ပေးလိုက်သည်မို့ လှမောင်မော့သောက်လိုက်၏။





လှမောင် အရက်ခွက်အားပြန်ချလိုက်စဉ် မိုက်ခဲအောင်ဒင်က လှမောင်၏မျက်နှာကို စေ့စေ့ကြည့်ကာပြောလိုက်၏။

"လှမောင်"

"ပြောလေ ကိုအောင်ဒင်"

"ငါတို့ ဒီရက်အတွင်း အလုပ်တစ်ခုလုပ်ဖို့ အစီအစဉ်ဆွဲထားတယ်၊ မင်းလည်း ငွေကြေးခက်ခဲကျပ်တည်းနေတယ် မဟုတ်လား"

"ကျပ်တည်းတာတော့ မပြောနဲ့ဗျာ၊ ခု အရက်ဖိုးတောင် အိမ်မှာချမ်းသာသမျှ အကုန်ပဲဗျ"

"ဟော . . . ဟိုမှာ ငါ့လူ ဘိုးတေလာပြီ"

ဟု မိုက်ခဲအောင်ဒင်က ပြောလိုက်လေ၏။

လှမောင်က ဆိုင်အဝသို့ မသိမသာကြည့်လိုက်ရာ ဆိုင်ပေါက်ဝကနေ လှမ်းဝင်လာသော အသားညိုညို ဂင်တိုတိုလူတစ်ယောက်အား တွေ့လိုက်ရလေသည်။

သူ၏မျက်လုံးတွေက သေးငယ်ကျဉ်းမြောင်းပြီး ရက်စက်ကြမ်းကြုတ်ညှို့ဟန် အပြည့် . . .။

မိုက်ခဲအောင်ဒင်က ပြုံးရွှင်စွာဖြင့်

"လာဟေ့ ဘိုးတေ . . . မင်းကို စောင့်နေတာကွ"

"ဆောရီးဗျာ ကိုမိုက်ခဲ . . . ကျုပ် နည်းနည်းနောက်ကျသွားတယ်"

ဘိုးတေဆိုသူက ထိုင်ခုံမှာဝင်ထိုင်ရင်းက လှမောင်အား မသိမသာ အကဲခတ်ကြည့်ကာ ပြောလိုက်၏။

မိုက်ခဲအောင်ဒင်က သဘောပေါက်သွားဟန်ဖြင့် . . .

"ငါ့လူပါကွာ . . . နာမည်က လှမောင်တဲ့၊ ငါတို့ နောက်လုပ်မယ့်အလုပ်မှာ သူလည်းပါလိမ့်မယ်"

မိုက်ခဲအောင်ဒင်ကပင် မိတ်ဆက်ပေးလေသည်။ ဘိုးတေကမူ ဘာမှမပြော။ သည့်နောက် သူတို့စကားပြောဆိုရင်း အရက်ဆက်သောက်ကြလေသည်။



www.burmeseclassic.com

 www.burmeseclassic.com

အရက်တစ်လုံးကုန်သောအခါ မိုက်ခဲအောင်ဒင်က ...

''ဘယ်လိုလဲ ဘိုးတေ ... လုပ်ငန်းလုပ်ဖို့ အစီအစဉ်တွေ အားလုံး ကောင်းတယ်မို့လား''

''ဘိုးတေပဲဗျာ ... မပိုင်ရင် ခြင်ကိုတောင် လက်အညှောင်းခံပြီး မရိုက်ဘူးဆိုတာ ခင်ဗျားသိပါတယ်ဗျ ... ဒီတစ်ချီ ရမယ့်ကိစ္စက များတယ်ဗျ''

''အဟား ... များမှပဲ ဘိုးတေ ... မိုက်ခဲအောင်ဒင်က အတိုအစ လောက်ဆို သိပ်စိတ်မဝင်စားဘူးဆိုတာ မင်းသိပါတယ်လေ၊ ဒါထက် ဘယ်နေ့ အလုပ်စကြမလဲ''

''လာမယ့် လကွယ်ည''

''ကောင်းတယ်''

သည့်နောက် သုံးယောက်သား တစ်စုံတစ်ရာကို ခေါင်းချင်းဆိုင်ကာ ကြံစည်ကြလေ၏။ သိပ်မကြာခင် သုံးယောက်သား အရက်ဝိုင်းသိမ်းကာ လမ်းခွဲလိုက်ကြလေတော့၏။

❐ ❖ ❐



အားပြတိုက်ပြီ

လကွယ်ညဖြစ်၏။

အမှောင်သည် ဩကာသလောကကြီးတစ်ခုလုံးအား အမှောင်ကမ္ဗလာဝတ်ရုံကြီး လွှမ်းခြုံထားသည့်သို့ ရှိလေသည်။ အချိန်က သန်းခေါင်ယံ ကြက်ပင် တွန်ပြီးသွားခဲ့လေပြီ။ တတိုင်းကုန်းရွာသည်လည်း အမှောင်၏ကြီးစိုးမှုအောက်၌ တိတ်ဆိတ်ငြိမ်သက်စွာပင် တည်ရှိနေလေ၏။

ယင်းအချိန် ...

'အု .. ဝူ .. ဝူ .. ဝူ'

ရွာ၏အနောက်ဘက်ဖျားမှ ခွေးတစ်ကောင်၏ ဆွဲဆွဲငင်ငင်အူသံက ထွက်ပေါ်လာခဲ့သည်။ တစ်ရွာလုံးမှာ ငြိမ်သက်စွာ အိပ်မောကျစပြုနေပြီမို့ ယင်းခွေးအူသံက တတိုင်းကုန်းရွာအား မည်သို့သော သက်ဝင်လှုပ်ရှားမှုကိုမှ မပြုနိုင်ပါချေ ...။

အမှောင်ထဲမှာ အရိပ်သဏ္ဍာန်မည်းမည်းကြီးသုံးခုက ရွာလယ်အတိုင်း လျှောက်လာနေခဲ့သည်။

အမှော်တမဲ့ဆိုပါလျှင် ယင်းအရိပ်သဏ္ဍာန်များအား မကောင်းဆိုးဝါး နာနာဘာဝများဟု ထင်မှတ်ကြပေလိမ့်မည်။

အရိပ်မည်းကြီးသုံးခုက အတတ်နိုင်ဆုံး ရွာလယ်နံဘေးရှိ သစ်ပင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



များ၏ အမှောင်ရိပ်ကိုခိုကာ လျှောက်လှမ်းလာနေကြ၏။

တစ်ဦးနှင့်တစ်ဦးလည်း မည်သည့်စကားသံမျှ မထွက်ပါချေ။

အတန်ကြာသော် ကျယ်ဝန်းသောရွာစွန်ရှိ ခြံဝင်းကြီးတစ်ခုရှေ့သို့ အရောက်၌ အရိပ်သဏ္ဍာန်သုံးခုက ရပ်တန့်သွားကြသည်။

ခြံဝင်းကြီးအစပ်ရှိ ကြီးမားလှသော အပင်ကြီးတစ်ပင်အောက်ကနေ မှောင်မည်းနေသောခြံကြီးအတွင်းသို့ ငြိမ်သက်စွာ စောင့်ကြည့်နေကြ၏။

ယင်းအချိန် ...

'ရှီ .. တစ် .. တစ်'

ခြံဝင်းကြီး၏ အနောက်ဘက်ကနေ ငှက်တစ်ကောင်၏ အော်မြည်သံက မတိုးမကျယ်ထွက်ပေါ်လာသဖြင့် အရိပ်သဏ္ဍာန်သုံးခုက လှုပ်ရှားသွားကြသည်။

"အချက်ပေးနေပြီကွ ... တို့ လုပ်ငန်းစကြစို့"

"ဟုတ်ကဲ့ ကိုမိုက်ခဲ"

"လှမောင် ... မင်းက ခြံပြင်ကနေ လူရိပ်လူခြည်ကြည့်၊ ငါနဲ့ဘိုးတေက ခြံထဲဝင်မယ်"

"ကောင်းပါပြီ ကိုမိုက်ခဲ"

စကားဆုံးသည်နှင့် အရိပ်သဏ္ဍာန်တစ်ခုက သစ်ပင်အကွယ်၌ စောင့်ကျန်ရစ်ကာ အရိပ်သဏ္ဍာန်နှစ်ခုက ခြံတွင်းသို့တိုးဖြကာ ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။ အမှန်တော့ ယင်းအရိပ်သဏ္ဍာန်နှစ်ခုဝင်သွားသည့် ခြံကြီးမှာ တတိုင်းကုန်းရွာအစွန်၌ တစ်ဦးတည်းနေထိုင်သော လယ်ပိုင်ရှင်သူဌေးမကြီး ဒေါ်နှင်းရုံ၏ခြံဝင်းနှင့် အိမ်ကြီးပင်ဖြစ်ပြီး ခြံတွင်းသို့ဝင်ရောက်သွားကြသူတွေမှာ မိုက်ခဲအောင်ဒင်နှင့် ဘိုးတေတို့ပင်ဖြစ်လေ၏။ ခြံပြင်၌ အစောင့်ကျန်ခဲ့သူမှာ လှမောင်ဖြစ်သည်။

ယနေ့လကွယ်ညတွင် လယ်ပိုင်ရှင်သူဌေးမကြီးဒေါ်နှင်းရုံအား အနှောက်အယှက်ကြမ်းစီး ဓားပြတိုက်ရန် လွန်ခဲ့သောသုံးရက်ခန့်ကပင် သူတို့ကြံစည်ခဲ့ကြခြင်း ဖြစ်လေသည်။ တတိုင်းကုန်းရွာသည် သူတို့နေသော မြို့ငယ်လေးနှင့် မလှမ်း





မကာမ်း၌ တည်ရှိသည့် မြို့ကလေးတစ်မြို့ပင် ဖြစ်ပါ၏။

မိုက်ခဲအောင်ဒင်မှာ ဓားပြမှုဖြင့် မကြာခဏ ထောင်ထဲရောက်ဖူးသူ ဖြစ်လေသည်။ မြို့များရွာများ၌ သူ၏ကျေးဇူးဖြင့်မကင်းသော တပည့်တပန်းများစွာရှိသကဲ့သို့ ဓားပြတိုက်တော့မည်ဆိုပါကလည်း ဓားပြတိုက်မည့်ရွာနှင့် အိမ်ကို သေချာစွာစနည်းနာ ထောက်လှမ်းပြီးမှ တိုက်တတ်သောသဘာဝရှိပေ၏။

ထို့ကြောင့်လည်း မိုက်ခဲအောင်ဒင်တိုက်သော ဓားပြမှုများမှာ အများအားဖြင့် လက်သည်မပေါ်သော အမှုတွဲများအဖြစ် ဌာနအုပ်များက အမှုပိတ်လိုက်ရတာ များလေသည်။

အမှုတစ်ခုအား ကျူးလွန်ပြီးပါကလည်း ယင်းနယ်ပယ်ဒေသမှ အသွင်ပြောင်း၊ ခြေရာဖျောက်ကာ ထွက်သွားတတ်လေ့ရှိ၏။

လူအများကြီးဖြင့်လည်း အမှုတစ်ခုကို မကျူးလွန်တတ်။

လူရင်းတပည့် နှစ်ယောက်,သုံးယောက်ဖြင့်သာ လုပ်ငန်းဆောင်ရွက်တတ်လေ၏။ ယခုလည်း လှမောင်၊ ဘိုးတေအပြင် ဒေါ်နှင်းရုံ၏သူရင်းငှား ဗလသာ ပါဝင်လေသည်။ သူရင်းငှားဗလ၏ အချက်ပေးသံကြောင့် မိုက်ခဲအောင်ဒင်နှင့်ဘိုးတေမှာ အိမ်ကြီး၏ အနောက်မီးဖိုတံခါးဝကနေတစ်ဆင့် အိမ်တွင်းသို့ဝင်ရောက်နိုင်ခဲ့ကြလေသည်။

မိုက်ခဲအောင်ဒင်မှာ လုပ်သေနတ်တစ်လက်ပါပြီး ဘိုးတေမှာတော့ ဆောင်ဓားရှည်သာ ပါလေသည်။

အိမ်ရှင်ဒေါ်နှင်းရုံမှာ တစ်ကိုယ်တည်းနေသောအဘွားကြီးပေမို့ လက်နက်များများမလိုပေ။

နှစ်ယောက်သား မှောင်မည်းနေသောလှေကားထစ်များကနေတစ်ဆင့် အိမ်အပေါ်ထပ်ရှိ ဒေါ်နှင်းရုံ၏အခန်းဆီသို့ တက်လာခဲ့ကြ၏။

ဒေါ်နှင်းရုံ မည်သည့်အခန်း၌အိပ်သည်ကစ၍ သူရင်းငှား ဗလက လက်ထောက်ချထားပြီးလေပြီ။

အပေါ်ထပ်အိပ်ခန်းတစ်ခုရှေ့ရောက်သော် အိပ်ခန်းတံခါးက



www.burmeseclassic.com

www.burmeseclassic.com



မဟာတဟာလေးပွင့်ဟနေသဖြင့် မိုက်ခဲအောင်ဒင်က ဘိုးတေအား ခေါင်းညိတ်ပြလိုက်ပြီး အခန်းတွင်းသို့ လှစ်ခနဲဝင်လိုက်ကြလေသည်။

အိပ်ခန်းထဲ၌ မီးအိမ်ငယ်တစ်လုံး ထွန်းညှိထားလေသည်။

ခုတင်တစ်လုံး၏အပေါ်၌ နှစ်ခြိုက်စွာအိပ်မောကျနေသော အဘွားကြီးတစ်ဦးအား တွေ့လိုက်ရသဖြင့် ... မိုက်ခဲအောင်ဒင်က ခုတင်အနီးသို့ တိုးကပ်သွားပြီး ...

"အဘွားကြီး ... အဘွားကြီး ထစမ်း"

"ဟင်"

ရုတ်တရက် ဒေါ်နှင်းရုံ အထိတ်တလန့်ဖြစ်သွားပြီး လန့်အော်မည်ပြုစဉ် ကြမ်းတမ်းသောလက်ဖဝါးတစ်ဖက်က သူမ၏ ပါးစပ်ပေါ်သို့ ...။

"အဘွားကြီး ... အော်မယ်မကြံနဲ့ ဒီမှာ ဘာလဲ .. မြင်တယ်မဟုတ်လား၊ အသေပစ်သတ်လိုက်မယ်၊ ကဲ .. ပြောစမ်း ... ပစ္စည်းတွေ ဘယ်မှာထားသလဲ"

"အု ... ဂူ"

မိုက်ခဲအောင်ဒင်က မျက်ရိပ်ပြလိုက်သောအခါ ဘိုးတေက လျှင်မြန်သွက်လက်စွာပင် ဒေါ်နှင်းရုံဆိုသောအဘွားကြီးအား ကြိုးဖြင့် တုပ်နှောင်လိုက်လေ၏။

"မင်း ... မင်းတို့က ဓား ... ဓားပြတွေလား"

"ဟုတ်တယ်၊ ခင်ဗျားဆီ လာအလှူခံတာမဟုတ်ဘူး၊ ပစ္စည်းတွေ ဘယ်မှာထားသလဲ မြန်မြန်ပြော၊ ကျုပ်တို့ လူမသတ်ချင်ဘူး"

မိုက်ခဲအောင်ဒင်က သေနတ်အား ဒေါ်နှင်းရုံ၏မျက်နှာရှေ့ ဝှေ့ယမ်းပြလိုက်ရာ အဘွားကြီးမှာ ကြောက်လန့်တကြား မျက်လုံးအပိုင်းသားဖြင့် ...

"ပြော ... ပြောပါမယ်ကွယ် ... အ ... အသက်ကိုတော့ ချမ်းသာပေးပါ"

"ကဲ ... ပြော ... ဘယ်မှာလဲ ပစ္စည်းတွေ"

"ဟို ... ဟို ... ဗီရိုအောက်ဆုံးထပ်မှာပါ"





ဘိုးတေသည် သွက်လက်စွာပင် အခန်းထောင့်ရှိ ဗီရိုတံခါးအား ဖွင့်လိုက်ပြီး လျှင်မြန်သွက်လက်စွာ ရှာဖွေလိုက်လေသည်။

မကြာမီမှာပင် ဒေါ်နှင်းရုံပြောသည့်အတိုင်းပင် အဝတ်ဗီရိုအောက်ဆုံးထပ်၌ အဝတ်များကြားထဲ၌ အနက်ရောင်ယွန်းသေတ္တာဘူးလေးအား ရှာဖွေတွေ့ရှိသွားလေသည်။

ဘိုးတေ သွက်လက်စွာဖွင့်ကြည့်လိုက်သောအခါ အတွင်း၌ ရတနာများအား တွေ့မြင်လိုက်ရ၏။ ဘိုးတေသည် သူ့ဘက်သို့ လှမ်းကြည့်နေသော မိုက်ခဲအောင်ဒင်အား ခေါင်းညိတ်ပြလိုက်သည်။ မိုက်ခဲအောင်ဒင်သည်

"အဘွားကြီး ... ပစ္စည်းတွေ ဒါ အကုန်ပဲလား၊ မှန်မှန်ပြောနော် ... မလိမ်နဲ့၊ ကျုပ်သေနတ်က ကစားစရာသေနတ်အတု မဟုတ်ဘူး"

ဟုပြောလိုက်လေ၏။ ထိုအခါ ဒေါ်နှင်းရုံဆိုသောအဘွားကြီးက ...

"ဟုတ် ... ဟုတ်ပါတယ်ကွယ်၊ ဒါ ... အကုန် ... အကုန်ပါပဲ ... ဝှက်ထားတာ မရှိပါဘူး၊ မ ... မယုံရင် လိုက်ရှာကြည့်ပါ"

ဟု ပြောလိုက်လေရာ မိုက်ခဲအောင်ဒင်က အချက်ပြလိုက်သဖြင့် ဘိုးတေသည် အဘွားကြီးကို မအော်နိုင်အောင် ပါးစပ်အား အဝတ်စထည့်ပြီး ခုတင်ဖြင့်တွဲကာ ချည်နှောင်လိုက်၏။

ပြီးလျှင် မိုက်ခဲအောင်ဒင်အား ခေါင်းညိတ်ပြလိုက်ကာ နှစ်ယောက်သား အိပ်ခန်းထဲမှထွက်ကာ အောက်ထပ်သို့ပြန်ဆင်းလာခဲ့ကြ၏။

ခဏအကြာတွင် မိုက်ခဲအောင်ဒင်တို့သည် လှမောင်စောင့်ကြိုနေရာ ခြံဝိုင်းအပြင်ဘက်ထောင့်သို့ ပြန်ရောက်လာကြလေသည်။

ခြံပြင်သို့ရောက်လျှင် လှမောင်နှင့်အတူ သုံးယောက်သား ရွာလမ်းအတိုင်း ရွာပြင်သို့ ပြန်လျှောက်လာခဲ့ကြ၏။

လမ်းတွင် ဘိုးတေက ...

"ဒီတစ်ချီတော့ ကျုပ်တို့ပွတာပဲ ကိုမိုက်ခဲ၊ ပစ္စည်းတွေက မနည်းမနောပဲဗျ၊ အဘွားကြီး တစ်သက်လုံး မစားရက်မသောက်ရက် စုဆောင်းထားသမျှ ကုန်ရောပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလိုက်လေရာ မိုက်ခဲအောင်ဒင်က ...

"ဒီအဘွားကြီးက ဒီထိန်တောရွာမှာ ကုပ်စီးနည်းကြီးကွ၊ လယ်တိုးပေးစားတယ်၊ ပဲနှမ်း အတိုးပေးတယ်၊ အတွင်းပစ္စည်းတွေ ရှိတယ်လို့လည်း ငါ သတင်းအတိအကျရထားပြီးသား၊ ဒါကြောင့်လည်း အမဲအဖြစ် သတ်မှတ်လိုက်တာပေါ့ကွာ ... ဟား ဟား"

ဟု အားပါးတရပြောကာ ရယ်မောလိုက်လေတော့၏။

ယင်းနောက် သူတို့ချိန်းဆိုထားသော စုရပ်နေရာသို့ ရောက်လျှင် ဓားပြတိုက်၍ရရှိလာသော ရွှေငွေရတနာများအား မိုက်ခဲအောင်ဒင်က နှစ်ဦး ကျန်သူများအားလုံး တစ်စုစီ အညီအမျှခွဲဝေ ယူလိုက်ကြလေ၏။

အားလုံးခွဲဝေယူပြီးသော် မိုက်ခဲအောင်ဒင်က ...

"ကဲ ... ငါတို့လုပ်ငန်းပြီးပြီဆိုတော့ ငါ့ထုံးစံအတိုင်း ခြေရာဖျောက်ကြဖို့ပဲ လိုတော့တယ်၊ မင်းတို့လည်း ခြေရာဖျောက်ကြ ... ဒီမြို့မှာ မနေကြနဲ့တော့၊ ပုလိပ်တွေ အနံ့ခံကောင်းလို့ အကုန် ထောင်ထဲဝင်နေကြရဦးမယ်"

"ကောင်းပြီ ကိုမိုက်ခဲ"

အမှန်လည်း မိုက်ခဲအောင်ဒင်မပြောခင်ကပင် လုမောင်သည် သူ ဆင်းရဲကျပ်တည်းလွန်း၍သာ ပါဝင်မိလိုက်သည့် ဓားပြတိုက်မှုကြီးကို ကြောက်ရွံ့ ထိတ်လန့်၍ ရရှိလာသောရွှေငွေရတနာအချို့နှင့် နှင်းမြအားမွှင့်ပြောပြီး တစ်ရပ် တစ်ရွာ၌ ခြေရာဖျောက်နေထိုင်ရန် ဆုံးဖြတ်ပြီးဖြစ်ပေသည်။

❐ ❖ ❐



## အပိုင်း(၇)

လောကကြီးဟာ...

အချိန်တိုင်း ပြောင်းလဲရှင်သန်နေတယ်၊

ဒါကြောင့် အနိုင်ရခြင်းဆိုတာ အမြဲမရှိသလို

ရှုံးနိမ့်ခြင်းဆိုတာလည်း အမြဲမရှိနိုင်ဘူး။

ထို့အတူပဲ...

ပြည့်စုံခြင်း၊ ပြီးမြောက်အောင်မြင်ခြင်းကလည်း

ထာဝရ တည်ရှိမနေနိုင်ပါဘူး...။

ဆားဂုလင်းထက်ကောင်း

www.burmeseclassic.com

www.burmeseclassic.com

### ကျားမှုန်းတောင်

အရုဏ်ဦး၏ အလင်းတို့က ရိုးမအခြေသို့ လင်းတချို့ ကွက်တချို့ ဖြန့်ယှက်ရောက်ရှိလာလေပြီဖြစ်၏။

အရုဏ်ဦးအလင်းသွေးရည်စက်တို့ဖြင့်အတူ အနောက်ရိုးမအခြေရှိ သစ်ညိုကုန်းရွာကလေးသည်လည်း သက်ဝင်လှုပ်ရှားလာလေပြီ ဖြစ်ပေသည်။

မုဆိုးကျော်ရင်သည် သစ်ညိုကုန်းရွာသားတစ်ဦးဖြစ်ပြီး ဒီနေ့ ရိုးမပေါ်သို့ အမဲပစ်ရန်ပြင်ဆင်နေခြင်းဖြစ်လေ၏။ မုဆိုးကျော်ရင်သည် ညတုန်းကတည်းကပင် အမဲလိုက်ရာတွင် ယူဆောင်သွားမည့် ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပြီးဖြစ်၍ ဇနီးဖြစ်သူ မမိုးတင်ပြင်ဆင်ပေးသော မနက်စာ အဆာပြေထမင်းကြမ်းအား အေးဆေးစွာပင် စားသောက်နေပေ၏။

ခဏနေလျှင် ရွာထဲမှသူကဲ့သို့ပင် ရိုးမပေါ်တက်ကာ အမဲပစ်ထွက်မည့် မုဆိုးဘထီလည်း ရောက်လာမည်ဖြစ်သည်။

ဒီမနက် မုဆိုးဘထီဖြင့်အတူ ရိုးမပေါ်အမဲပစ်ထွက်ရန် တမြန်နေ့ကတည်းက တင်ကြိုချိန်းဆိုထားနှင့်ကြပြီးဖြစ်ပေ၏။

မုဆိုးဘထီသည် ကျော်ရင်ထက်စာလျှင် မုဆိုးသက်ဝါရင့်သူ မုဆိုးတစ်ဦးဖြစ်ပေသည်။

ပြီးတော့ ရိုးမပေါ်သို့တက်ပါက တစ်ဦးတစ်ယောက်တည်းထက်စာ





လျှင် အဖော်ပါက ပို၍ကောင်းမွန်လေ၏။ မည်သည့်အတွက်ကြောင့်ဆိုသော် ယနေ့ သူတို့တက်ကြမည့် ရိုးမသည် ပို၍တောကြီးပြီး တောနက်လေ၏။

တောကြီးလေ အသက်အန္တရာယ်ပိုများပြားလေ ဖြစ်ပေ၏။

ကျော်ရင် အဆာပြေစားသောက်ပြီး၍ အရုဏ်သည် ကွင်းကွင်းကွက်ကွက်ပျို့လာချိန်၌ပင် သူ၏ခြံဝိုင်းရှေ့ကနေ မုဆိုးကြီးဘထီ၏အသံဝါကြီးအား ကြားလိုက်ရလေတော့သည်။

"ဝေ့ . . . ကျော်ရင် . . . သွားမယ်ဟေ့ . . . နေမြင့်သွားမယ်"

"လာပြီ ဦးဘထီရေ . . . လာပြီ၊ မိုးတင်ရေ . . . ငါသွားပြီဟေ့"

"ဟုတ်ပြီ ကိုကျော်ရင်ရေ . . . တောလည်းသိပ်မနက်စေနဲ့ဦး"

"အေးပါဟ . . . အဖျားလောက်တင်ပါ"

ဟု မုဆိုးကျော်ရင်သည် မိုးတင်အားပြောလိုက်ပြီး အိမ်ရှေ့၌ချိတ်ဆွဲထားသည့် လွယ်အိတ်နှင့်တောလိုက်ဓား၊ ဒူးလေး မြားကျည်တောက်ကို ဆွဲယူကာ ခြံဝသို့လှမ်းခဲ့လေ၏။

လွယ်အိတ်ထဲ၌မူကား ထမင်းထုပ်၊ ရေဘူးပါလေသည်။

ခြံဝိုင်းစပ်၌မူ မုဆိုးဘထီသည် သူကဲ့သို့ပင် ဒူးလေးထမ်းလျက် ကျော်ရင်အား အသင့်စောင့်ကြိုနေလေ၏။ မုဆိုးဘထီ၏ လွယ်အိတ်ထဲ၌မူ အရက်ပုလင်းပါလာမှာ သေချာ၏။ မုဆိုးဘထီရော ကျော်ရင်ပါ ဒူးလေးသမားများဖြစ်ကြပေ၏။

နှစ်ယောက်သား ရွာလမ်းအတိုင်း ရိုးမတောင်ကြောဘက်ဆီသို့ ဦးတည်လျှောက်လာခဲ့ကြ၏။

သူတို့ သစ်ညိုကုန်းရွာလေးသည် ရိုးမအခြေဟုသာ ဆိုရပါသော်လည်း ရွာကနေ တောင်ခြေရောက်ဖို့ ခြောက်မိုင်ခန့်ကွာဝေးလေသည်။

ခြောက်မိုင်ဆိုသောခရီးသည် သူတို့ကဲ့သို့ မုဆိုးခြေလှမ်းဖြင့်တောင် တစ်နာရီခွဲနီးပါးမျှ သွားရလေ၏။ ရိုးမသည် နေထွက်လာပြီဆိုသည်နှင့် အပူဒဏ်ကပြင်းလှပေသည်။

နေသိပ်မပူခင် ရိုးမထဲဝင်မိမှသာလျှင် သူတို့ အပူဒဏ်ကနေ ကင်း

www.burmeseclassic.com



လွှတ်မည်ဖြစ်ပေ၏။ အတူလျှောက်လာရင်းမှ ကျော်ရင်က ...

"ဦးဘထီ"

"ဝေ့ ... ဘာတုံး"

"ကျုပ်တို့ ဒီမနက် ဘယ်တောဘက်လှည့်ကြမလဲ"

"ကျားပုန်းတောင်ဘက် သွားကြမယ်ကွာ"

"ဟာ"

မုဆိုးကြီးဦးဘထီ၏စကားကြောင့် ကျော်ရင် မျက်လုံးပြူးသွား၏။ ဤသည်ကို မုဆိုးဘထီက ရိပ်စားမိသလို ...

"ဟာ ... ဘာလဲ ... နင်က သွေးနည်းလို့လားကွယ့်၊ ဒီဘက်တောတွေက ငါတို့ပစ်ခတ်ကြလွန်းလို့ အမဲမှ သိပ်မရှိတော့တာ၊ ကျားပုန်းတောင်ဘက်က အမဲပေါတယ်ကွ၊ ဒီအချိန်ဆိုရင် ဆတ်ဖားတွေတောင် ရနိုင်တယ်ဟေ့"

မုဆိုးဘထီမှာ ကရင်အဖေ အမေဗမာဖြစ်၍ ကရင်ဗမာစပ် ဖြစ်သလို သတ္တိကလည်း ကောင်းသူဖြစ်၏။ သူပြောသော ကျားပုန်းတောင်ဆိုသည်က ကျားများပေါလွန်း၍ အစဉ်အဆက်ကပင် နာမည်ကြီးနေခဲ့သောတောင် ဖြစ်၏။ ခရီးကလည်း အတန်ငယ်ဝေးလွန်းသည်။

နယ်ခံအချို့သော မုဆိုးဖော်များပင် အတွေ့အကြုံမရှိပါဘဲလျက် ကျားပုန်းတောင်ဘက်သို့ တစ်ဦးတည်း နယ်ကျွံမသွားရဲကြပါချေ။

ကျားကိုမူ မုဆိုးများက နာမ်နိမ်သည့်အနေဖြင့် ဟင်းကောင်ဟုသာ ခေါ်ဝေါ်ကြလေသည်။

မုဆိုးဘထီကမူ သူ၏မုဆိုးသက်တမ်းတစ်လျှောက် ကျားနှစ်ကောင်တိတိ ပစ်ခတ်၍ ရရှိဖူးလေသည်။ ယခုကျားပုန်းတောင်ဘက်သွားမည်ဆို၍ ကျော်ရင် အနည်းငယ်လန့်သွားခြင်းဖြစ်ပေ၏။

သူ၏မုဆိုးသက်တစ်လျှောက် ကံဆိုးသည်ပဲလား၊ ကံကောင်းသည်ပဲလားဟု မဆိုနိုင် ...။ တစ်ကြိမ်တစ်ခါမျှ တောဘုရင်ဟုလည်းကောင်း၊ ဟင်းမျိုးကြီးဟုလည်းကောင်း ခေါ်ဝေါ်နေကြသော ကျားဖြင့် တစ်ကြိမ်မျှ





ရင်ဆိုင်မတိုးခဲ့ဖူးသလို ပစ်ခတ်၍လည်းမရဖူးပေ။

"ဝေ့ ... အသံမထွက်တော့ပါလား၊ ဘယ့်နှယ့်လဲ ... ငါပြောတာနဲ့တင် ကြောက်သွားပြီလားကျော်ရင်ရ"

"ဟာဗျာ ... မုဆိုးပဲဗျာ၊ ကြောက်ရင် ဘယ်တောဝင်ပါ့မလဲ ... သွားကြတာပေါ့ဗျာ"

"အေးဝေ့ ... မုဆိုးဆိုတာ ဒီလိုမှပေါ့၊ တောမရွေး၊ နယ်မရွေးရဘူးကွ၊ မင်းလည်း အတွေ့အကြုံရှိသားပဲ ကျော်ရင်ရဲ့ နာမည်ကသာ ဟိုတုန်းက ကျားပုန်းတောင်ပါကွာ ... ခု ကျားက ရှိချင်မှ ရှိတော့မှာပါကွာ၊ အမဲကတော့ ပေါမှာသေချာတယ်"

နှစ်ယောက်သား စကားတပြောပြောနှင့်ပင် ရိုးမတောစပ်သို့ ရောက်ရှိလာခဲ့ကြပေ၏။ နေကမူ သူတို့တွေးထင်ထားသည့်အတိုင်း အတော်ပင်မြင့်တက်နေပေပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## ထူးဆန်းသော သစ္စာပါဖြင့်တွေ့ဆုံခြင်း

မုဆိုးဘထီနှင့် မုဆိုးကျော်ရင်သည် အိပ်စက်ရာကနေ နိုးလာကြ သောအခါ နေသည် ညိုစပြုနေပြီဟုသိလိုက်ကြရ၏။ မုဆိုးဘထီသည် သူတို့ အိပ်စက်နေသောနေရာသည် သစ်ပင်ကြီးတွေသာ ရှိ၍ နေရောင်ခြည်အား မမြင်မတွေ့ရပါသော်လည်း အနည်းငယ် စိမ့်အေးလာသောအခါ တောရိုင်း တောင်ရိပ်ကြောင့် နေညိုပြီဟု ခန့်မှန်းနိုင်ခြင်းဖြစ်လေသည်။

တောတောင်ဖြင့် မကင်းသူတို့သည် ဤကဲ့သို့ပင် ရာသီသဘာဝ အမှီပြု၍ အချိန်နာရီအား သတ်မှတ်ကြရလေ၏။ မုဆိုးဘထီအား မုဆိုး ကျော်ရင်က ...

"ဟာ ... ဦးဘထီ ... ကျုပ်တို့အိပ်ပျော်သွားတာ မတော်လို့ ကျ လာဆွဲရင်တောင် သိလိုက်မှာမဟုတ်ဘူးဗျ"

"အဲဒါက အရေးမကြီးဘူး ကျော်ရင်"

"ဟင် ... ဘာဖြစ်လို့လဲ"

"ဒီနေ့တစ်နေ့လုံး ငါတို့တောတိုးခဲ့တာ လိုချင်တဲ့ဆတ်ဖားလည်း မရ၊ အဲ ... ဆတ်ဖားမရတာထက် ခက်တာက ခု ငါတို့ ကျားပုန်းတောင် ဘယ်နေရာကို ရောက်နေမှန်းမသိတော့တာပဲကွ"

"ဗျာ"

❖ ရိုရင့်အောင်မောင် ❖



မုဆိုးကြီးဘထီ၏စကားကြောင့် မုဆိုးကျော်ရင်၏ နှုတ်ကနေ ဤ စကားတစ်ခွန်းသာ ထွက်ကျလာလေတော့၏။

မည်သည့်အတွက်ကြောင့်ဆိုသော် ဤမျှတောကျွမ်းသော မုဆိုးဘထီ ပင်လျှင် သူတို့ မည်သည့်အရပ်ဒေသသို့ရောက်ရှိနေမှန်း မသိပါဆိုလျှင် မုဆိုး ကျော်ရင်လို ကျားပုန်းတောင်အား အမည်နာမ ကြားရုံသာကြားဖူးသူအဖို့ မည်သို့ လမ်းစရှာဖွေနိုင်ပါတော့မည်နည်း။

မုဆိုးကျော်ရင် စိတ်ပျက်အားငယ်သွားမိသေး၏။ ပြီးလျှင် ...

"ဒါ ... ဒါဆို ကျုပ်တို့ ရွာကိုဘယ်လိုပြန်တော့မလဲ ဦးဘထီ၊ ရွာမှာ မိုးတင်တော့ ကျုပ်တို့ပြန်မရောက်ရင် စိတ်ပူနေတော့မှာပဲဗျာ"

"ဒါတော့ ဘာတတ်နိုင်မှာလဲကွာ၊ တစ်ခုတော့ရှိတယ် ... ငါတို့ တောဆက်တိုးရမှာပဲ၊ ငါလည်း တခြားတောသာ ကျွမ်းတာ ကျော်ရင် ... ကျားပုန်းတောင်ကို သိပ်မကျွမ်းကျင်တာ အမှန်ပဲ၊ ဒါမှမဟုတ်ရင်တော့ တစ်ခုပဲ ရှိတယ်"

"ဘာလဲဗျ ဦးဘထီ"

"ငါတို့ တောမှားတာ"

"ဟာ ... တောမှားရအောင် ကျုပ်တို့က ဘာအမှားအယွင်းမှ လုပ်ခဲ့ တာမှမရှိဘဲ ဦးဘထီ"

မုဆိုးဘထီ၏ တောမှားတာဟူသောစကားကို မုဆိုးကျော်ရင်က မခံမရပ်နိုင်သလို အတင်းဖွတ်ပြောလိုက်လေသည်။

တောမှားသည်ဟူသောစကားမှာ မည်သူမဆို တောတောင်ထဲ၌ ပိုင်ရာဆိုင်ရာတောစောင့်နတ် တောင်စောင့်နတ်များ မနှစ်သက်သည့် ရှုန့်ရှင်း ကြမ်းတမ်းစွာပြုမူပြောဆိုခြင်း၊ တစ်စုံတစ်ရာ အမှားအယွင်းပြုလုပ်မိခြင်းကြောင့် တောပိုင်တောင်ပိုင်များက လှည့်စားခြင်းအား ခေါ်ဝေါ်ကြခြင်းဖြစ်၏။

ဤကျားပုန်းတောင်တောကြီးထဲသို့ ရောက်လာကတည်းက မုဆိုး ကြီးဘထီနှင့် သူသည် စကားအပြောအဆိုမှစ၍ မည်သည့်အမှားအယွင်းမှ မပြုခဲ့သည်မို့ မုဆိုးကျော်ရင်က ခါးခါးသီးသီးငြင်းလိုက်ခြင်းပင်ဖြစ်ပေသည်။

❖ ရိုရင့်အောင်မောင် ❖

www.burmeseclassic.com

www.burmeseclassic.com

"ဒါတော့ ငါလည်း ဘယ်သိမလဲကွာ၊ ဒါမှမဟုတ်ရင်လည်း ဒီကျွန်းပုန်းတောင်တောဟာ နတ်ကြီးလို့ပဲဖြစ်ရမယ်၊ ဘာပဲဖြစ်ဖြစ် နေမဝင်ခင် တောတိုးပြီး ငါတို့ ရွာပြန်ရောက်ဖို့ လမ်းရှာရမယ် ...၊

မဟုတ်တော့လည်း တောထဲ ညအိပ်ရုံပေါ့ကွာ၊ မှဆိုးတွေပဲ ... ကြောက်စရာမလိုပါဘူး၊ ကဲ ... သွားကြမယ်"

ဟုပြောကာ မှဆိုးဘထီသည် ရှေ့ကနေ လှမ်းထွက်သွားသဖြင့် မှဆိုးကျော်ရင်လည်း နောက်ကနေ လိုက်ပါသွားရလေတော့၏။

ယင်းသို့ဖြင့် သူတို့သည်တောင်ကုန်းပြန့်တစ်ခုအား ဖြတ်ကာ လျှိုတစ်ခုအား ကျော်မိသည်နှင့် မကြာမီ မှောင်စပျိုးလေတော့သည်။ မှဆိုးကြီးဘထီက ...

"ကျော်ရင်ရေ ... ငါတို့ မမှောင်ခင် သစ်ခုတ်တဲ,ဝါးခုတ်တဲအဟောင်းလေးတစ်ခုခု အမြန်ရှာတွေ့မှဖြစ်မယ်၊ ဒါမှမဟုတ်ရင် သစ်ပင်ပေါ် တက်အိပ်ရတော့မှာပဲ"

ဟု ဆိုလိုက်ရာ ကျော်ရင်က စိတ်ပျက်လက်ပျက်လေသံဖြင့် ...

"ရှာပေါ့ဗျာ၊ ကျုပ်က ဦးဘထီကို ဆရာတင်ပြီး ဒီကျွန်းပုန်းတောကြီးထဲ လိုက်ခဲ့တာပဲ"

ဟု ပြောလိုက်လေတော့၏။

မှဆိုးဘထီသည် မည်သို့မျှပြန်မပြောတော့ဘဲ ရှေ့သို့သာ တွင်တွင်သွားနေလေတော့သည်။ တော်ပေသေးသည်။

တောသည် အောက်ပေါင်းရှင်းသောတောဖြစ်နေ၍ သူတို့အတွက် လမ်းခရီးက ပြေပြစ်နေလေသည်။ မကြာမီ နှစ်ယောက်သား မြေကုန်းပြန့်လေးတစ်ခုဆီသို့ ရောက်ရှိလာကြ၏။

ထိုစဉ် ရှေ့ကနေသွားနေသော မှဆိုးဘထီ၏ ခြေလှမ်းအစုံသည် တုံ့ခနဲရပ်သွားပြီး တစ်စုံတစ်ရာထူးခြားမှုကို မြင်လိုက်ရသဖြင့် မှဆိုးကျော်ရင်က လေသံဖြင့် ...

"ဘာဖြစ်လို့လဲ ဦးဘထီ"





ဟု မေးလိုက်လေ၏။ ထိုအခါ ဦးဘထီက နှုတ်ခမ်း၌ လက်ညှိုးတစ်ချောင်းထောင်ကာ လေသံဖြင့် ...

"ရှူး ... တိုးတိုး ... ရှေ့မှာ လူရှိပုံရတယ်"

"ဟင်"

လူဆို၍ မှဆိုးကျော်ရင် ဝမ်းသာသွားမိလေသည်။ လူရှိသည်ဆိုလျှင် သစ်ခုတ်တဲလား၊ ဝါးခုတ်တဲလား တစ်ခုခုဖြစ်ရပေမည် မဟုတ်ပါလား ...။

သစ်ခုတ်တဲ ဝါးခုတ်တဲများသည် မိမိတို့သစ်ညိုကုန်းရွာသားများ ဖြစ်လျှင်ဖြစ် ... သို့မဟုတ်ပါကလည်း ဝန်းကျင်နီးစပ်ရာ ရွာများမှ ဖြစ်ပေလိမ့်မည်။ သစ်ခုတ်ဝါးခုတ်သမားများသည် တောထဲတောင်ထဲ၌ တစ်ခါ သစ်ခုတ်လျှင် ဆယ့်လေးငါးရက် တစ်လကိုးသီတင်း ကြာတတ်၍ တဲများ အခိုင်အမာဆောက်လုပ်ကာ သစ်ခုတ်ဝါးခုတ်ခြင်းကို ဆောင်ရွက်တတ်ကြလေသည်။

သစ်ခုတ်သမား ဝါးခုတ်သမားများ၏ တဲဖြစ်နေလျှင်တော့ သူတို့တစ်ညတာတည်းခိုဖို့ရာ မခက်ခဲတော့သလို အန္တရာယ်ပြုနိုင်သော တောကောင်ကြီးများ၏ရန်မှလည်း ကာကွယ်ပြီးသား ဖြစ်ပေမည်။

သို့ရာတွင် မှဆိုးဘထီက လူသံကြားသည်ဟုသာဆိုပါသော်လည်း ကျော်ရင်၏အကြားအာရုံ၌ မည်သည့်အသံဗလံမျှ မကြားရချေ။

တောတောင်တစ်ခုလုံး အိပ်တန်းတက်ကျေးငှက်တို့၏ အော်မြည်နေသံ၊ လေပြည်တိုက်ခတ်သံများကလွဲလို့ မည်သည့်အသံဗလံမျှ မကြားမိတာ အမှန်ပင်ဖြစ်၏။

သည့်နောက် နှစ်ယောက်သား ဒူးလေးအား အသင့်ပြင်လျက် ရှေ့သို့ ခြေသံလုံအောင် သွားလိုက်ကြလေတော့သည်။

အမှန်တော့ သူတို့ရောက်ရှိနေသော ကုန်းမြေပြန့်လေးမှာ အတော်ပင်ကျယ်ဝန်းလှသလို ကုန်းတစ်ဖက်တစ်ချက်၌လည်း ရုံဖန် ကျောက်စွယ်တန်းလေးတစ်ခုတလေကိုလည်း တွေ့ရလေ၏။

သိပ်မကြာခင် ကျောက်စွယ်တန်းလေးနားအရောက် မြင်လိုက်ရသော မြင်ကွင်းမှာ ဝါရင့်မှဆိုးကြီးဘထီကိုပင် အံ့အားသင့်သွားစေသည်မှာ


www.burmeseclassic.com

www.burmeseclassic.com

အမှန်ပင်ဖြစ်လေ၏။ ထိုအတူပင် မုဆိုးဘထီကဲ့သို့ပင် ကျော်ရင်မှာလည်း အလွန်တရာပင် အံ့သြသွားမိလေတော့၏။

သူတို့နှစ်ယောက်မြင်တွေ့လိုက်ရသောမြင်ကွင်းမှာ ငါးနှစ်ခန့်အရွယ်ရှိ လူလား၊ တိရစ္ဆာန်လား မကွဲပြားသော သတ္တဝါပင်ဖြစ်နေလေသည်။ ထူးဆန်းသည်မှာ ခန္ဓာကိုယ်နှစ်ခုသည် ပူးကပ်နေပြီး ခြေလက်နှစ်ဖက်စီ ပါရှိနေခြင်းဖြစ်သည်။ မုဆိုးဘထီက ...

''ဒါ ... ဒါ ... ကျုပ်တို့ကို တောခြောက်တာဗျ''

''မ ... မဖြစ်နိုင်ဘူးဗျာ''

သူတို့၏အသံမဆုံးခင် သူတို့အသံကို ကြားသွား၏။ လူလား၊ တိရစ္ဆာန်လား၊ သူတို့အား တောခြောက်ခြင်းလား မကွဲပြားသောသတ္တဝါလေးသည် လှစ်ခနဲ လူသံကြား၍ အနီးရှိချုံတောထဲ ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။ နှစ်ယောက်သား တဒင်္ဂကြောင်အမ်းစွာကြည့်နေရင်းမှ ...

''သရဲခြောက်တာကွ ... မှင် ... မှင်စာလေးတွေ''

''ငါတို့ တောမှားတာကွ''

တောတောင်မကျွမ်းသူတို့သည် တောတွင်း၌ တစ်စုံတစ်ရာသော အမှားအယွင်း ပြုလုပ်မိပါက အမြင်အာရုံများမှောက်မှားကာ ထင်မိထင်ရာ မြင်မိခြင်းကို ရည်ရွယ်ကာ မုဆိုးဘထီက ပြောလိုက်ခြင်းဖြစ်လေသည်။

❐ ❖ ❐



## လူလား တစ္ဆေမှင်စာလား

ထင်းခြောက်များအား စုပုံထားသော မီးဖိုကြီးမှ အလင်းရောင်ကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး ထိန်နေလေသည်။

ရိုးမပေါ်သို့ တိုက်ခတ်နေသောညလေသည် တစိမ့်စိမ့် အေးမြနေသကဲ့သို့ မုဆိုးဘထီနှင့်မုဆိုးကျော်ရင်တို့နှစ်ယောက်မှာလည်း သူတို့နေရာယူထားသောနေရာသည် လေကွယ်ရာ ကျောက်စွယ်တန်းကြီးတစ်ခု၏ နံဘေးတွင် ဖြစ်ပါသော်လည်း မီးဖိုကြီးအား အမြဲမပြတ် ဖိုထားကြရ၏။

သို့မှသာလျှင် သူတို့ထံသို့ ညဥ့်ဘက်မှသာ အစာရှာထွက်လေ့ရှိသော တောတောင်ကြီးများ၏အန္တရာယ်ကနေ ကာကွယ်ပြီးသား ဖြစ်ပေလိမ့်မည်။

မုဆိုးဘထီသည် မီးဖိုကြီးထဲ ထင်းခြောက်တစ်ချောင်း ထပ်မံထည့်လိုက်ပြီးလျှင် စကားစလိုက်လေ၏။

''နေ့လယ်ခင်းကအဖြစ်ကို မင်း ... ဘယ်လိုထင်သလဲ ကျော်ရင်''

''ဘာလဲဗျ ... ဟို တစ္ဆေမှင်စာလေးတွေခြောက်တဲ့အကြောင်းလား''

''အေးလေ ... ငါ အရမ်းထူးဆန်းနေလို့ကွ''

ဟု မုဆိုးဘထီက ပြောလိုက်လေလျှင် မုဆိုးကျော်ရင်က

''ဟာဗျာ ... တောခြောက်ပါတယ်ဆိုမှ ဦးဘထီက ဘာကို ထူးဆန်းနေတာလဲဗျ၊ သေချာပါတယ်ဗျာ ကျုပ်တို့ကိုခြောက်တာဗျ ... သိလား''



www.burmeseclassic.com

www.burmeseclassic.com



"ခြောက်ရအောင် မင်းပဲပြောတော့ … ငါတို့ ဘာအမှားအယွင်းမှ လုပ်ခဲ့တာမဟုတ်ဘူးဆို၊ ငါ့စိတ်ထဲမှာ ငါတို့တကယ်မြင်တွေ့ခဲ့ကြတာလား၊ အိပ်မက်မက်နေခဲ့ကြတာလား ဆိုတာပဲကွ"

"ဟာဗျာ … ဦးဘထီက အိပ်မက်ဆိုလို့သာ ကျုပ်က ယုံလိုက်ရတာ … တကယ်ဆို ကျုပ်တို့တွေ့ခဲ့တာ အိပ်မက်မဟုတ်ဘူးဗျ"

"ဟာကွာ … အိပ်မက်မဟုတ်ရအောင် မင်းအော်လို့ ငါနိုးရတာ မဟုတ်လား ကျော်ရင်ရ၊ ငါတို့ စားသောက်ပြီးအိပ်ပျော်သွားရာကနေ အိပ်မက်မက်တဲ့ဥစ္စာ … အဲဒါကိုပဲ ငါက ထူးဆန်းတယ်လို့ ပြောတာပေါ့ကွ

အိပ်မက်ထဲမှာ မြင်ကွင်းတစ်ခုကို နှစ်ယောက်ပြိုင်တူ မြင်တတ်တဲ့ အိပ်မက်မျိုး ငါမတွေ့ကြုံဖူးသေးဘူး"

"ကျုပ်တို့လိပ်ပြာကို နှုတ်ယူသွားတာဗျ"

မုဆိုးကျော်ရင်က သူ့စကားကိုသာ တွင်တွင်ပြောဆိုနေလေသည်။

မုဆိုးဘထီမှာလည်း ကျော်ရင်ပြောသကဲ့သို့ပင် သူတို့နှစ်ယောက်၏ လိပ်ပြာအား နှုတ်ယူသွားသည်ပဲလား။ အမှန်တကယ်ပင် သူတို့ထိုနေရာသို့ ရောက်ရှိသွားပြီး တကယ်မြင်တွေ့ခဲ့ရတာလားဟု ခုချိန်ထိတိုင် မကွဲပြားသေးပေ။

မုဆိုးဘထီတို့ မနေ့က မောပန်းလွန်း၍ ဆာလောင်စွာ စားသောက်လိုက်ကြပြီး သစ်အယ်ပင်ကြီးအောက်၌ အိပ်ပျော်သွားသည်မှာလည်း အမှန်ပင် ဖြစ်လေ၏။

မုဆိုးကျော်ရင်သည် ကြောက်လန့်တကြားအော်ဟစ်လျက်ရှိရာမှ နှစ်ဦးသား လန့်နိုးသွားကြခြင်းပင် ဖြစ်လေသည်။ သူတို့နိုးလာသောအချိန်သည် ရိုးမတွင်းမှာ နေက ညိုစပြုနေလေပြီဖြစ်၏။

သည့်နောက် မုဆိုးဘထီတို့သည် ရွာအပြန်လမ်းအား ဦးတည်ရှာဖွေခဲ့ကြပါသော်လည်း နောက်ဆုံး မတွေ့ဘဲ မျက်စိလည်နေဆဲဖြစ်ပြီး ယခုကဲ့သို့ ရိုးမတွင်း၌သာ မီးဖိုလျက် အိပ်စက်ရန် ကြံစည်လိုက်ကြရတော့ခြင်းဖြစ်လေသည်။





ညဉ့်က တစ်စစ အေးစက်၍လာနေပေပြီဖြစ်၏။

မုဆိုးဘထီသည်လည်း မီးဖိုကြီးနံဘေးတွင် လဲလျောင်းနေလျက်က သူကိုယ်တိုင်မြင်တွေ့ခဲ့ရသောမြင်ကွင်းအား မုဆိုးကျော်ရင် သတ်မှတ်သလို တာခြောက်ခြင်းလား၊ သူတို့၏ ဝိညာဉ်လိပ်ပြာများအား နှုတ်ယူသွားခြင်းလားဟု တွေးရင်း နောက်ဆုံး အိပ်ပျော်သွားလေတော့၏။

မုဆိုးဘထီတို့နိုးလာကြသောအခါ သစ်ပင်မြင့်ကြီးများကြားကနေ နေပြောက်တို့ပင် စွန်းကွက်ဖြာကျလျက်ရှိနေပေပြီ။

မုဆိုးကျော်ရင်သည် မနေ့ညနေက လမ်းရှာရင်း လမ်းမှာပစ်ခတ်၍ ရရှိလာသော ဒရယ်ကောင်အပေါက်လေး၏ ကျန်သောအသားအား ဆက်၍ ဘဲ့ဖုတ်လေးဖြင့် မနက်အဆာပြေစားသောက်ရန် ပြင်ဆင်နေလေပြီဖြစ်ပေ၏။

မုဆိုးဘထီသည် အောက်ဘက်လျှိုပြတ်တစ်ခုထဲ ဆင်းသွားပြီး မနေ့ညနေကတည်းကတွေ့ခဲ့သော စမ်းချောင်းငယ်၌ မျက်နှာသစ်ကာ ရေနွေးကျိုရန်လည်း ကျည်တောက်ဘူးဖြင့် ရေခပ်ယူလာခဲ့၏။

လက်ဖက်ခြောက်အဖြစ် လျှိုအထက်မှာပေါက်နေသော လောက်သေ ရွက်များကို ခူးယူလာလေသည်။ စခန်းချရာနေရာသို့ ရောက်သော် …

"ငါတို့စားသောက်ပြီးမှပဲ ရွာပြန်ဖို့ ခရီးဆက်ကြတာပေါ့ ကျော်ရင်"

'ဦးဘထီသဘောပဲဗျာ၊ ကျုပ်တော့ ဒီကျားပုန်းတောကြီးထဲမှာ တစ်စက္ကန့်တစ်မိနစ်မှ မနေချင်တော့ဘူး။ စိတ်က ရွာကိုပဲ ပြန်ရောက်ချင်နေတယ်"

"ငါတို့ ဒီနေ့ လမ်းတွေ့မှာပါကွာ … မပူပါနဲ့"

မုဆိုးဘထီပြောသကဲ့သို့ပင် သူတို့စားသောက်ပြီး ခရီးဆက်ခဲ့ကြရာ ခွမ်းခံဝင်ချိန်လောက်၌ သူတို့၏ရွာနှင့် သိပ်မဝေးလှသော ရွာတစ်ရွာသို့ ရောက်ရှိကြလေ၏။ ယင်းရွာ၌ ရွာလူကြီးအားပြောပြပြီး တစ်ညတာနားကာ နောက်တစ်နေ့မနက်တွင် သူတို့ ရွာသစ်ညိုကုန်းသို့ ပြန်လည်ရောက်ရှိခဲ့ကြလေတော့၏။

❐ ❖ ❐



www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း (၄)

- မြခ္ခာညို အခုနေနေတာ ရှီးမတောကြီးထဲက အဲ့နှရာယ် တွေပြွမ်းတီးနေတဲ့ ကျားဆိုး၊ ဆင်ဆိုးတွေနဲ့ နေထိုင်နေတဲ့သူဖြစ်တယ်ဆိုတာ သတိရပါဦးရှင့်၊
- ပြီးတော့ မြခ္ခာညိုကမမြသင်းညိုလို ဘွားနင်းရဲ့ လက်ကလေးလှုပ်ရုံမျှလိုက်ကမယ့် ရုပ်သေးရုပ် မဟုတ်ဘူး။

**မြခ္ခာညို**



ထိန်တောရွာ တစ်ရွာလုံးသည် ညဦးအမှောင်ထုတ်ရုံလွှာကြီးအောက်၌ ငြိမ်သက်စွာအိပ်မောကျနေလေ၏။

အနက်ရောင်ကောင်းကင်ပြင်ကြီးထဲမှာ ကြယ်ပွင့်ကြယ်စလေးတွေသည် ဟိုတစ်ပြောက်၊ ဒီတစ်ပြောက်လင်းနေ၍ လမဲ့နေသော်လည်း ကြယ်ရောင်ကြောင့် ပျပျကလေးကတော့ လင်းနေပါလေ၏။

ညဏ်အေးမြသော လေပြည်ကလေးကလည်း တသုန်သုန် တဖွဲဖွဲ တိုက်ခတ်လာလေသည်။

ယင်းအချိန်မှာပင် ထိန်တောရွာ၏အနောက်ဘက် ရွာစပ်အတိုင်း အရိပ်သဏ္ဌာန်မည်းမည်းကြီးတစ်ခုသည် တည်ငြိမ်စွာပင် တရွေ့ရွေ့လှမ်းလျှောက်လာလေသည်။

ထိုစဉ် ...

'ဂစ် .. ဂီး'

'အု .. ဝူ .. ဝူ'

'ဖျတ် .. ဖျတ် .. ဖျတ်'

ညဥ့်ငှက်တစ်ကောင်၏ ဂစ်ဆိုသော် အော်မြည်ပျံသန်းသွားသံနှင့်အတူ အနောက်ဘက်ရွာဖျားကနေ ခွေးလေခွေးလွင့်တစ်ကောင်က ဆွဲဆွဲငင်ငင်



www.burmeseclassic.com

www.burmeseclassic.com



အူလိုက်လေတော့၏။

အချိန်က သက်ကြီးခေါင်းချချိန်ပင် ကျော်လွန်နေကြလေပြီ။

တိတ်ဆိတ်နေသော ရွာလမ်းမတစ်လျှောက် တရွေ့ရွေ့ လှမ်းလာနေသော အရိပ်မည်းသဏ္ဍာန်ကြီးသည် အမှောင်ရိပ်များအောက်မှ ရွာစွန်ရှိ ခြံကြီးတစ်ခြံဆီသို့ ဦးတည်ပြီးလျှောက်သွားနေလေသည်။

အရိပ်သဏ္ဍာန်မည်းမည်းကြီးသည် ဝိညာဉ်လေလား၊ နာနာဘာဝ တစ္ဆေသရဲတစ်ကောင်လေလား ... မည်သူမျှ အတိအကျ မပြောနိုင်ကြသော်ငြား ခြံဝိုင်းများ၊ အိမ်ဝိုင်းများအတွင်းမှ ခွေးအူသံများသည် ဆူညံစွာ ထွက်ပေါ်နေလေသည်။

'အု .. ဝူ'

'ဝုတ် .. ဝုတ် .. ဝူ .. အူ'

ရွာလုံးကျွတ်နီးပါးမျှ ဟောင်နေ အူနေကြသော ခွေးအူသံများကြောင့် အချို့သောအိမ်ဝိုင်းများကနေ ပြတင်းတံခါးများ မသိမသာလှပ်ဖွင့်ကြည့်ကြ၏။

"တောက် ... ဒီခွေးတွေကွာ ... ဟင်"

"ဟာ"

'ဝုန်း'

ခွေးအူသံများကြောင့် ခွေးများကိုမောင်းထုတ်ရန် တံခါးဖွင့်ကြည့်မိသော အိမ်အချို့တလေ၏ မြင်တွေ့လိုက်ရသော သည်းထိတ်ချောက်ချားဖွယ်ရာမြင်ကွင်းကြောင့် အချို့သောအိမ်များက အိမ်တံခါးရွက်များကို ကြောက်လန့်တကြား ဝုန်းခနဲ ပြန်ပိတ်ကြလေ၏။

မည်သည့်အတွက်ကြောင့်ဆိုသော် ...

သူတို့မြင်တွေ့လိုက်ရသော မြင်ကွင်းမှာ ရွာစွန်လမ်းအတိုင်း ထိန်တောရွာအစွန်သို့ တရွေ့ရွေ့လှမ်းလျှောက်၍သွားလျက်ရှိသော မည်းမည်းသဏ္ဍာန် အရိပ်မည်းကြီးကြောင့်ပင် ဖြစ်ပါလေ၏။

ယင်းအရိပ်သဏ္ဍာန်ကြီးမှာ ဆံပင်ရှည်ကြီးမှာ လေထဲ၌ ဖားလျားလွင့်မျောလျက် အနက်ရောင်ဝတ်ရုံကြီးမှာလည်း တဖျပ်ဖျပ် လှုပ်ခါနေလေသည်။

❖ ရွှေရင်အေးမဂ္ဂဇင်း ❖



နံဘေးကနေရော အနောက်ဘက်ကနေ ရွာတွင်းရှိ ခွေးလေခွေးလွင့်များ စုပြုံပြီးဝိုင်း၍ကိုက်ဆွဲမတတ် အူဟောင်နေကြငြား အရိပ်သဏ္ဍာန်မည်းမည်းတစ္ဆေသရဲကောင်ကြီးမှာ အမှုမထားသလို တရွေ့ရွေ့ တည်ငြိမ်စွာ လျှောက်လှမ်းသွားနေလေ၏။

သိပ်မကြာမီမှာပင် ကောင်းကင်အနှံ့ ထွန်းလင်းနေသော ကြယ်ပွင့်များပေါ်သို့ တိမ်မည်းညိုကြီးများက ရုတ်တရက် လွှမ်းခြုံသွားသောအခါ ရွာလမ်းသည် ပို၍မှိုက်သွားသလို ထင်ရလေသည်။

အရိပ်မည်းမည်းကြီးသည် ရွာစွန်ရှိကျယ်ဝန်းသော ခြံကြီးအတွင်းသို့ တရွေ့ရွေ့ လှမ်းဝင်သွားလေတော့သည်။

❖ ရွှေရင်အေးမဂ္ဂဇင်း ❖

www.burmeseclassic.com

www.burmeseclassic.com

## ရွာစွန်က ခုန်းမကြီးဒေါ်နှင်းရုံ

မနက်မိုးလင်းသောအခါ ထိန်တောရွာတစ်ရွာလုံး ထူးဆန်းသော သကင်းတစ်ခုသည် လူတိုင်း၏ပါးစပ်ဖျားသို့ ရောက်ရှိနေပါလေတော့၏။

ယင်းသတင်းမှာ ညတုန်းက သန်းခေါင်ယံအချိန်လောက်တွင် ထိန်တောရွာတွင်းသို့ အနောက်ဘက်တောစပ် သချိုင်းကုန်းဘက်ဆီကနေ ဆံပင်ဖားလျားချထားသည့် သရဲမတစ်ကောင် ဝင်လာပြီး ရွာစွန်ရှိ ဒေါ်နှင်းရုံ၏ ခြံတွင်းသို့ ဝင်ရောက်သွားသည်ဟူသော သတင်းပင်ဖြစ်ပါလေ၏။

''ညွန့်ထင်ကျော် ... မင်းတို့ ကြားပြီးပြီလားကွ''

''ဘာလဲ ... ရွာစွန်က ဒေါ်နှင်းရုံကြီးခြံအကြောင်းလား''

''အေးလေ ... ညတုန်းက ရွာထဲနာနာဘာဝသရဲမတစ်ကောင် ညဉ့်အချိန်မတော် ရွာထဲလျှောက်သွားနေတာကို ရွာစွန်က သာအေးတို့ တွေ့လိုက်ရတယ်တဲ့''

ရွာသားခင်ထူးက ညွန့်ထင်ကျော်အား ရွာထဲက သူကြားလာရသော သတင်းအား ပြောပြလိုက်လေသည်။ ရွာသား ညွန့်ထင်ကျော်က ...

''သာအေးတင် ဘယ်ကမလဲကွာ ... ရွာထဲက မိအေးလည်းခွေးတွေ ထူးထူးဆန်းဆန်းအူလွန်းလို့ မရဲတရဲ ကဲလားဖွင့်ပြီးအကြည့် ဆံပင်ဖားလျားကြီးနဲ့ အဲဒီတစ္ဆေမကိုမြင်ပြီး လန့်သွားတာ ခုတောင် ရွာထဲက





ဗိန္ဒောဆေးဆရာကြီး ဆရာကိုနဲ့ ကုနေရတယ်ဆိုပဲ''

''ထူးတော့ထူးဆန်းတာ အမှန်ပဲကွ၊ ဒါမျိုး ငါတို့ရွာမှာ တစ်ခါမှ မတွေ့ကြုံခဲ့ဖူးပါဘူး။ နေပါဦး ... အဲဒီတစ္ဆေမက ရွာစွန်က ဒေါ်နှင်းရုံကြီးရဲ့ ခြံကြီးထဲ ဝင်သွားလို့ဆိုပဲ''

ဟု ရွာသားခင်ထူးက ကြောက်ရွံ့ထိတ်လန့်ဟန်ဖြင့် ပခုံးတစ်ဖက်တွန့်ကာ ပြောလိုက်လေ၏။ ထိုအခါ ညွန့်ထင်ကျော်ဟူသော ရွာသားကလည်း...

''အဲဒီ ဒေါ်နှင်းရုံကြီးရောက်လာမှ ငါတို့ထိန်တောရွာမှာ လူတွေလည်း မကြာခဏ နာမကျန်းဖြစ်လိုဖြစ်, အသေအပျောက်လည်း များမှများပဲကွ၊ တစ်ရွာလုံးက ပြောနေကြတာလည်း ...

အဲဒီအဘွားကြီးက စုန်းကဝေဆိုတဲ့ မကောင်းတဲ့ပညာတွေ တတ်သတဲ့၊ သူ ရွာထဲ ဈေးဝယ်ထွက်ရင်လည်း ဘယ်ဆိုင်ကမှ မရောင်းချင်ဘူး။ မရောင်းတဲ့ဆိုင်ဆိုရင် သူက မျက်ထောင့်နီကြီးနဲ့ကြည့်ပြီး နင်တို့ ငါ့အကြောင်း သိစေရမယ်ဟဲ့ ဆိုပြီး ဖွနောင့်နဲ့ပေါက်ပြီး လှည့်ပြန်သွားတာ၊ သူ့ကိုကြောက်လို့ ရွာထဲကဆိုင်တွေက သူလာရင် မျက်နှာချိုသွေးပြီးရောင်းရတာပဲ''

''မရောင်းလို့ ရမလားကွ၊ အဲဒီအဘွားကြီး တို့ရွာကို ပြောင်းရွှေ့လာတဲ့နှစ်က ဘခင်တို့လင်မယားအဖြစ်ကို ကြည့်ပါလား''

''အေးလေ ... ငါလည်းသိသားပဲ၊ ဒီအဘွားကြီးကို ဘခင်က ထန်းရည်မူးမူးနဲ့ မောင်းထုတ်လိုက်တာ ငါမှတ်မိနေသေးတယ်၊ ဘခင်တို့လင်မယားခမျာ သနားပါတယ်ကွာ''

ရွာသားညွန့်ထင်ကျော်နှင့် ခင်ထူးတို့ပြောဆိုနေကြသော ဘခင်တို့လင်မယားအကြောင်းမှာ ထိန်တောရွာတစ်ရွာလုံး ပြောစမှတ်တွင်ရစ်ခဲ့သော အဖြစ်ပင်။ လွန်ခဲ့သော ဆယ်နှစ်ကျော်ခန့်အချိန်ကပင် ဖြစ်ပါသော်လည်း ၎င်းအဖြစ်ကို ယနေ့တိုင် ထိန်တောတစ်ရွာလုံး မည်သူမျှ မမေ့နိုင်ကြသေးပါချေ။

ဘခင်တို့လင်မယားမှာ ထိန်တောရွာ နေထိုင်သူများ ဖြစ်ကြ၏။ ထိန်တောရွာသည် ရိုးမအခြေဖြင့် နီးကပ်စွာတည်ရှိသော ရွာကြီးတစ်ရွာတစ်ပြီး ရွာသူရွာသားအများစုသည် မိရိုးဖလာ တောတက်ခြင်း၊ သစ်ခုတ်ဝါးခုတ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုင်းလုပ်ခြင်း၊ ယာလုပ်ခြင်း စသောလုပ်ငန်းများအား လုပ်ကိုင်ကြသူတွေ ဖြစ်လေသည်။

ရိုးမကြီး၏ အခြေအဖျားကပ်လျက် တည်ရှိသောရွာဖြစ်၍လည်း မြေလွတ်မြေရိုင်းများပေါများသလို ရွာစည်းရိုးတွင်း၌လည်း ခြံလွတ် မြေလွတ်ကွက်များ တည်ရှိကြလေသည်။

သို့သော် မူလမြေရှင်ယာရှင်များကတော့ ရှိနေကြလေ၏။

ယင်းသို့ ခြံလွတ်အိမ်လွတ်များရှိနေကြသည့်အထဲ၌ ထိန်တောရွာစွန်ရှိ ဟိုးယခင်က တောင်ယာလုပ်ငန်းလုပ်ကိုင်ကြသော ဦးတောကျော်၏ခြံကြီးလည်း တစ်ခုအပါအဝင်ဖြစ်လေသည်။

ယင်းခြံကြီးနံဘေး၌လည်း နောက်ထပ်ခြံလွတ်သုံးလေးခု ရှိပါသော်လည်း လူသူမနေထိုင်ကြသည်မှာ ကြာပြီဖြစ်၍ ဖုန်းဆိုးတောကြီးပမာ ပျက်စီးယိုယွင်းနေတာ နှစ်ကာလပင် အတော်ပင် ကြာမြင့်ခဲ့ပြီဖြစ်၏။

ရွာသားများမှာ မိမိတို့ဘိုးဘွားလက်ငုတ်လက်ရင်းပိုင် ခြံမြေများရှိသည်က ဘစ်ကြောင်း . . . ရွာစွန်လည်းဖြစ်၊ နာမည်ကြီးလှသော ဖုန်းဆိုးခြံပျက်ကြီးများလည်းဖြစ်၍ ထိုခြံကြီးများအား အစဉ်အဆက် မည်သူမျှ မျက်စောင်းပင်လှည့်မထိုးကြပါချေ။

ယင်းအထဲတွင်မှ ဦးတောကျော်၏ခြံကြီးကိုမူ ပို၍ရှောင်ရှားကြလေသည်။ ယင်းအဖြစ်မှာလည်း မည်သည့်အတွက်ကြောင့်ဆိုသော် ဦးတောကျော်နှင့် ဒေါ်ခင်လှတို့၏ အဖြစ်ဆိုးကြီးကြောင့်လည်း ပါဝင်လေသည်။

ဦးတောကျော်၏ ဆွေမျိုးသားချင်းများသည် ထိန်တောရွာနှင့်အနီးဆုံးမြို့မကျ တောမကျမြို့ငယ်လေးတစ်မြို့ဖြစ်သော မြိုင်သာယာမြို့ကလေး၌ နေထိုင်ကြပါသော်လည်း ဦးတောကျော်ပိုင်ဆိုင်ခဲ့သည့် ခြံကြီးကိုမူ ကျီးထိုးထိုးလင်းတစားစား ငဲ့စောင်း၍ပင် မကြည့်ပါချေ . . .။

အကြောင်းမူကား ယင်းခြံကြီး၏မူလပိုင်ရှင် ဦးတောကျော်တို့ လင်မယားသည် ထိန်တောရွာလေး၌ ငွေကြေးဥစ္စာခနေ ကြွယ်ဝသော စာရင်းဝင်ကြေးရတတ်များပင်ဖြစ်လေသည်။ ထိုအချိန်သည် မြန်မာနိုင်ငံအား နယ်ချဲ့





ဗြိတိသျှတို့ အုပ်စိုးနေသည့်အချိန်အခါဖြစ်၍လည်း ဤကဲ့သို့ နယ်စွန်နယ်ဖျားကျေးလက်တောရွာများထိ ဗြိတိသျှအာဏာစက်တို့ မပျံ့နှံ့ခဲ့ပါချေ . . .။

ယင်းအတွက်ကြောင့်လည်း တစ်ညသောအခါ၌ ထိန်တောရွာစွန်မှာ အေးချမ်းစွာနေထိုင်ကြသော ဦးတောကျော်နှင့် ဒေါ်ခင်လှတို့၏ နှစ်ဆောင်ပြိုင်အိမ်ကြီးအား ဓားပြတစ်စုက ဝင်ရောက်စီးနင်းကာ ရွှေငွေရတနာများအား ယူဆောင်သွားခဲ့ရုံမက ဦးတောကျော်တို့လင်မယားကိုပါ လက်စဖျောက် သတ်ဖြတ်ခဲ့ကြလေသည်။

ထိန်တောရွာတစ်ရွာလုံးသည် ဦးတောကျော်တို့လင်မယား၏အဖြစ်ဆိုးအား သိရှိသွားကြ၍ စုတ်တသပ်သပ်ဖြင့် ဝမ်းနည်းမဆုံး ဖြစ်ခဲ့ပါသော်လည်း ဓားပြများကိုမူ ဖမ်းဆီးရရှိမိခဲ့ခြင်းမရှိပါချေ . . .။

ယင်းခြံကြီးသည်လည်း ဦးတောကျော်တို့လင်မယား ဓားပြများသတ်၍ သေဆုံးကြပြီး လပိုင်းအတွင်းမှာပင် ခါတစ်ရံ ယင်းခြံကြီး၏ နှစ်ဆောင်ပြိုင်အိမ်မည်းကြီး၏ဝရန်တာတွင် ဦးတောကျော်အား တွေ့မြင်ရသည်ဟူ၍လည်း ကောင်း . . .

ခါတစ်ရံ ဒေါ်ခင်လှအား ခြံကြီးထဲလမ်းလျှောက်နေတာ တွေ့ရတယ်ဟူ၍လည်းကောင်း . . . တစ်ခါတစ်ရံ လမိုက်သောညများတွင်လည်း ယင်းခြံကြီးထဲမှ ရယ်သံများ၊ အရိပ်ဖြူများ ကြားရ မြင်ရသည်ဟူ၍လည်းကောင်း သတင်းမျိုးစုံပေါ်ထွက်လာပြီးနောက် နှစ်ကေနီးပါးမျှကျယ်ဝန်းပြီး နှစ်ရှည်သီးပင်များဖြင့် အုပ်ဆိုင်းညို့မှိုင်းနေသော ခြံကြီးမှာ တစ်စစ ဖုန်းဆိုးတောကြီးကဲ့သို့ ဖြစ်ခဲ့ရလေတော့၏။

သည့်နောက် ယင်းဦးတောကျော်၏ခြံကြီးအား မြိုင်သာယာမြို့ငယ်လေးကတစ်ဆင့် ဒေါ်နှင်းရုံဆိုသောအဘွားကြီးသည် တစ်ဦးတည်း မည်သူ့ကိုမှ အကြောက်အလန့်မရှိဘဲ ဝယ်ယူပြောင်းလာခဲ့ခြင်း ဖြစ်သည်။

ဒေါ်နှင်းရုံသည် အသက်ခုနစ်ဆယ်ခန့်ရှိပြီး အမြဲတစေ ယောထဘီကို ဝတ်ဆင်လျက် ယောရင်ဖုံးအင်္ကျီလက်ရှည်ကိုသာ ဝတ်ဆင်လေ့ရှိသည်။

အရောင်မှာ အနက်ရောင်တစ်မျိုးတည်းသာ ဝတ်ဆင်တတ်လေ့ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



တံကောက်ကွေးခန့်ရှည်လျားသော ဆံနွယ်များကို ဘီးဆံပတ်ထုံးဖွဲ့ထားခြင်းမျိုး တစ်ရံတစ်ဆစ်မှပင် ရွာသားများမတွေ့ကြုံဖူးဘဲ အမြဲတစေ ဆံပင်ဖားလျားကြီးချလျက်သာ နေထိုင်တတ်လေ့ ရှိပေ၏။

အဆိုးဝါးဆုံးမှာ အလွန်အင်မတန်ဆိုးရွားလွန်းလှသော ဒေါ်နှင်းရုံ အမည်ရှိသော အဘွားကြီး၏ရုပ်ရည်ပင် ဖြစ်ပေ၏။

ဒေါ်နှင်းရုံ၏မျက်နှာတစ်ပြင်လုံး၌ နမ်းစေ့တစ်ထောက်မျှ နက်ရှိုင်းမည်ဟုခန့်မှန်းရသော ကျောက်ပေါက်မာများ ပြည့်နှက်စွာတည်ရှိနေခြင်း . . .

ယင်းအပြင် နှာခေါင်းမှာ ငှက်နှုတ်သီးကဲ့သို့ ကွေးကောက်နေပြီး မျက်လုံးအစုံကလည်း သေးငယ်ကျဉ်းမြောင်းလျက် စူးလက်နေတတ်၏။

ဒေါ်နှင်းရုံသည် တစ်ခါတလေ ညနေစောင်းများ၌ ရွာတွင်းသို့ လမ်းလျှောက်ထွက်လာလျှင် ဒေါ်နှင်းရုံနှင့် မည်သူမှ ရင်ဆိုင်မကြည့်ဝံ့ကြ။

ဒေါ်နှင်းရုံသည် အမြဲတစေ ရွာဖြင့် သီးသီးခြားခြားနေကာ နစ်ဆောင်မြိုင်ရေနံချေးရောင် နက်မှောင်နေသည့် အိမ်ကြီးထဲ၌သာ တစ်ဦးတည်း နေထိုင်လေ့ ရှိပေသည်။ ရွာတွင်းသို့ သွားလာခဲသည်။

ဘခင်တို့လင်မယား၏အဖြစ်ဆိုးမှာလည်း ဤသို့ပင်ဖြစ်သည်။

တစ်ရက်တွင် ဒေါ်နှင်းရုံသည် သူမ၏ခြံနှင့်နီးသော ဘခင်တို့ လင်မယားကုန်စုံဆိုင်လေးသို့သွားရောက်ကာ တစ်ပတ်စာရိက္ခာ ဝယ်ယူလေသည်။

ထိုအခါ အမြဲတစေအရက်သောက်ပြီး မူးနေလေ့ရှိသော ဘခင်နှင့် သွားတိုးလေ၏။

ဘခင်က အရက်မူးမူးဖြင့် နဂိုကတည်းကမှ သူ့စိတ်ထဲ ဒေါ်နှင်းရုံအား ရွာထဲမှာ ပြောဆိုနေကြသော စုန်းကဝေအတတ်များ တတ်မြောက်ထားသူဟု ထင်ထားသူပီပီ . . .

"အဘွားကြီး . . . ဘာဝယ်မလို့လဲ"

"ငါဝယ်ချင်တာ ဝယ်မယ် . . . နင့်တာဝန်က ရောင်းဖို့ပဲ မဟုတ်လား ငါက ခေါင်းတစ်လုံးဝယ်ချင်တယ်ဆိုရင် နင်က နင့်ခေါင်းကိုဖြတ်ရောင်းမှာလား . . . မလိုတာတွေ လျှာမရှည်နဲ့ . . . ငါမကြိုက်ဘူး"





"မကြိုက်ရအောင် ခင်ဗျားကြီးက ဘာလဲ . . . စုန်းလိုလို၊ အောက်လမ်းကဝေလိုလို လာမလုပ်နဲ့ ကျုပ် . . . ဘခင်က ကြောက် လည်းမကြောက်ဘူး၊ ဂရုလည်းမစိုက်ဘူး၊ ရွာထဲကသာ ကြောက်ချင်ကြောက်မယ် . . . ကျုပ်ကတော့ ဝေးသေး"

'တောက်'

ဘခင်က အရက်ထွေထွေဖြင့် နဂိုကတည်းကပင် တစ္ဆေသရဲဆိုတာကို မယုံကြည်သူ၊ တဇောက်ကန်းမို့ သူပြောချင်ရာပြောသည်ကို ဒေါ်နှင်းရုံက ခံပြင်းဒေါသထွက်ဟန်ဖြင့် မျက်ထောင့်နီကြီးဖြင့် ဘခင်အား စူးစိုက်စွာကြည့်လျက် တက်တစ်ချက်ခေါက်လိုက်၏။

ယင်းအချိန် ခြံနောက်ဘက်ကနေ ဘခင်၏မိန်းမ ဌေးရီက ကမန်းကတန်း လှမ်းထွက်လာကာ . . .

"ကိုဘခင် ဘာဖြစ်နေတာလဲ . . . ဟင်"

ဘခင်အား မေးရင်းက မျက်ထောင့်နီကြီးဖြင့်ကြည့်နေသော ဒေါ်နှင်းရုံအား မြင်သွားသောအခါ ဌေးရီ ခြေလှမ်းတုံ့သွားလေ၏။

"ဘာမှမဖြစ်ဘူး . . . နင် ဝင်မရှုပ်နဲ့ ငါ ဒီစုန်းလိုလို၊ ကဝေ မှော်လိုလို မိန်းမကြီးကို မကျေနပ်လို့ပြောနေတာ၊ ဈေးလည်းမရောင်းဘူး"

"အို . . . ကိုဘခင်"

"မင်း . . . ငါ့ပညာကိုစော်ကားနေတာ နှစ်ကြိမ်ရှိသွားပြီ၊ ငါ ခွင့်မလွှတ်ဘူး၊ အေး . . . မင်း မကြာခင် နောင်တရလိမ့်မယ်၊ အဟင်း . . . ဟီး ဟီး ဟား ဟား . . . ငါ့အကြောင်းသိစေရမယ် . . . တောက်"

ဒေါ်နှင်းရုံသည် အံကိုတင်းတင်းကြိတ်လျက် တိုးညင်းစွာ ပြောလိုက်ကာ ဆိုင်ရှေ့ကနေ ဘခင်၏မျက်နှာအား စေ့စေ့ကြည့်လျက် ချာခနဲလှည့်ထွက်သွားလေတော့၏။

သို့သော် ဆိုင်ရှေ့ကနေမထွက်ခင် မြေပြင်အား ဖနောင့်ဖြင့် တစ်ချက်ပေါက်ကာ ဒေါသတကြီး ခြံဝိုင်းထဲကနေ လှမ်းထွက်သွားလေတော့၏။

ယင်းအဖြစ်ကို သေသေချာချာတွေ့မြင်လိုက်ရသော ဌေးရီက



www.burmeseclassic.com

www.burmeseclassic.com



ကြောက်ရွံ့ထိတ်လန့်လျက် ...

"ကို ... ကိုဘခင် ... ဒီအဘွားကြီးက ဟိုရွာစွန်က ခြံကြီးထဲက မဟုတ်လား"

"အေး ... ဟုတ်တယ်၊ ဟို ... စုန်းလိုလို ကဝေလိုလို အဘွားကြီး ပေါ့၊ သူများတွေက ကြောက်ချင်ကြောက်မယ် ... ငါကတော့ လုံးဝပဲ"

"အမလေး ကိုဘခင် ... ဟိုအဘွားကြီး ကြားသွားပါ့မယ်တော်၊ မျက်ထောင့်နီကြီးနဲ့ကြည့်နေတာ ကြောက်လိုက်တာရှင်"

အမှန်တကယ်လည်း ဘခင်လို တဖောက်ကန်းသမားက မကြောက် ပါသော်လည်း ဒွေးရီကတော့ ကြောက်တာအမှန်ပင်ဖြစ်ပါ၏။

ဘခင်၏ဆိုင်သို့ လာ၍ကြိမ်းဝါးသွားသော၊ မျက်ထောင့်နီကြီးများဖြင့် ကြည့်ကာ ပြန်အလှည့်၌ ဖနောင့်ဖြင့်ပေါက်သွားသည့် ရွာစွန်ခြံကြီးထဲက ဒေါ်နှင်းရုံဟူသော အရုပ်ဆိုးဆိုးအဘွားကြီး၏သတင်းက ချက်ချင်းလိုလိုပင် ထိန်တောရွာတွင်းသို့ ပျံ့နှံ့သွားလေ၏။

သို့သော် တိုက်တိုက်ဆိုင်ဆိုင်လေပဲလား ... အံ့ဩစရာဖြစ်ရပ်ပေ လားတော့ မသိပါချေ။

ယင်းသို့ ရွာစွန်က ဒေါ်နှင်းရုံဟူသော အဘွားကြီးနှင့် ဘခင်တို့လင် မယား စကားများအဆင်မပြေဖြစ်ပြီး တစ်ပတ်ခန့်မျှအကြာတွင် မမျှော်လင့်ဘဲ တောထဲသွားရင်း ပိုးထိကာ သေဆုံးသွားလေတော့၏။

ဘခင်သေဆုံးသွားသဖြင့် ဒွေးရီသည် ပဋ္ဌာမြေလူး ငိုကြွေးမဆုံးခံစား ရသလို ရွာတွင်းမှလည်း တစ်ယောက်တစ်ပေါက် ပြောဆိုဝေဖန်သံတွေက ညံစည်နေလေသည်။

"ဘခင်သေဆုံးရတာ သွေးရိုးသားရိုး ဟုတ်ပုံမပေါ်ဘူးကွ"

"ဟာ ... ဟေ့ကောင် ... စကားကိုရှေ့ပြောနောက်ကြည့် ပြောစမ်း ပါကွာ၊ အလိုလိုနေရင်း ကျောက ခပ်ချမ်းချမ်းရယ်"

"ငါထင်တာ ဟိုရွာစွန်က မကောင်းတဲ့စုန်းကဝေပညာတွေ တတ် တယ်ဆိုတဲ့ အဘွားကြီးလက်ချက်ပဲဖြစ်မှာပဲ"





"ဟေ့ကောင် သာဂိ ... မင်းမှာ ဘာသက်သေမှလည်း မရှိဘဲနဲ့ ဘာလဲ ... မင်း အဲဒီအဘွားကြီးဆီ သွားမေးမလို့လား"

"ဟာ ... ဒါ ... ဒါတော့ ..."

ရွာသားတစ်ယောက်၏စကားကြောင့် သာဂိဆိုသောရွာသားမှာ အထစ်ထစ်အငေါ့ငေါ့ဖြစ်သွားရလေသည်။

သာဂိတင် မဟုတ်ပါ ...။

တစ်ရွာလုံးကလည်း ဘခင်အား ယင်းရွာစွန်ရှိ ဦးတောကျော်၏ သရဲခြောက်သည်ဟု နာမည်ကြီးနေသော ခြံကျယ်ကြီးထဲ၌ တစ်ကိုယ်တည်း နေသော မှော်ကဝေပညာများတက်မြောက်သည်ဟု ထင်မြင်နေကြသည့် ဒေါ်နှင်းရုံ၏လက်ချက်ဟု ထင်မှတ်ထားကြ၏။

သို့သော် တစ်ရွာလုံး မည်သူမျှတော့ ဖြောင့်မမေးရဲ မပြောရဲကြပါချေ။

သို့သော် ရွာထဲမှာ တောင်ယာကနေ နောက်ကျ၍ ပြန်လာသော ဒေါ်မနက်ကြီးကမူ ...။

"ဟုတ်မှာပါအေ ... ဘခင်ကို အဲဒီအဘွားကြီးကပဲ တိုက်မြွေနဲ့ တိုက်သတ်တာနေမှာ၊ သူက ကဝေဆယ့်နှစ်ကြိုးအေ့ ... ညည်းတို့ ဘာသိ သလဲ၊ အဲဒီအဆင့်ဆိုရင် ထဘီကိုခြုံလိုက်တာနဲ့ ကောင်းကင်မှာပျံနိုင်တဲ့ လင်းတဖြစ်သွားတာဟဲ့ ... သိလား"

"ဟင် ... ဒေါ်မနက်ကြီးက မြင်ဖူးလို့လား၊ အမလေး ... ကြားရ တာနဲ့တင် ကြောက် ... ကြောက်စရာကြီး၊ ဟုတ်မှာပါ ... ကျွန်မတို့ဆို သူ ရွာထဲလာပြီဆို လမ်းတည့်တည့်တောင် မလျှောက်ရဲတော့ဘူးရှင့်"

ခင်တုတ်ဆိုသော မိန်းကလေးက အမှန်တကယ်ပင် ဒေါ်မနက်ကြီး ပြောပြသောစကားတွေကို ကြောက်ရွံ့ထိတ်လန့်ဟန်ဖြင့် မျက်နှာထက် သွေးမရှိ တော့သလိုပုံစံဖြင့် မျက်လုံးကလည်း ပြူးဝိုင်းလျက် ပန်းတွန့်ပြလေသည်။

"ဟုတ်မှာပါအေ ခင်တုတ်ရယ် ... အဲဒီထက် ထူးဆန်းတာ ငါပြောရ ဦးမယ် ... သိလား ... ဘခင်သေတဲ့ညနေက ငါ ယာထဲကအပြန် အဲဒီ ရွာစွန်ခြံကြီးရှေ့က ဖြတ်ပြန်လာတာအေ့ ...



www.burmeseclassic.com

www.burmeseclassic.com

အဲဒီမှာ ခြံလယ်က အရင်ဦးတော်ကျော်တို့နေခဲ့တဲ့ ဟိုနှစ်ဆောင်ပြိုင်အိမ်မည်းကြီးထဲကနေ ရယ်သံနက်ကြီးနဲ့ တဟားဟား ရယ်မောနေတဲ့အသံကို ငါ ..ံ. ငါကြားရတယ် ... သိလား''

''ဟင် ... ဟုတ် ... ဟုတ်လား''

''အဲ ... အဲဒါ အဲဒီအဘွားကြီး ဘခင်ကိုတိုက်မြွေနဲ့ တိုက်သတ်ပြီးလို့ သူအကြံအောင်ပြီး အော်ရယ်နေတာမဟုတ်လို့ ဘာလဲဟဲ့၊ ငါလည်းကြောက်ပြီး သုတ်ခြေတင်လှမ်းလိုက်တာ ရွာကို ဘယ်လိုပြန်ရောက်မှန်းတောင် မသိတော့ဘူးအေရယ်၊ ရယ်သံကြီးကို ခုထိ နားထဲမထွက်သေးဘူး. သိလား''

ဒေါ်မနက်ကြီး ကြုံတွေ့ခဲ့ကြရသော သတင်းစကားကလည်း ထိန်တောရွာထဲသို့ မောင်းကြေးနန်းလည်ခတ်စရာ မလိုဘဲ ချက်ချင်းပျံ့သွားလေ၏။

ဒီထက်ပို၍ ရွာသားများကြောက်လန့်သွားသည်မှာ ဘခင်သေဆုံးပြီး ရက်လည်ဆွမ်းသွတ်အမျှဝေပြီး သုံးရက်မြောက်သောနေ့မှာပင် ဘခင်၏ မိန်းမဖြစ်သူ ဒွေးရီသည်လည်း ညအိပ်ပျော်နေစဉ် အိပ်ရာထဲထိတိုင် ပိုးထိပြီး သေဆုံးနေသည်ကို ရွာသားများ မနက်ကျမှသိကြရခြင်းပင်ဖြစ်လေ၏။

ထိုအခါ ရွာသားများသည် ဒေါ်နှင်းရုံဟူသော ရွာစွန်ရှိ ခြံကြီးတွင်း၌ နေထိုင်သော အဘွားကြီးအကြောင်း အရိပ်အမြွက်မျှ ပြောဖို့မဆိုထားနှင့် ... ရွာတွင်းသို့ ယင်းအဘွားကြီးလမ်းလျှောက်ထွက်မှာ၊ ဝင်လာမှာကိုပင် အလိုလိုနေရင်း ထိတ်လန့်ချောက်ချားနေလေတော့သည်။

ရွာစွန်ရှိ ခြံကြီးအပါးသို့ဆိုတာကတော့ ဝေလာမှဝေးရော ဖြစ်ကုန်ကြ၏။

သည်ကြားထဲ၌ သိပ်မကြာခင် ရွာထဲက လူသုံးဦးသည် ရှေ့ဆင့်နောက်ဆင့် မြွေကိုက်၍ သေဆုံးသွားကြလေတော့၏။

ထူးခြားမှုမှာ သေဆုံးသွားသော ရွာသူရွာသားသုံးယောက်စလုံးသည် ဒေါ်နှင်းရုံကြီးအား ကွယ်ရာထောက်ရာ၌ အတင်းအဖျင်းပြောလေ့ရှိသော၊ စပ်စုလေ့ရှိသောသူများပင် ဖြစ်၍နေလေသတည်း ...။

ထိုအချိန်မှစ၍ ဒေါ်နှင်းရုံအား ထိန်တောရွာတစ်ရွာလုံးသည် မကောင်း





သည့် စုန်းကဝေမိစ္ဆာအတတ်များ တတ်မြောက်သူဟု တစ်ထစ်ချလက်ခံလိုက်ကြပြီးလျှင် ခြံကြီး၏အနားသို့ မည်သူမျှ မကပ်,မသီရဲကြတော့ပေ။

သို့သော် ရံဖန်ရံခါ လမိုက်သောညအခါမျိုး၌ ယင်း ဒေါ်နှင်းရုံနေထိုင်သော နှစ်ဆောင်ပြိုင်အိမ်ကြီးဆီကနေ ငိုသံများကြားရတတ်သလို တစ်ခါတစ်ရံ၌လည်း နက်ကျောသောရယ်သံကြီးကိုလည်း ရွာတွင်းကနေ လေသင့်ပါက အမှတ်မထင်ကြားရသည်ဟု ဆိုသူတွေက ဆိုကြ၏။

တစ်ခါတစ်ရံ၌လည်း ယင်းခြံကြီးထဲကနေ အေးမြကြည်လင်သော သီချင်းဆိုသံကို လေအသင့်မှာ ယင်းခြံကြီးဖြင့်နီးကပ်စွာ တည်ရှိနေသော ရွာဖျားရှိခြံပိုင်းများက ကြားရတတ်လေ့ရှိသည်ဟုလည်း တိုးတိုးကျိတ်ကျိတ် ဆိုတတ်ကြလေသည်။

ယခုလည်း လာပြန်ချေပြီဖြစ်၏။

အကြောင်းမှာ လမိုက်များနှင့် လပြည့်ရက်အခါသမယ၌ ညဦးအမှောင်သန်းခေါင်ယံအချိန်တွင် အနောက်ဘက်သချိုင်းကုန်း တောစပ်ဆီကနေ ဆံပင်ဖားလျားကြီးနှင့် အရိပ်မည်းကြီးသဏ္ဌာန် နာနာဘာဝဝိညာဉ်တစ္ဆေမတစ်ဦးသည် ရွာစွန်ရှိ ဒေါ်နှင်းရုံနေထိုင်သော ခြံကြီးတွင်းသို့ဝင်သွားကြောင်း မျက်မြင်ဒိဋ္ဌ ဆိုသူတွေက ဆိုနေကြပြန်၏။

ထိန်တောရွာကလေးသည် သေမင်းစောင်းကြိုးငင်သံ ကြားနေရသကဲ့သို့ ယခုရက်ပိုင်း၌ နေ့ရောညပါ တထိတ်ထိတ်တလန့်လန့် ချောက်ချားသွေးပျက်နေကြသည်မှာ သေချာမှုပင်ဖြစ်လေတော့သည်။

ထိုသတင်းသည် ထိန်တောရွာလေးတင်မက ... ရိုးမတောင်ခြေ၌ တည်ရှိသည့် ရွာနီးချုပ်စပ်များသာလျှင်မက ... အနီးဆုံး ကားလမ်းပေါက်ရာ မြို့သာယာမြို့ငယ်လေးထိအောင်ပင် ပျံ့လွင့်သွားလေတော့၏။

❐ ❖ ❐



www.burmeseclassic.com

www.burmeseclassic.com

## နှန်းမကြောက် သင်္ချိုင်းမကြောက်သူ

ယင်းသို့ သတင်းများဖြစ်ပေါ်နေဆဲမှာပင် ထိန်တောရွာသားများ မျက်လုံးပြူးစရာအဖြစ်အပျက်က ထပ်မံပေါ်ထွက်လာလေတော့၏။

အဘယ်ကြောင့်မူ အထက်အညာ မြေလတ်ပိုင်းရှိ မြို့ငယ်လေးတစ်မြို့ကဟုဆိုသော လူငယ်တစ်ယောက်သည် တစ်နေ့သ၌ တစ်ရွာလုံး ခြိမ်းနားသို့ပင် မသီရဲကြသည့် ရွာစွန်ရှိ ဒေါ်နှင်းရုံ၏ခြံကြီးနှင့် ကပ်လျက်ရှိသောခြံကြီးတွင်းသို့ တစ်ကိုယ်တည်းနေထိုင်ရန် ရောက်ရှိလာခြင်းဖြစ်လေသောကြောင့်ပင်တည်း ...

လူရွယ်၏အမည်မှာ အောင်ကြီးဟူ၍ ခေါ်လေသည်။

ယင်းအောင်ကြီးဆိုသောလူငယ်သည် မည်သို့သောအလုပ်အကိုင်ကို လုပ်ကိုင်သည်ဟု တစ်ရွာလုံး မည်သူမျှမသိကြသော်လည်း အောင်ကြီးကမူ သူ့ကိုယ်သူ စက်သူဌေးသားတစ်ဦးဟု ဆိုလေသည်။

အောင်ကြီးမှာ ငယ်ရွယ်သူတစ်ဦးဖြစ်ပြီး ရုပ်ရည်မှာလည်း တည့်ကြည်ခန့်ငြားလှသူတစ်ဦးဖြစ်လေ၏။ ပြီးလျှင် ရင်းနှီးဖော်ရွေဟန်လည်း ရှိပေ၏။ အမြဲတစေလည်း လည်ပင်း၌ မာဖလာအနက်တစ်ထည်ကို ရစ်ပတ်ထားပြီးလျှင် အဝတ်အစားကိုလည်း စမတ်ကျကျ ဝတ်ဆင်တတ်လေ့ရှိသူဖြစ်သည်။

သို့သော်လည်း အောင်ကြီးဆိုသောလူရွယ်မှာ အထက်အညာမြေ





လတ်ပိုင်း မြို့ငယ်လေးရှိ စက်သူဌေးသားပီပီ ရွာစွန်ရှိ ဒေါ်နှင်းရုံ၏ခြံကြီးနှင့် ကပ်လျက်ခြံသို့ ရောက်ရှိလာပြီး တစ်ပတ်အတွင်း၌ပင် ရွာရှိကာလသားများ ဖြစ်ကြသော မိုးကြီး၊ ထိပ်ပြောင်၊ သာဂိတို့ဖြင့် အဖွဲ့ကျသွားလေတော့၏။

ယင်းမှာလည်း အောင်ကြီးသည် တစ်ညနေ၌ ရွာအရှေ့ဖျားရှိ ထန်းပင်စုစုများပေါက်နေရာ ထန်းတောသို့ရောက်ရှိသွားရာမှ အစပြုခဲ့ခြင်းဖြစ်ပေသည်။

ထိုညနေခင်းက အောင်ကြီးဟူသောလူရွယ်သည် ထိန်တောရွာလေးသို့ လှည့်လည်ကြည့်ရှုနေရာမှ ထန်းတောဆီသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

အောင်ကြီးသည် ထန်းတောတွင်းသို့ဝင်လာကာ ထန်းပင်တစ်ပင်အောက်၌ဝင်ထိုင်လိုက်၏။ ပြီးလျှင် အောင်ကြီးသည် ထန်းတဲတက်သို့လှည့်ကာ

"ထန်းရည်တစ်မြူပေးပါ"

"ဟုဘ်ကဲ့ လာပါပြီ"

ထန်းတောပိုင်ရှင် ပေသီးဟူသော လူဝကြီးသည် မျက်နှာစိမ်းဖြစ်သော အောင်ကြီးအား ချက်ချင်းပင် ထန်းရည်မြူအိုးနှင့် ဝါးခွက်၊ ပဲကြီးလှော်လက်တစ်ဆုပ်ခန့် လာချပေးလေ၏။ တစ်ဆက်တည်း ...

"ညီ ... ညီလေးက ညွှသည်ထင်တယ်"

"ဟုတ်ပါတယ်၊ ကျုပ်က လွန်ခဲ့တဲ့သုံးရက်ကမှ ရွာစွန်က ခြံကြီးကို ဝယ်လိုက်တဲ့ စက်သူဌေးသားအောင်ကြီးပါ ... နောင်ကြီးက ဒီထန်းတောပိုင်ရှင်လား"

ဟုမေးလိုက်ရာ လူဝကြီးပေသီးသည် မျက်ဝန်းအစုံ ဝိုင်းခနဲ ပြူးကျယ်သွားရင်းက ...

"နေ ... နေပါဦး ... ညီ ... ညီလေးက ရွာစွန်က ခြံကြီးကို ဝယ်လိုက်တယ်ဆိုတော့ ဘယ်ခြံကိုဝယ်လိုက်တာလဲ"

ဟု ပြန်မေးလိုက်လေ၏။ ပေသီးမှာ ထန်းတော၌သာ အနေများသူဖြစ်၍ ရွာထဲကအဖြစ်အပျက်ဟူသမျှ သိပ်မသိရှိပေ။

ပေသီး၏အမေးကို အောင်ကြီးက ရယ်ပြုံးလျက် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဗျာ ... သရက်ပင်, ပိန္နဲပင်ကြီးတွေနဲ့အုပ်ဆိုင်းနေတဲ့ ခြံကြီးနဲ့က
လျက်ခြံပါ"

"ဟင်"

စက်သူဌေးသားအောင်ကြီး၏အဖြေကြောင့် ပေသီး လန့်ဖျပ်သွာ
မိလေသည်။ ထိုညွှန်သည့်လူရွယ်ပြောသောခြံကြီးကို ပေသီးသိ၏။ ထိုခြံကြီးမှ
သူတို့ထိန်တောရွာကြီး၏ နာမည်ကြီးခြံကြီးပင် မဟုတ်ပါလား ...။

ပေသီးကဲ့သို့ပင် စက်သူဌေးသားအောင်ကြီး ထန်တောတွင်းသို့ ဝ
ရောက်လာကတည်းက ထိုင်နေသော မိုးသီး၊ ထိပ်ပြောင်၊ သာဂိတို့သည်
မြင်နေခြင်း ဖြစ်လေသည်။ ထန်းတောပိုင်ရှင်ပေသီးနှင့် စကားပြောနေကတည်
က မသိမသာ နားစွင့်နေခြင်းဖြစ်၏။

နောက်ဆုံး တစ်ယောက်နှင့်တစ်ယောက် မျက်စပစ်ကာ စက်သူဌေ
သားအောင်ကြီး၏စားပွဲသို့ ကူးပြောင်းလာလေသည်။

မိုးသီးကပင် စတင်၍ ...

"ဒီက နောင်ကြီးက ဟို ... မော်ကဝေမကြီးဒေါ်နှင်းရုံရဲ့ ခြံသောကြီ
ကြီးကို ဝယ်လိုက်တဲ့ မြို့ကစက်သူဌေးသားဆိုတာလား။ ကျုပ်က ဒီရွာ
ကာလသားခေါင်း မိုးကြီးပါ"

"ဩော် ... တွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ ဟုတ်ပါတယ် ... ကျ
နာမည် အောင်ကြီးပါ၊ မြေလတ်မြို့လေးတစ်မြို့မှာ နေပါတယ်၊ ထိုင်ကြပါဗျာ
သောက်ကြပါ၊ ကျုပ်က ထန်းရည်ဆို အလွန်ကြိုက်တာဗျ၊ ဒါကြောင့် ဒီညနေ
ရွာထဲလမ်းလျှောက်ထွက်လာရင်း ထန်းတောမြင်တာနဲ့ ဝမ်းသာသွားတာ"

ဟု အောင်ကြီးက ပြုံးရယ်၍ပြောလိုက်လေရာ သူ့စကားကြောင်
မိုးသီး၊ ထိပ်ပြောင်၊ သာဂိတို့သုံးဦးလုံး စက်သူဌေးသားအောင်ကြီး၏ စား
ခုံလေးမှာ ဝိုင်းထိုင်လိုက်ကြ၏။ စက်သူဌေးသား အောင်ကြီးနှင့် သက်ရွယ်တူ
မတိမ်းမယိမ်းတွေမို့ ထန်းရည်တစ်မြူ မကုန်ခင်မှာပင် ငယ်စဉ်ကတည်းက
ပေါင်းသင်းလာခဲ့ကြသည့် ငယ်ပေါင်းကြီးဖော်များပမာ ခင်မင်ရင်းနှီးသွားကြ
လေတော့၏။





အောင်ကြီးမှာ မြို့ကြီးသားပီပီ စကားပြောလိမ္မာပါးနပ်သလို ရည်မွန်
လှ၏။

မိုးသီးတို့တစ်တွေမှာလည်း အောင်ကြီးစတင်ပြောင်းရွှေ့လာသည့်
နေ့ကတည်းက ရွာထဲမှာ သတင်းကြားနေသော်လည်း ယခုကဲ့သို့ အောင်ကြီး
နှင့် အပေါင်းအသင်းတွေဖြစ်သွား၍ ဝမ်းသာပျော်ရွှင်သွားကြသည်မှာ အမှန်
ပင်ဖြစ်လေ၏။

မိုးသီးက အောင်ကြီးအား အားကျသလိုကြည့်ကာ ...

"ကိုအောင်ကြီးသတ္တိကိုတော့ ကျုပ် မိုးသီးက သိပ်လေးစားသွားပြီ
ဗျာ"

"ခင်ဗျားက ဘာကိုပြောတာလဲဗျ ... ခင်ဗျားစကားကို ကျုပ် သိပ်
နားမရှင်းဘူးဗျာ"

ထိုစဉ် ထိပ်ပြောင်ကပါ ဝင်၍ ...

"ဟာ ... ဒါက ဒီလိုပါ ကိုအောင်ကြီး ... ကိုအောင်ကြီးက ရွာ
စွန်ကခြံကြီးကို ဝယ်လိုက်တဲ့သူဆိုတော့ ကျုပ်တို့ရွာသား ဖြစ်သွားပြီပေါ့ဗျာ၊
မိုးသီးဆိုလိုတာက ကိုအောင်ကြီးဝယ်ယူလိုက်တဲ့ခြံကြီးနံဘေးက ခြံကြီးအ
ကြောင်း သတင်းလေးသဲ့သဲ့လေးတောင် မကြားဖူးဘူးလားဗျာ၊ အဲဒီခြံကြီးနဲ့
ကပ်လျက်မှာ ဝယ်ပြီး တစ်ယောက်တည်းနေရဲတဲ့သတ္တိကို ချီးကျူးတဲ့သဘောနဲ့
ပြောတာပါဗျာ"

ထိပ်ပြောင်၏စကားကြောင့် အောင်ကြီးသည် မျက်မှောင်ကြုတ်လိုက်
မိလေ၏။ ပြီးလျှင် ... ဘာမှနားမလည်နိုင်၍ ပြန်လည်မေးလိုက်၏။

"နေပါဦးဗျာ ... ခင်ဗျားတို့ပြောနေတဲ့စကားအရဆို ကျုပ်ခြံနဲ့ကပ်
လျက်ခြံက ဘာဖြစ်နေလို့လဲ"

"ဟာ ... ကိုအောင်ကြီး ရွာထဲမှာ သတင်းသဲ့သဲ့ကလေးတောင်
မကြားမိဘူးလားဗျာ ... ရွာထဲ လျှောက်ကြည့်တာဆို"

"ဟုတ်တယ်လေ၊ ကျုပ်စရောက်တဲ့နေ့ကတည်းက အိမ်ကြီး
ကိုသန့်ရှင်းရေးလုပ်နေရလို့ဗျ၊ ကျုပ်က မသန့်ရင် မနေတတ်ဘူး၊ ဒီညနေမှ



www.burmeseclassic.com

 www.burmeseclassic.com

ရွာထဲလျှောက်ကြည့်ရင်း နှ ခင်ဗျားတို့နဲ့လာဆုံတာပဲလေ''

''ဩော် ... ဒီလိုကိုး၊ ဒါဆိုလည်း ကျုပ်ကပဲ ပြောပြပါမယ်ဗျာ ဒီလိုဗျ ...''

ဟု အစချီကာ ထိပ်ပြောင်သည် ဦးတောကျော်တို့လင်မယား ဓားပြသတ်၍ အစိမ်းသေသေခဲ့ရာမှ ယခု ဝယ်ယူလိုက်သော ဒေါ်နှင်းရုံကြီး အကြောင်းထိ စုံစေ့စွာပင် ရှင်းပြလိုက်လေတော့၏။

မိုးကြီးနှင့်သာဂိကလည်း နံဘေးမှ ဝင်ရောက်ထောက်ပြောလေ၏။ သူတို့၏စကားဆုံးသွားသောအခါ စက်သုဌေးသားအောင်ကြီးသည် မျက်မှောင်ကြီးတွန့်ကြုတ်လျက် မယုံတစ်ဝက် ယုံတစ်ဝက် မျက်နှာပုံစံဖြင့် ခေါင်းယမ်းကာ ...

''အင်း ... ကျုပ်တို့စတွေ့တွေ့ချင်း ကျုပ်အန္တရာယ်နဲ့ တွေ့ကြုံမှာစိုးလို့ ခုလို ... သတိပေးစကားပြောဆိုကြတာ ကျေးဇူးတင်ပါတယ်ဗျာ၊ ဒါပေမဲ့ ကျုပ်က မြို့မှာ မက်သဒစ်တန်းထိ ကျောင်းတက်လာသူဆိုတော့ ဒီလို သရဲတစ္ဆေ စုန်းကဝေတွေ ဘာတွေ ငယ်စဉ်ကတည်းက သိပ်အယုံအကြည်မရှိပါဘူးဗျာ၊ ကျုပ်ကိုစိုးရိမ်လို့ ခုလိုသတိပေးတာ ကျေးဇူးတင်ပါတယ်ဗျာ''

''ကဲ ... မှောင်စတောင်ပျိုးနေပြီ၊ ကျုပ်တို့ပြန်ကြရအောင်၊ နောက်နေ့တွေကျ ထပ်တွေ့ကြသေးတာပေါ့''

''ကောင်းပြီလေ ... ကျုပ်တို့ ဒီထန်းတောမှာ ညနေတိုင်း ရှိပါတယ်၊ အဲ ... တစ်ခုတော့ရှိတယ် ... ခင်ဗျားကို ကူညီချင်ပေမယ့် ကျုပ်တို့တစ်ရွာလုံး အဲဒီဒေါ်နှင်းရုံခြံကြီးအနား ဘယ်သူမှ မသီရဲကြ မဝံ့ကြဘူးဗျ ... ဒါကိုတော့ ခွင့်လွှတ်ပါဗျာ၊ ရွာထဲကအကူအညီတော့ ခင်ဗျားကြိုက်သလောက်တောင်းပါ''

''ရပါတယ်ဗျာ ... ကိစ္စမရှိပါဘူး''

ယင်းနောက် သူတို့သည် ကိုပေသီး၏ထန်းတောကနေ ရွာဘက်သို့ ပြန်လာခဲ့ကြလေသည်။

❒ ❖ ❒



## အိမ်မည်းကြီး၏ လျှို့ဝှက်ချက်

ညသည် သူ၏ညဝတ်လွှာရုံအား ခြုံထားသည်မှာပင် အချိန်တွေ အတော်ကြာခဲ့ပြီဖြစ်သည်။ တစ်ချက် တစ်ချက် လေပြည်လေးတွေ ဝေ့ယမ်းတိုက်ခတ် ကလူကျီစယ်သွားတာကိုပင် သတိမထားမိလောက်အောင်ပင် အောင်ကြီး၏အာရုံတွေက တစ်နေရာမှာပဲ ရှိနေခဲ့၏။

အောင်ကြီးစိုက်ကြည့်နေမိသောနေရာသည် ယခု သူရှိနေရာ ခြံစည်းရိုး ဝါးရုံပင်ကြီးတွေအရိပ်အောက်ကနေတစ်ဆင့် လှမ်း၍မြင်နေရသော တစ်ဖက်ခြံကြီး၏အလယ်ရှိ အမှောင်ထဲ၌ မီးလင်းနေသောအခန်းလေးတစ်ခုဆီသို့ ဖြစ်၏။

အောင်ကြီးသည် ဤခြံကြီးတွင်းသို့ ရောက်ရှိခဲ့သည်မှာ တစ်လပင်ပြည့်ရော့မည်။ တစ်ခါက ထန်းတောတွင်း၌ ဤရွာသား ကာလသားများဖြစ်ကြသည့် မိုးသီး၊ ထိပ်ပြောင်၊ သာဂိတို့ဖြင့် စတင်ဆုံတွေ့ရင်းနှီးခဲ့ကြသော ညကပင်စ၍ အောင်ကြီး ... ဤခြံကြီးနှင့် နှစ်ဆောင်ပြိုင်အိမ်ကြီးကို စိတ်ဝင်စားခဲ့မိခြင်းဖြစ်ပါ၏။

မည်သည့်အတွက်ကြောင့် စိတ်ဝင်စားရပါသလဲဟု မေးလာသူရှိသော် ဆိုငြားအံ့ အောင်ကြီးအဖြေက မြွေမြွေချင်းတော့ ခြေမြင်သည်ဟုပင် ဖြေဆိုရပေမည်။ ထိုမှစ၍ အောင်ကြီး ရွာတွင်းသို့ ရိက္ခာဟင်းစား သွားရောက်ဝယ်

❖ ရှုရင့်အောင်မာဃ ❖

www.burmeseclassic.com

www.burmeseclassic.com



လျှင်ဖြစ်စေ ...

ခါတစ်ရံ ညနေခင်းရွာပြင်ကွင်းစပ်က ထန်းတောသို့ရောက်လျှင်ဖြစ်စေ ...

ဤခြံကြီးနှင့်ပတ်သက်၍ အောင်ကြီး မသိမသာ အစ်အောက် မော့မြန်းကြည့်ရင်းက ဤခြံကြီး၏ရုပ်လုံးက တဖြည်းဖြည်း ပေါ်လာနေသလို ရှိပေ၏။

အောင်ကြီးသည် ဤအတွေ့အကြုံမျိုး သူ့၌ရှိထားသည်ကို ဤထိန်တောရွာသားများ တစ်ဦးတစ်ယောက်မျှ မသိရှိကြပါချေ။

အမှောင်မှာနေသူသည် အလင်းထဲသို့ ဝင်ရောက်မလာရဲခဲ့လျှင် အမှောင်ကိုပိုမှောင်အောင် ပြုလုပ်တတ်ကြသည်မှာ ဓမ္မတာပင် ဖြစ်၏။

အောင်ကြီးရော ဘာထူးပါသနည်း။

ဒီ ထိန်တောရွာတစ်ရွာလုံးသည် သူ့အား အတော်အသင့် ချမ်းသာကြွယ်ဝသော၊ မိဘ၏အမွေအနှစ်များကို သုံးဖြုန်းပျော်ပါးယစ်နေသော စက်သူဌေးသားအောင်ကြီးအဖြစ် လက်ခံသတ်မှတ်ထားကြသည် မဟုတ်ပါလား။

ဒါကလည်း အောင်ကြီး၏ များစွာသောမျက်နှာဖုံးတွေထဲက မျက်နှာဖုံးတစ်ခုသာလျှင် ဖြစ်ပေ၏။

မည်သူမဆို ပကတိပင်ကိုမျက်နှာအား လူသိလူမြင်မခံနိုင်လျှင် ဟန်ပြအပေါ်ယံဖြစ်သော မျက်နှာဖုံးတစ်ခု ကပ်ဆင်ထားရမည် မဟုတ်ပါလားလေ။

အတွေးဖြင့် အောင်ကြီး လှဲ့လှဲ့ကလေးပြုံးလိုက်မိလေသည်။

ဒါကြောင့်လည်း သူ့ အထက်၌ပြောခဲ့သလို မြွေမြွေချင်း ခြေထောက်ရှိ,မရှိ သိနေပါသည်လို့လေ။

အောင်ကြီး ထပ်မံ၍ တစ်ချက်ပြုံးလိုက်မိလေသည်။

ဒေါ်နှင်းရုံဟူသော တစ်ရွာလုံးက စုန်းကဝေ နာနာဘာဝ မကောင်းသောပညာရပ်တွေတတ်သည်ဟု သတ်မှတ်ကာ ထိတ်လန့်ကြောက်ရွံ့နေကြသော အရုပ်ဆိုးဆိုးအဘွားကြီးနှင့်တော့ ရွာထဲ၌ အောင်ကြီး နှစ်ကြိမ်ခန့် ဆုံတွေ့ခဲ့ဖူးလေသည်။

❖ ရိုရှင့်အောင်စာပေ ❖



အဘွားကြီးဒေါ်နှင်းရုံနှင့် အကြည့်ဆုံသောအခါ အောင်ကြီး တစ်စုံတစ်ရာအား ရိပ်မိနားလည်မိခဲ့၏။ သည်နောက်ပိုင်း အောင်ကြီး အဘွားကြီးကို ရွာတွင်းသို့ထွက်တာ သိပ်မတွေ့ရတော့ပါချေ။ အိမ်ကြီးမှာလည်း အမြဲတမ်းလိုလို တံခါးပိတ်လျက်။

တစ်ခုတော့ အောင်ကြီး၏မှတ်ဉာဏ်ထဲမှာ လွဲမှားနေသည်ကို သတိပြုမိ၏။ ယင်းမှာလည်း ရွာသူရွာသားများပြောသောစကားနှင့် မနေ့ညက အောင်ကြီးကိုယ်တိုင်ကြုံတွေ့ခဲ့ရသော ထူးဆန်းမှုကြောင့်ဟုလည်း ဆိုသော်ရချိမ့်မည်။

မည်သည့်အတွက်ကြောင့်ဆိုသော် တစ်ရွာလုံး သိရှိနားလည်ထားသည်မှာ ဤခြံကြီးထဲ၌ မှော်ကဝေ မကောင်းသောပညာရပ်များ တတ်မြောက်သည်ဟုဆိုသော ဒေါ်နှင်းရုံတစ်ဦးတည်းနေသည်ဟု ဆိုကြလေ၏။

တစ်ခါတစ်ရံ ဤခြံကြီးထဲကနေ ငိုရှိုက်သံသဲ့သဲ့အား ကြားသူလည်း ကြားကြသည် ... ဆိုသလို သီချင်းဆိုညည်းသံများလည်း ရံဖန် ကြားရတတ်သည်ဟုလည်း ဆိုခြင်းပင်။ နက်ကျောသော ရယ်မောသံတွေလည်း ကြားရသည်ဟုဆိုပြန်သည်။

ရွာသားတွေအဆိုအရမူ ဒေါ်နှင်းရုံ၏မွေးထားသည့် ဝိညာဉ်များ၊ မကောင်းဆိုးရွား နာနာဘာဝများ၏လက်ချက်ဟု ဆိုလေသည်။ အောင်ကြီးကိုယ်တိုင်လည်း မနေ့ညက သန်းခေါင်ယံအချိန်ကျော်ခန့်၌ ယင်းခြံကြီးဘက်ကနေ ကြည်လင်သာယာသော သီချင်းဆိုသံတစ်ခုအား ပီသစွာ ကြားလိုက်ရခြင်းဖြစ်လေသည်။ သက်ရှိထင်ရှား လူသားမိန်းကလေးတစ်ယောက်၏ သီချင်းဆိုညည်းသံသဲ့သဲ့ပင် ဖြစ်ပါ၏။

လေပြည်အဝေ့မှာ အောင်ကြီး တိုးသဲ့သဲ့လေးကြားလိုက်ရခြင်းပင်ဖြစ်သည်။ နာနာဘာဝဟူသော အစိမ်းသရဲတစ္ဆေများသည် သီချင်းဆိုတတ်သည်ဟု အောင်ကြီး ယုံလည်းမယုံကြည်၊ လက်သင့်လည်း မခံနိုင်ပေ။

ဒါကြောင့်လည်း အောင်ကြီး ရွာတွင်းသို့သိပ်မထွက်တော့ဘဲ ယင်းခြံကြီးနှင့်အိမ်မည်းကြီးအား စောင့်ကြည့်နေခဲ့သည်မှာ အချိန်တွေ မည်မျှကုန်လွန်

❖ ရိုရှင့်အောင်စာပေ ❖

www.burmeseclassic.com

www.burmeseclassic.com



ခဲ့လေပြီဟုပင် မသိတော့ချေ။

ရုတ်တရက် ...

''ဟာ''

အောင်ကြီး၏ရင်တွေ ဒိတ်ခနဲခုန်ကာ လှုပ်ရှားသွားရပါလေ၏။

မည်သည့်အတွက်ကြောင့်ဆိုသော် အိမ်ကြီး၏ ဝရန်တာထက်၌ ဖြူလွှသောအရိပ်သဏ္ဌာန်လေးတစ်ခုက တရွေ့ရွေ့ လှမ်းထွက်လာတာကို မလင်းတလင်းသာနေသော လရောင်အောက်၌ အောင်ကြီးမြင်တွေ့လိုက်ရခြင်းကြောင့်ပင်တည်း။

နက်မှောင်ရှည်လျားသော ဆံနွယ်ရိုင်းကြီးတွေက လေပြည်ထဲမှာ လွင့်ဝဲပျံနေသလို အဖြူရောင်ပိုးဝတ်စုံလေးကလည်း လေပြည်အောက်၌ တဖျပ်ဖျပ် လူးလွန့်လှုပ်ရှား၍နေလေသည်။

အောင်ကြီးရှိနေသောနေရာနှင့် သိပ်အလှမ်းမဝေးလှသည်မို့ မိန်းကလေးတစ်ယောက်မှန်းတော့ အောင်ကြီး တပ်အပ်သေချာသိနေ၏။

မည်သည့်အတွက်ကြောင့်ဆိုသော် အေးမြသာယာကြည်လင်သော သီချင်းသံတိုးညင်းညင်းလေးသည် ဆင်ဝင်ဝရန်တာထက်၌ ရပ်တန့်နေသော သူမ၏ထံကနေ လွင့်ပျံ့၍လာနေခြင်းကြောင့်ပင် ဖြစ်ပေ၏။

လသည် အနည်းငယ် ပို၍မြင့်တက်သွားသောအခါ အဖြူရောင်ပိုးသားဝတ်စုံနှင့် လှပသောမိန်းကလေးတစ်ဦးမှန်း ပို၍သေချာသွားလေတော့သည်။ ဝါးရုံပင်ကြီးတွေအောက် အမှောင်တွင်း၌ ရပ်တန့်နေသော အောင်ကြီး၏နှုတ်ခမ်းလေး ပြုံးရိပ်သဲ့သဲ့ စွန်းထင်းသွားလေ၏။

အတန်ကြာမှပင် အဖြူရောင်ဝတ်စုံရှင် မိန်းကလေးသည် အိမ်ကြီး၏ အပေါ်ထပ်ဝရန်တာကနေ အိမ်ကြီးတွင်းသို့ ပြန်လည်၍ ဝင်ရောက်သွားလေတော့၏။

ယင်းအချိန်မှာပင် တိမ်မည်းညိုတစ်သိုက်က လကို ဖုံးအုပ်သွားလေတော့သတည်း။

❐ ❖ ❐

❖ ရှိရှင့်အောင်ဆာမေ ❖

## ၄က်ပဲပေါ်ပြီ

အမှောင်ရိပ်သည် ခြံကြီးအတွင်း၌ မလင်းတစ်ပက် လင်းတစ်ဝက်ဖြင့် လွှမ်းခြုံထားလေသည်။ ညဥ့်၏လေပြည်ညင်းနုများသည် ကျယ်ဝန်းသောခြံကြီးအတွင်းသို့ အဆီးအတားမဲ့စွာ ပြေးလွှားတိုက်ခတ်နေကြ၏။

မရန်းပင်၊ သရက်ပင်များ၏ ကိုင်းခက်အရွက်များပင်လျှင် ညင်းညှဲသောလေပြည်ထဲ၌ တဖျပ်ဖျပ် ခါယမ်းနေကြလေသည်။

လေအဝေ့မှာ ခြံထောင့်ဝါးရုံပင်ကြီးများပင်လျှင် ကိုင်းနွဲ့ယမ်းခါနေကြ၏။

အချိန်သည် ညဥ့်သန်းခေါင်ယံသို့ ကူးစပြုနေလေပြီဖြစ်သည်။

သူမ ထိုင်နေသော ခြံထောင့်မရန်းပင်ကြီးအောက်ရှိ ခုံတန်းလေးကနေ ကြယ်မစုံ လမဲ့နေသော ကောင်းကင်ပြာကြီးအား ငေးမောကြည့်နေမိ၏။

ကောင်းကင်တစ်ခုလုံး ကြယ်မစုံ လမဲ့၍ အမှောင်လွှမ်းခြုံနေသော်လည်း နူးညံ့သောလေပြည်လေညင်းလေးများ ဝေ့ယမ်းတိုက်ခတ်နေသောကြောင့် သူမရင်မှာ အေးမြသယောင်ရှိလေ၏။

ခါတစ်ရံ ဤသို့လမိုက်၍ ကြယ်မစုံသော ညမျိုးတွေမှာ မြသင်းညိုသည် သူမ,နေထိုင်ရာ ဤခြံကြီးအတွင်းသို့ ဆင်းသက်၍ လမ်းလျှောက်လေ့ရှိလေသည်။ သည်အခွင့်အရေးကိုတော့ ဘွားနှင်းရုံက သူမအား ပေးထား၏။

❖ ရှိရှင့်အောင်ဆာမေ ❖

www.burmeseclassic.com

www.burmeseclassic.com



ဘွားနှင်းရုံသည် မြသင်းညိုနှင့် မြခွာညိုဟူသော သူမတို့ညီအစ်မ နှစ်ယောက်၏ ဘွားအေဖြစ်သလို သူမတို့အား ငယ်စဉ်တောင်ကျေး ကလေး အရွယ်မှစ၍ ယခုချိန်ထိ ကျွေးမွေးခဲ့သည့် ကျေးဇူးရှင်လည်း ဖြစ်ပေ၏။

မြသင်းညိုမှာ မြခွာညိုဟူသော ညီမ,ရှိပါသော်လည်း မြခွာညိုသည် အသက်ဆယ်နှစ်သမီးအရွယ်ခန့်လောက်၌ သူမ၏အဘိုးဖြစ်သူ ဘိုးသီလ လာ ရောက်၍ခေါ်ဆောင်သွားသဖြင့် မြသင်းညို၏အပါးမှာ မရှိတော့ပေ။

ဘိုးသီလသည် ဘွားနှင်းရုံကဲ့သို့ မဟုတ်ပေ။

စိတ်နှလုံး နူးညံ့ပျော့ပျောင်း၏။ မေတ္တာကရုဏာတော်လည်း ကြီး မား၏။ မြသင်းညိုတို့မသိသော၊ ဂန္ဓာရီဟုခေါ်တွင်သော အတတ်ပညာ၊ အကျင့် စရဏများကို မြန်မာနိုင်ငံတောတောင်အနှံ့သို့ လှည့်လည်ကာ ကျင့်ကြံတရား အားထုတ်နေသူတစ်ဦးဟူ၍ မြသင်းညို သိထား၏။ ဘွားနှင်းရုံကမူ ဘိုးသီလ အား အရူးဟုခေါ်ဆိုတတ်သည်။

မြသင်းညိုတို့ မွေးကင်းစအရွယ်မှစ၍ ဘိုးသီလသည်ပင် သူနေထိုင် ရာ ရိုးမပေါ်ရှိ ကျောက်ဂူကြီးတစ်ခုထဲ၌နေထိုင်ခဲ့ရသေးသည်ကိုလည်း မြ သင်းညို ရေးတေးတေးမှတ်မိနေပါ၏။

ထိုစဉ်က မြသင်းညိုတို့နေထိုင်သော ရိုးမတောကြီးသည် လွန်စွာ အေးချမ်းလွန်းလှ၏။ မနက်မိုးလင်းလာလျှင် ကျေးငှက်သာရကာလေးများ၏ သာယာနာပျော်ဖွယ် တီတီတာတာအသံလေးများဖြင့် ကြည်လင်လန်းဆန်း လွန်းလှသည်။

ယုန်ဖြူကလေးများ၊ မျောက်ညိုကလေးများဖြင့် ဆော့ကစားရတာ ကိုလည်း သူမတို့ ပျော်ရွှင်ကြလေ၏။

ဘိုးသီလကမူ တစ်ခါတစ်ရံ မနက်ခင်း၌ သစ်သီးဝလံများ ရှာဖွေကာ သူမတို့အား စားသောက်စေပြီး ကျောက်ဂူကြီးထဲ၌ တရားအားထုတ်နေသည် က များပြားလွန်းပေ၏။

ထိုနေ့က သူမတို့ညီအစ်မနှစ်ယောက်သည် နေထိုင်ရာ ကျောက်ဂူကြီး နှင့် သိပ်မဝေးလှသောမြေပြန့်လေးတစ်ခု၌ ဆော့ကစားနေမိကြခြင်းဖြစ်သည်။





ယင်းအချိန်မှာပဲ သူမတို့၏မလှမ်းမကမ်း၌ မမြင်ဖူးသောလူကြီးနှစ်ယောက်အား ရုတ်တရက်တွေ့မြင်လိုက်ကြရ၍ သူမတို့နှစ်ယောက် ထိတ်လန့်သွားပြီး လုစ်ခနဲ ကျောက်ဂူဆီသို့ပြန်ပြေးလာမိလေတော့၏။ ဘိုးသီလ မကြာခဏပြောပြ၍ ဒီတောကြီးထဲသို့ မကြာမကြာ မျက်စိလည်ပြီး လမ်းမှားလာသော မုဆိုးကြီး များသည် ရောက်ရှိလာတတ်ကြောင်း သူမတို့ညီအစ်မနှစ်ယောက် သိထားနှင့် ပြီး ဖြစ်ပေသည်။

သူမတို့ မထင်မှတ်ဘဲရင်ဆိုင်တွေ့ရှိခဲ့ကြသည်မှာ ယင်းမုဆိုးကြီးများ ပင် ဖြစ်ပေလိမ့်မည်။

(မြသင်းညိုတို့ရင်ဆိုင်ကြုံတွေ့ခဲ့ကြသော မုဆိုးနှစ်ယောက်သည် မုဆိုးဘထီနှင့် မုဆိုးကျော်ရင်ဖြစ်သည်။ ထူးဆန်းသော ယင်း အဖြစ်အပျက်အား ရှေ့ပိုင်းရှိ 'ထူးဆန်းသောသတ္တဝါဖြင့် ကြုံရ ခြင်း' အခန်း၌ ဖော်ပြခဲ့ပြီးဖြစ်ပေသည်။ စာရေးသူ)

နောက်ရက်၌ပင် ဘိုးသီလသည် ဘိုးရသေ့ကြီးတစ်ပါးနှင့်အတူ ကျောက်ဂူကြီးဆီသို့ ပြန်လည်၍ရောက်ရှိလာတော့၏။

ဘိုးရသေ့ကြီးမှာ ရှည်လျားဖြူဖွေးသော မုတ်ဆိတ်မွေးရှည်ကြီးများ ရှိသော်လည်း မျက်နှာမှာ ဖြူဝင်းလျက် မျက်ဝန်းအစုံကမူ စူးရှနေ၏။ ဆောင်း လာသောဒေါက်ချာကြီးနှင့် ဟောင်းနွမ်းနေသော သင်္ကန်းနှင့်လွယ်အိတ်ကြီး မှာလည်း ကြီးမားလွန်းလှ၏။

ဘိုးရသေ့ကြီးသည် သူမတို့အား သနားကြင်နာသော မျက်ဝန်းများ ဖြင့်ကြည့်လျက် ခေါင်းတဆတ်ဆတ်ညိတ်လျက် ပြုံးနေလေ၏။ ဤသည်မှာပင် နောင် ဆယ်ငါးနှစ်ကျော်သောအခါ လူ့လောကကြီးထဲတွင် မြသင်းညို၊ မြခွာညိုဟူသော မိန်းမသားနှစ်ဦးဖြစ်တည်ခဲ့ရတော့မည်ဟု ယင်းအချိန်က သူမတို့ မသိနားမလည်ခဲ့ပါချေ။

သူမတို့ဘဝမှာ အံ့သြဆန်းကြယ်လွန်းလှသလို မည်သူကမျှလည်း ယုံနိုင်ဖွယ်ရာမရှိသည့် ဖြစ်ရပ်ကြီးပင်ဖြစ်လေ၏။

ယင်းနောက် သိပ်မကြာမီမှာပင် မြသင်းညိုရော မြခွာညိုပါ ဤ



www.burmeseclassic.com

www.burmeseclassic.com



. . . ဘွားနှင်းရုံထံသို့ ရောက်ရှိခဲ့ကြရခြင်းဖြစ်၏။

သူမနှင့် မြခွာညိုမှာ မတူသောအချက်တစ်ခုတော့ ရှိလေ၏။

ဤသည်မှာ သူမသည် စိတ်ထားနူးညံ့ပျော့ပျောင်းပြီး အေးချမ်းစွာ နေတတ်သူဖြစ်သကဲ့သို့ မြခွာညိုကမူ သူမနှင့်ဆန့်ကျင်ဘက် . . . စိတ်ဓာတ်မာကျောကြမ်းခိုင်သူပင် ဖြစ်ပေ၏။

ပြီးတော့ ဘွားနှင်းရုံသည်လည်း ဘိုးသီလနှင့် ဆန့်ကျင်ဘက် အဖြူနှင့် အနက် မရောယှက်သကဲ့သို့ရှိချေ၏။ ဘိုးသီလသည် မေတ္တာကြီးမားသလောက် ဘွားနှင်းရုံကမူ အမြဲတစေ ခက်ထန်မာကျောလွန်း၏။ ရက်စက်ကြမ်းကြုတ်လွန်း၏။

မြသင်းညိုရော မြခွာညိုပါ နေ့စဉ်နှင့်အမျှ ဘွားနှင်းရုံခိုင်းစေသမျှ လုပ်ကိုင်ကြရ၏။ အပြစ်တစ်ခုခုပြုလုပ်မိလျှင် ဘွားနှင်းရုံက ခွင့်မလွှတ်ပေ။

ထိုအခါ ဘွားနှင်းရုံ၏ ရှည်လျားသောကျာပွတ်များသည် သူမတို့ညီအစ်မနှစ်ယောက်ကျောပေါ်သို့ ရောက်ရှိလာတတ်စမြဲ။

ယင်းအခါ ငယ်ရွယ်နုနယ်သော ကလေးငယ်ပင်ဖြစ်လင့်ကစား သူမ၏ရှေ့၌ မားမားမတ်မတ်ရပ်လျက် ဘွားနှင်းရုံအား ပြန်လည်ရင်ဆိုင်လေ့ရှိသူမှာ ညီမလေးမြခွာညိုပင်ဖြစ်၏။ မြခွာညိုသည် ငယ်စဉ်ကပင် မဟုတ်မခံစိတ်ရှိသလို သူမ၏အပေါ်၌လည်း ချစ်ခင်အလိုလိုက်သူ ဖြစ်ပေသည်။

မြသင်းညိုကမူ ငိုဖို့ကလွဲ၍ မည်သည့်မျှမလုပ်တတ်ချေ။

သိပ်မကြာခင် ဘိုးသီလသည် မြခွာညိုအား လာရောက်ခေါ်ဆောင်သွားလေတော့၏။ ဘိုးသီလ၏စကားအရမူ တောတောင်အနှံ့ ဘိုးသီလဖြင့် လိုက်ပါလျက် လောကီပညာရပ်များ သင်ကြားပေးရန်ဟု မြသင်းညိုသိရလေ၏။

တစ်ခါတစ်ရံ တစ်နှစ်တွင် နှစ်ကြိမ်မျှ ညီမငယ် မြခွာညိုနှင့် ဆုံတွေ့ရပါသော်လည်း ယခု ဤခြံကြီးဝယ်ပြီးပါမှ မတွေ့ဆုံရတာ အတော်ကြာပေပြီ။

မြသင်းညို . . . ညီမငယ်မြခွာညိုအား သတိရလွမ်းစိတ်ဖြင့် ပင့်သက်ရှိုက်ကာ ကောင်းကင်ပြင်ကြီးဆီသို့ လှမ်းမော့ကြည့်လိုက်မိ၏။ တိမ်မည်း





ညိုတို့ လွှမ်းခြုံထားဆဲပင် . . .။

ကောင်းကင်မှာ ခုနစ်စဉ်ကြယ်ပြောင်ပင် အမြီးကွေးနေလေပြီဖြစ်သည်။

သူမ၏အသက်ရှင်နေမှုသည် ဤခြံကြီးနှင့် အိမ်မည်းကြီးကလွဲ၍ ပတ်ဝန်းကျင်လူ့အသိုင်းအဝိုင်းဆိုတာ မထိတွေ့၊ မမြင်ဖူးလောက်အောင်ပင် အထီးကျန်ဆန်လွန်းလှလေ၏။

တစ်ခါတစ်ရံတော့လည်း မြသင်းညိုသည် အဖော်မဲ့ သူမ၏ဘဝကို ဝမ်းနည်းအားငယ်မိတာ အမှန်ပင်။ သူမသည် တကယ်တော့ အထီးကျန်ငှက်ကလေးတစ်ကောင်ပင် ဖြစ်ပေသည်။

ထိုစဉ် . . . ရုတ်တရက်

"ဟဲ့"

"အို . . . အမေ့"

ဟု မြသင်းညို့ နှုတ်ဖျားကနေ ခပ်တိုးတိုးလေး လန့်သွားမိသော်လည်း သူမရော မည်သူမှန်းမသိသောလူပါ မြက်ခင်းပေါ်သို့ အရှိန်ဖြင့် လုံးထွေးကျသွားလေသည်။

သည်တော့မှ မြသင်းညိုသည် သူမအား အမှောင်ရိပ်တွင်းကနေ ပွေ့ဖက်လိုက်သူမှာ လူသားတစ်ယောက်မှန်း အထိအတွေ့အရ သိသွားသည့်အခါ မျက်လုံးလေးများဝိုင်းကာ ရင်ထဲ၌လည်း စိုးရိမ်ထိတ်လန့်ခြင်းတို့ ကြီးစိုးလာလျက် . . .

"အို . . . လွှတ် . . . လွှတ် . . . ရှင် ဘယ်သူလဲ"

"ငါ ဘယ်သူလဲဆိုတာထက် မင်းဘယ်သူလဲဆိုတာ သိရမှ ငါ လွှတ်ပေးနိုင်မယ်၊ မင်း . . . ဒီ . . . အိမ်မည်းကြီးက မဟုတ်လား"

"ဟုတ် . . . ဟုတ်ပါတယ်"

မြသင်းညို ယခုမှပင် သူမအား အလစ်အငိုက်ဖမ်းကာ ယခုထိ မလွှတ်သေးဘဲ ပြောလာသူမှာ လူရွယ်တစ်ယောက်ဖြစ်နေမှန်း ကြယ်ရောင်မှုန်မှိုင်း အောက်၌ မြင်တွေ့လိုက်ရသဖြင့် အံ့သြသွားရသည်။ သူမ၏ကိုယ်လုံး



www.burmeseclassic.com

www.burmeseclassic.com


ကလေးမှာ ယင်းလူရွယ်၏ရင်ခွင်တွင်း၌ ခုချိန်ထိ နစ်မြုပ်နေဆဲရှိနေတာ သတိပြုမိသွားပြီး အတင်းရုန်းလိုက်၏။

"ရှင် . . . ဘယ်သူလဲ . . . ကျွန်မကို လွှတ်"

"မင်းနာမည်ပြောမှ ငါလွှတ်ပေးမယ်"

မြသင်းညို အခက်ကြုံသွားရ၏။

လူရွယ်မှာ သူမနာမည်မပြောသရွေ့ တကယ်လည်း လွှတ်ပေးမည့်ပုံ မပေါ်မှန်း သူ၏ခပ်ရေးရေးမျက်နှာက ဖော်ပြနေ၏။

သူစိမ်းတရံစာ ယောကျ်ားပျိုတစ်ဦးဖြင့် ယခုကဲ့သို့ နီးကပ်စွာ ထိတွေ့နေဖို့မဆိုထားနှင့် . . . မြင်ပင်မမြင်ဖူးခဲ့သည့် မြသင်းညိုမှာ စိတ်တွေလှုပ်ရှားလျက် တစ်ကိုယ်လုံး ပူထူနေလေသည်။ ရင်တွေလည်း ခုန်နေ၏။

မြသင်းညို မည်သို့ဆုံးဖြတ်ရတော့မည်နည်း။

"ပြောလေ . . . မင်းနာမည် ဘယ်သူလဲ"

"မြ . . . မြသင်းညိုပါ"

"မြသင်းညို . . . သိပ်လှတဲ့ နာမည်လေးပါလား . . အဟင်း ဟင်း . . . မင်းက ဒီအိမ်မည်းကြီးထဲမှာနေတာပေါ့၊ ဒီအိမ်ကြီးမှာနေတဲ့ ဟို . . . ဒေါ်နှင်းရုံဆိုတဲ့ အဘွားကြီးကရော မင်းနဲ့ဘာတော်လဲ"

"ကျွန်မရဲ့အဘွားရင့်ပါ ကဲ . . . ရှင်မေးတာ ကျွန်မ ဖြေပြီးပြီ ကျွန်မကို လွှတ်တော့"

မြသင်းညိုသည် 'စိတ်ဆိုးမာန်ဆိုးဖြင့်ပြောလိုက်၍ လူရွယ်သည် လှမ်းခနဲပြုံးလိုက်ကာ . . .

"ကိုယ့်နာမည်က အောင်ကြီးလို့ခေါ်ပါတယ်၊ ဟိုဘက်ကခြံမှာ နေတာ၊ ကိုယ်ဝယ်လိုက်တာ ဆိုပါတော့လေ၊ ဒါထက် ညဘက်ဆိုရင် သီချင်းဆိုဆိုနေတာ မြသင်းညိုလား"

"ဟင် . . . ရှင် . . . ရှင်ကြားတယ်"

"ကိုယ်က ဟိုဘက်ခြံကြီးမှာနေတာလို့ မင်းကိုပြောပြပြီးပြီလေ၊ ရွာထဲကတော့ မင်းတို့ခြံကြီးဟာ သရဲခြောက်တယ်လို့ပြောဆိုနေကြပေမယ့် ကိုယ်က



မယုံတော့ ဟော . . . ခုသရဲမလှလှလေးနဲ့ ဆုံစည်းလိုက်ရတာပေါ့၊ မြသင်းညိုက သိပ်လှတယ် . . . အဟင်း ဟင်း"

"အို"

ရဲတင်းလွန်းသော အောင်ကြီး၏စကားကြောင့် မြသင်းညိုသည် အမှောင်ရိပ်ထဲမှာပင် မျက်နှာကလေး ရှက်သွေးဖြန်းရလျက် အောင်ကြီး၏ ရှေ့ကနေ နှစ်ဆောင်ပြိုင်အိမ်မည်းကြီးထံသို့ လှစ်ခနဲ ကြောင်ရိုင်းမလေးတစ်ကောင်နှယ် ထွက်ပြေးသွားလေတော့၏။

စက်သူဌေးသားအောင်ကြီးသည် ကြယ်ရောင်ပျပျလေးအောက်၌ အိမ်ကြီး၏နံ့ဘေး၌ပျောက်ကွယ်သွားသော မြသင်းညိုဟူသောမိန်းကလေး၏ နူးညံ့သောအထိအတွေ့အား ကြည်နူးစွာပြုံးလျက် ပန်းတစ်ဖက်တွန့်လိုက်မိလေတော့သတည်း။

❐ ❖ ❐


www.burmeseclassic.com

www.burmeseclassic.com

## ကျားပါးစပ်က သမင်မလေး

မြသင်းညိုနှင့် မမျှော်လင့်ဘဲ ဆုံစည်းခဲ့ပြီးနောက် စက်သူဌေးသား အောင်ကြီးသည် ခရီးထွက်ရမည့်ကိစ္စအား ရပ်နားလျက် မထွက်ဘဲ တစ်ဖက်ခြံကြီးအတွင်းမှ မြသင်းညိုဆိုသောမိန်းကလေးနှင့် တွေ့ခွင့်ရရန်သာ အခွင့်ကောင်းကို စောင့်နေပါလေတော့၏။

သို့သော် သုံးရက်သာ ကြာမြင့်သွားလေ၏။ မြသင်းညို၏ အရိပ်အခြည်ကိုကား အောင်ကြီးသည် လုံးဝမမြင်မတွေ့ရပါချေ။

အမှန်တကယ်တော့ စက်သူဌေးသားအောင်ကြီးသည် တစ်လလျှင် တစ်ကြိမ်ခန့်တော့ ခရီးထွက်လေ့ရှိသည်။ ခရီးတစ်ကြိမ်ထွက်က တစ်ပတ်ခန့် ကြာလေ၏။

သူ၏အကြောင်းပြချက်ကား သူ့မိဘပိုင်ဆန်စက်များကို လိုက်လံကြည့်ရှုစစ်ဆေးရသည်ဟု ဆိုလေ့ရှိ၏။

သို့သော် အောင်ကြီးခရီးထွက်၍ပြန်ရောက်လာလျှင်မူကား သူ၏ လက်ထဲ၌ ငွေကြေးများ ဖောဖောသီသီသုံးစွဲလျက် ရှိတတ်၏။

ဒါပေမဲ့ ယခု အောင်ကြီးသည် သူထွက်နေကျခရီး ထွက်ရမှာကိုပင် မေ့လျော့ထားလျက် လွန်ခဲ့သောညတစ်ညက တွေ့ဆုံခဲ့ရသည့် မြသင်းညိုကိုသာ ထပ်မံတွေ့ဆုံခွင့်ရရန် ကြိုးစားနေလေသည်။





အောင်ကြီး၏ဆန္ဒ ပြည့်ဝခဲ့လေပြီ။

တစ်ပတ်တိတိခန့် ကြာသောညတွင် ... ညစဉ် အောင်ကြီးစောင့်ကြည့်နေပါသော နေရာမှ တစ်ဖက်ခြံအိမ်မည်းကြီး၏ နောက်ဘက်ကနေ အရိပ်သဏ္ဍာန်လေးတစ်ခု လျှောက်လှမ်းလာသည်ကို လရောင်မလင်းတလင်းလေးအောက်၌ အောင်ကြီး ရိပ်ခနဲ တွေ့လိုက်ရလေသည်။

မြသင်းညိုကလွဲ၍ မည်သူမျှမဖြစ်နိုင်။

အောင်ကြီးသည် ရင်ထဲ၌ ကုလားဘုရားပွဲလှည့်သကဲ့သို့ ခံစား လှုပ်ရှားသွားပြီး မျက်နှာပေါ်၌ အပြုံးလေးတစ်ချက် ပေါ်သွားလေသည်။

ပြီးလျှင် စက်သူဌေးသားအောင်ကြီးသည် ခြံ၏မလွယ်ပေါက်နေရာလေးကနေ ဖြတ်တိုးပြီး တစ်ဖက်ခြံထဲသို့ဝင်သွားကာ အရိပ်သဏ္ဍာန်လေးရှိရာသို့ အနောက်ဘက်ကနေ အမှောင်ရိပ်တို့အကာအကွယ်ယူလျက် သွားလိုက်လေသည်။

ညွတ်ကျွေးအုပ်ဆိုင်းလျက်ရှိသော ကြခတ်ပင်ဝါးရုံကြီးအောက်ရှိ မြေပြန့်ပြောင်ဝေလေးထက်၌ထိုင်နေသော မြသင်းညိုအား လရိပ်ဖြင့် တွေ့လိုက်ရ၏။

"မြသင်းညို"

"ဟင်"

"ကိုယ် အောင်ကြီးပါ ... မြသင်းညို ထွက်မပြေးလိုက်နဲ့နော်၊ ကိုယ် မြသင်းညို ညဘက်တွေ ဝရန်တာဘက် ထွက်လာမလား၊ ခြံထဲဆင်းပြီး လမ်းလျှောက်မလားလို့ စောင့်နေမိတာ တစ်ပတ်တိတိ ရှိခဲ့ပါပြီ"

"အို"

အောင်ကြီး၏စကားတွေကြောင့် အရှိုင်းမလေးမြသင်းညို၏ ရွှေရှင်အစုံမှာ လှိုက်ခနဲဖြစ်သွားရလေသည်။

အောင်ကြီးသည် မြသင်းညို၏နံဘေး၌ ဖျတ်ခနဲ ဝင်ထိုင်လိုက်လေ၏။

မြသင်းညို ငြင်းဆန်ရန် ခက်သွားရှာလေသည်။

အေးမြသောလရိပ်မလင်းတလင်းလေးဟာ မြေပြင်မှတစ်ဆင့်သူတို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးထိုင်နေရာဆီ ရောင်ပြန်ဟပ်နေပါသော်လည်း ကြခတ်ဝါးရုံပင်ရိပ်ကြီးမှာမူ အုပ်ဆိုင်းနေသဖြင့် အမှောင်ရိပ်ကျနေလေ၏။

အောင်ကြီးသည် မြသင်းညို၏ လှပလွန်းသောမျက်နှာလေးကို ငေးစိုက်ကြည့်လျက် . . .

"ကိုယ်ပြောတာယုံလား မြသင်းညို"

"အို . . . မြသင်းညိုနဲ့ ရှင်နဲ့ ဘာဆိုင်လို့ ကျွန်မက ရှင်ပြောတာယုံရမှာလဲရှင့်၊ ကဲပါ . . . ရှင့်မြို့ကြီးထဲ ရှင်ပြန်ပါ၊ တော်ကြာ ကျွန်မရဲ့အဘွားနှင်းရုံဆင်းလာလို့ ရှင့်ကိုတွေ့သွားရင် ကျွန်မ လွယ်မှာမဟုတ်ဘူး"

ဟု မြသင်းညိုက အိမ်မည်းကြီးထံသို့ တစ်ချက်လှမ်းကြည့်လိုက်ကာ စိုးရိမ်မကင်းသောလေသံလေးဖြင့် ပြောလိုက်၍ အောင်ကြီးပြုံးလိုက်မိပါ၏။

ပြီးလျှင် . . .

"ပြောရက်လိုက်တာမြသင်းညိုရယ် . . . ကိုယ်က မြသင်းညိုနဲ့ တခဏလေး စုလိုဆုံတွေ့ချင်လို့ တစ်ပတ်လုံးလုံးစောင့်နေခဲ့ရတဲ့ ကိုယ့်ကို မြသင်းညိုရဲ့စကားက ရက်စက်ရာမကျပေဘူးလားဟင်၊ ပြီးတော့ မြသင်းညိုရဲ့ ဟို . . . အရုပ်ဆိုးဆိုးအဘွားကြီးက ခုချိန်လောက်ဆို အိပ်ပျော်နေပါပြီ မြသင်းညိုရယ် . . . စိုးရိမ်စရာမရှိပါဘူး"

"ဘွားနှင်းရုံက အအိပ်ဆတ်တယ်ရှင့်"

"အိုကွာ . . . ဘာပဲဖြစ်ဖြစ် မြသင်းညိုနဲ့ပတ်သက်လာရင် ကြုံတွေ့ရင်ဆိုင်လာရမယ့်ပြဿနာဟူသမျှ ကိုယ် ရှေ့ကနေ ကြံ့ကြံ့ခိုင် ရင်ဆိုင်ရဲပါတယ်"

မြသင်းညို၏ထံမှ မည်သည့်အသံမျှ ထွက်ပေါ်မလာပါတော့ချေ။

စက်သူဌေးသားအောင်ကြီးကမူ အမှောင်ရိပ်ထဲမှာပင် လရောင်ရိပ်လေးထင်းလျက် လှပလွန်းစွာခေါင်းကလေးငုံ့နေသော မြသင်းညို၏မျက်နှာလေးအား မချင့်မရဲကြည့်ကာ ညင်သာစွာ ခေါ်လိုက်မိလေသည်။

"မြသင်းညို"

"ဟင်"

"မြသင်းညိုက အရမ်းလှတာပဲကွယ်"





"အို"

မြသင်းညို၏ရင်ကလေးသည် သိမ့်ခနဲ့ လှိုက်ခနဲ ခံစားသွားရပါလေ၏။

သူမ၏ရွှေရင်အစုံကလည်း ပုစွန်ဆိတ်ကလေးများ ခုန်လှုပ်နေသကဲ့သို့ တဆတ်ဆတ်ဖြစ်နေသောခံစားမှုကို မြသင်းညို သူမကိုယ်တိုင် နားလည်မိနေလေ၏။

ထိုစဉ် . . .

"မြသင်းညို"

"ရှင်"

"ကိုယ်လေ မြသင်းညိုကို မြင်ကတည်းက အရမ်းချစ်မိသွားခဲ့ပြီကွယ်"

"အို"

စကားဆုံးသည်နှင့် မြသင်းညိုဟူသော မိန်းမချောလေး၏ ကိုယ်လုံးအိအိလေးသည် စက်သူဌေးသားအောင်ကြီး၏ရင်ခွင်တွင်းသို့ ကျရောက်သွားပါလေတော့သည်။

❒ ❖ ❒



www.burmeseclassic.com

www.burmeseclassic.com

## တစ်ကိုယ်လုံးပုံအပ်လေသူ

ထိုအချိန်မှစ၍ စက်သူဌေးသားအောင်ကြီးနှင့် ထိန်တော တစ်ရွာလုံးက လှမ်း၍တွေ့လျှင်ပင် ဝေးဝေးရှောင်ကြရသော ရွာစွန်ရှိ နှစ်ဆောင်ပြိုင် အိမ်မည်းကြီး၌နေထိုင်သော ဒေါ်နှင်းရုံ၏မြေးဖြစ်သူ မြသင်းညိုတို့သည် ချစ်သူများဖြစ်သွားကြလေတော့၏။

သို့သော် သူတို့နှစ်ယောက်သည် သမီးရည်းစားချစ်သူတွေ ဖြစ်နေကြောင်းကိုမူ ထိန်တောတစ်ရွာလုံးရော ဒေါ်နှင်းရုံကြီးကိုယ်တိုင်ပင်လျှင် မသိရှိမရိပ်စားမိခဲ့ကြပါ။ ထိန်တောတစ်ရွာလုံးကမူ ယခုအချိန်ထိ ဒေါ်နှင်းရုံအား မကောင်းသော မှော်ကဝေပညာများ တတ်မြောက်ထားသူဟူ၍ လက်ခံထားပြီး ယင်းဒေါ်နှင်းရုံတွင် မြသင်းညိုဟူသည့် မြေးချောချောလေးရှိသည်ဟု ယခုအချိန်ထိ လုံးဝမသိရှိသေးပါ၍ပင်။

ဒေါ်နှင်းရုံကမူ မြသင်းညိုနှင့် တစ်ဖက်ခြံမှာနေထိုင်သော စက်သူဌေးသားအောင်ကြီးတို့ ချစ်သူတွေဖြစ်နေတာကို လုံးဝမရိပ်စားမိကြခြင်းကြောင့်ပင်။

မြသင်းညိုသည်လည်း အနေအထိုင်ပိရိ၏။ စက်သူဌေးသား အောင်ကြီးနှင့် တစ်ပတ်လျှင် တစ်ကြိမ်ကျ အောင်ကြီး၏ခြံဝိုင်းဘက်ရှိ အရိပ်ကောင်းသော တောစံပယ်အုံကြီးနံဘေး၌ ချိန်းဆိုတွေ့ကြလေသည်။

ယင်းသို့ သူတို့နှစ်ယောက်ချိန်းဆို၍ တွေ့ဆုံကြသောညများ၌ ဒေါ်နှင်း





ရုံသည် ထမင်းစားသောက်ပြီးသည်နှင့် စောစီးစွာအိပ်စက်သွားတတ်လေ့ ရှိသည်။ ယင်းသို့အိပ်စက်သွားရန်လည်း မြသင်းညိုသည် အောင်ကြီးပေးထားသော ဆေးမှုန့်နီနီလေးများကို သူတို့ချိန်းတွေ့မည့်ညတွင် ဒေါ်နှင်းရုံစားမည့် ဟင်းခွက်ထဲထည့်ကာ ချက်လိုက်၏။

ထိုအခါ သူမ၏အဘွားဒေါ်နှင်းရုံသည် ထမင်းစားသောက်ပြီးသည်နှင့် အောက်ထပ်အခန်းထဲ၌ အိပ်စက်ပျော်သွားသည်မှာ မနက်မိုးစင်စင်လင်းသည့်တိုင်ပင် ဖြစ်လေတော့၏။ ထိုအကြံကိုလည်း စက်သူဌေးသားအောင်ကြီးကပင် ပေးခဲ့ခြင်းပင်ဖြစ်လေသည်။

ယင်းသို့ ဒေါ်နှင်းရုံကြီးအိပ်သွားသည်နှင့် မြသင်းညိုသည် ခြံထောင့် တောစံပယ်ပန်းရုံကြီးနံဘေး၌ စက်သူဌေးသားအောင်ကြီးနှင့် တစ်ညလုံး တွေ့ဆုံကာ ချစ်တေးတွေ သီကျူးကြလေသည်။

မွေးဖွားလာစဉ်ကကည်းကပင် မည်သည့်ပြင်ပလူသား လူ့ဝန်းကျင်ဖြင့် မတွေ့ကြုံဖူးသော မြသင်းညိုအတွက်သည် အောင်ကြီးပြောပြသမျှစကားတို့သည် ယုံလွယ်စရာ၊ အထင်ကြီးလေးစားလောက် စရာ။

အောင်ကြီးသည်လည်း မြသင်းညိုအတွက် အထင်ကြီး အားကိုးစရာယောကျာ်းတစ်ယောက်ဖြစ်ခဲ့သည်မို့ မြသင်းညိုဟူသော ရိုးအ,သောမိန်းကလေးသည် အောင်ကြီးအတွက် သူမ၏ခန္ဓာတစ်ကိုယ်လုံးကိုပင် ပေးအပ်ခဲ့လေသည်။

ယနေ့ညတွင်လည်း စက်သူဌေးသားအောင်ကြီး၏ရင်ခွင်ထဲ၌ မြသင်းညိုရောက်ရှိ၍နေလေသည်။ သုံးရက်လ ခံ့မျက်စပေမို့ ခြံကြီးတစ်ခုလုံးမှာ ကြယ်ရောင်ပျပျအောက်၌ မှိန်ပျပျလေးမျှသာ လင်းပျနေလေသည်။

မြသင်းညိုသည် အောင်ကြီး၏ရင်ခွင်ထဲမှနေ၍ ...

"ကိုအောင်"

"ဘာလဲ သင်းညို"

"ကိုအောင်နဲ့ သင်းညို ခုလိုတွေ့ဆုံနေရတာကို သင်းညို စိတ်ထဲမှာ တစ်မျိုးကြီးပဲ ကိုအောင်"


www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ သင်းညိုရဲ့ . . . ဘာလဲ . . . ကိုအောင်က တစ်နေ့ကျရင် သင်းညိုကိုပစ်သွားမှာ သင်းညို စိုးရိမ်နေတာလား၊ စိတ်ချပါ သင်းညိုရဲ့ . . . ကိုအောင်က သင်းညိုကလွဲရင် ရွာထဲကမိန်းကလေးတွေလည်း ဖွဲနဲ့ဆန်ကွဲပါ သင်းညိုရယ်"

"တကယ်လားဟင် ကိုအောင်"

"တကယ်ပါ သင်းညိုရယ် . . . ကိုအောင် မညာပါဘူး ယုံပါ"

စက်သူဌေးသားအောင်ကြီး၏စကားကြောင့် မြသင်းညို၏ နှလုံးသားထဲ၌ ဝွမ်းဆီထိသကဲ့သို့ ခံစားလို့နေ၏။

ပြီးတော့ မြသင်းညိုသည် အောင်ကြီး၏ရင်ခွင်တွင်းသို့ တိုးဝင်လိုက်လေတော့သည်။ အမှန်တကယ်မှာမူ မြသင်းညို၏ဘဝသည် သည်ခြံကြီးနှင့်ဒီအိမ်မည်းကြီးသာလျှင် ဖြစ်ပေသည်။

သူမအား ဤအိမ်ကြီးဆီသို့ ရိုးမပေါ်ကနေ ဘိုးသီလလာရောက်ပို့ဆောင်ကတည်းက ဒေါ်နှင်းရုံသည် အိမ်ကြီးထဲကနေ ခြံကြီးအပြင်သို့ ခြေတစ်လှမ်းမျှပင် လှမ်းခွင့်မပြုချေ။

မြခွာညို အား ဘိုးသီလ,လာရောက်မခေါ်ခင်ကမူ မြသင်းညိုတို့ညီအစ်မ ဆော့ကစားခွင့်ရရှိခဲ့ကြသေးသည်။ ဒါကလည်း နေ့ဘက်မဟုတ်ပါ။

ညဉ့်နက်စအချိန် တစ်ရွာလုံးအိပ်မောကျချိန်မှသာလျှင် ဒေါ်နှင်းရုံသည် အိမ်ကြီးထဲကနေ သူမတို့ညီအစ်မနှစ်ယောက်ကို ခြံကျယ်ကြီးတွင်း၌လသာလျှင် အပျင်းပြေဆော့ကစားစေခဲ့၏။

ထို့ကြောင့်လည်း ထိန်တောရွာထဲက ရွာသားများ တစ်ခါတစ်ရံ ညဉ့်နက်သန်းခေါင် ရွာစွန်ခြံကြီးထဲက ရယ်မော,သံ, ဆော့ကစားသံများ ကြားရတတ်သည်ဟု ဆိုကြခြင်းဖြစ်သည်။ ကျန်သောအချိန်များ၌ အိမ်ကြီးထဲ၌သာ နေကြရလေ၏။

ပြီးလျှင် ဒေါ်နှင်းရုံသည် သူမတို့ညီအစ်မနှစ်ယောက်အား တစ်စုံတစ်ရာတာဝန်မကျေ အမှားအယွင်းပြုလုပ်ပါက ငယ်စဉ်ကတည်းကပင် ရက်စက်ကြမ်းကြုတ်စွာ ကျာပွတ်ဖြင့် ရိုက်နက်တတ်သည်မှာ မကြာခဏ။





ထိုအခါတိုင်း မြသင်းညိုမှာ ညဉ့်နက်လျှင် ခြံကြီးထဲဆင်း ကာ ဝမ်းပမ်းတနည်း ငိုရှိုက်ရစမြဲ။ ယင်းမှာ ယခုအချိန်ထိပင်ဖြစ်၏။

ဒါကြောင့်လည်း ဤရွာစွန်ခြံကြီးထဲ၌ မြသင်းညိုနေထိုင်မှန်းမသိဘဲ ဒေါ်နှင်းရုံတစ်ဦးတည်းနေထိုင်သည်ဟု တစ်ရွာလုံးက ထင်မှတ်နေခြင်းဖြစ်လေ၏။

မြသင်းညိုအား ထိန်တောတစ်ရွာလုံး မည်သူမျှမတွေ့မမြင်ဖူးကြချေ။ တစ်ခါတစ်ရံ ရိုးမကြီးပေါ်ကနေ မြခွာညို ညဉ့်အချိန် လာရောက်တွေ့ဆုံလျှင် ရွာထဲကလူအများသည် နာနာဘာဝ ဝိညာဉ်သရဲတစ္ဆေပမာ မြင်တွေ့ကြောက်လန့်ကြခြင်းဖြစ်၏။

ယခု မြခွာညိုသည် မလာရောက်သည်မှာ အတော်ကြာနေခဲ့ပြီ။

ဤအချိန်မှာ ဘေးခြံကြီးသို့ စက်သူဌေးသားအောင်ကြီးသည် ဝယ်ယူလိုက်ပြီး ယခုကဲ့သို့ မမျှော်လင့်ဘဲ မြသင်းညိုနှင့် ချစ်သူရည်းစားမက လင်မယားမကျ နီးစပ်ငြိစွန်းခဲ့ခြင်းဖြစ်လေ၏။

ရွာတွင်းသို့ သွားလာခွင့်,ထွက်ခွင့် တစ်သက်လုံးမရရှိခဲ့သည့် မြသင်းညိုမှာ စက်သူဌေးသားအောင်ကြီးတစ်ယောက် ရွာထဲမှ ချောမောလှပသော မိန်းမပျိုလေးများဖြင့် မည်မျှပျော်ရှုပ်နေခြင်းကို မည်သို့ သိရှိပါလေမည်နည်း။

စက်သူဌေးသားအောင်ကြီးသည် တောရိုင်းစံပယ်ပွင့်လေးပမာ ဖြူစင်ရိုးသားသော မြသင်းညိုအတွက်မူ သူမဘဝ၌ ပထမဦးဆုံး တွေ့ကြုံဖူးသည့် သူစိမ်းလူသားတစ်ဦးပင်ဖြစ်လေ၏။

နောက်ဆုံး ရုပ်ချောအပြောကောင်း၍ မိန်းမကျမ်းကို ထုံးလိုချေ ရေလိုနှောက်ထားသည့် အောင်ကြီး၏ မာယာပရိယာယ်ထောင်ချောက်၌ မြသင်းညိုသည် သူမကိုယ်သူမ လိပ်ပြာလေးတစ်ကောင်ဟု မသိရှိရှာပေ။

ညသည် တစ်စစပို၍ နက်မှောင်လာလေသည်။

ညင်းလေပြည်သွဲ့သွဲ့ကလေး တိုက်ခတ်နေရုံကလွဲ၍ ရွာစွန် ခြံကျယ်ကြီးသည် အမှောင်ထုအောက်၌ နစ်မြုပ်၍နေဆဲပါပင်တည်း။

❖



www.burmeseclassic.com

www.burmeseclassic.com

## မျက်နှာပုံးအောက်က မျက်နှာ

'ရွှမ်း ‥ ရွှမ်း'

"အား"

'ရွှမ်း'

"အ"

ရွာစွန်ရှိခြံကြီးထဲမှ နှစ်ဆောင်ပြိုင်အိမ်မည်းကြီးအတွင်း၌ တရွှမ်းရွှမ်းကြမ်းတမ်းစွာ မြည်ဟိန်းနေသော ကျာပွတ်သံ၊ မိန်းကလေးတစ်ယောက်၏ နာကျင်စွာ မချိမဆံ့ညည်းညူအော်ဟစ်နေသံများအား တိတ်ဆိတ်အိပ်မောကျနေပြီဖြစ်သော ထိန်တောရွာကလေးကမူ ကြားနိုင်မည်မထင်ပါချေ။

အိမ်ကြီး၏ညှော်ခန်းအလယ်၌ သေးငယ်သောအလင်းရောင်မှိန်မှိန်ဖြင့် အောက်လင်းမီးအိမ်တစ်လုံးသာ ချိတ်ဆွဲထားလေသည်။ ညှော်ခန်းရှိ ဟောင်းနွမ်းဆွေးမြည့်နေပြီဖြစ်သော ကျွန်းသားခုံကြီးများကြား၌မူ အဝတ်အစားများ စုတ်ပြဲလျက် မိန်းမပျိုလေးတစ်ဦးသည် လဲပြိုကျလျက်ရှိပေသည်။

သူမမှာ မြသင်းညိုပင်ဖြစ်လေ၏။

မြသင်းညို၏တစ်ကိုယ်လုံး၌ ရက်စက်သောကျာပွတ်ဒဏ်ကြောင့် သွေးခြင်းခြင်းနီရဲလျက် ရှိပေသည်။

မြသင်းညို၏ရှေ့ မလှမ်းကမ်း၌မူ မျက်လုံးအစုံက ဒေါသခံပြင်းမှုတို့





ကြောင့် မီးဝင်းဝင်းတောက်လျက် မကောင်းဆိုးရွား မိစ္ဆာမကြီးတစ်ဦးနှယ် ကျာပွတ်ကိုင်လျက် ခါးထောက်ပြီး ရပ်နေသူမှာ ဒေါ်နှင်းရုံပင် ဖြစ်လေသည်။

"ကဲ ပြောစမ်း မိမြသင်းညို ‥‥ ညည်းရဲ့ဗိုက်ထဲက ဒီကိုယ်ဝန်ဟာ ဘယ်ခွေးဝဲစား ကလေကလွင့်နဲ့ရတဲ့ ကိုယ်ဝန်လဲ၊ ငါ့ခြံက လူမပြောနဲ့ ‥‥ ခွေးတစ်ကောင် ကြောင်တစ်မြီးမှတောင် ဝင်ရဲတဲ့ခြံ မဟုတ်ဘူး၊ ညည်းဗိုက်ကလည်း သူ့ဘာသာသူ လေတိုက်ပြီး ကြက်မ,တွေလိုရလာတဲ့ ဥမဖြစ်နိုင်ဘူး။ မပြောရင် ညည်း ဒီထက် နာမယ်မှတ် ‥‥၊

ကဲ ‥‥ ပြောစမ်း ဘယ်သူ့ဗိုက်လဲ"

ဒေါ်နှင်းရုံ၏ အသံနက်ကြီးက အိမ်ကြီးထဲမှဟိန်းထွက်လာ၏။ မြသင်းညိုသည် နာကျင်လှပြီဖြစ်ပါသော်လည်း အဘွားဖြစ်သူ ဒေါ်နှင်းရုံ၏အသံကြီးကြောင့် မျက်ရည်များစီးကျနေလျက်က ကိုယ်ကလေး တွန့်သွားမိလေသည်။

မြသင်းညို သိပါ၏။

ဒေါ်နှင်းရုံသည် အပြစ်ပေးလျှင် မည်မျှရက်စက်ကြမ်းကြုတ်တတ်မှန်း ငယ်စဉ် ခြောက်နှစ်သမီးအရွယ်ကပင် အတူနေခဲ့သူမို့ သိပေသည်။ ယခုလည်း ဘွားနှင်းရုံ မည်မျှခံပြင်းဒေါသထွက်နေမှန်း သူမကိုယ်ပေါ်မှ သွေးခြင်းခြင်းရဲနေသော ဒဏ်ရာများက ဖော်ပြနေပေသည်။

"ကဲ ‥‥ မြန်မြန်ပြောစမ်း ‥‥ ငါ ဒေါသထွက်လာရင် ညည်း ဒီနေရာမှာတင် သေသွားလိမ့်မယ်"

"ဟို ‥‥ ဟို ‥‥ စက်သူဌေးသားကိုအောင်ကြီးနဲ့ပါ"

"ဘယ်သူအေ့ ‥‥ ပြန်ပြောစမ်း"

"ကို ‥‥ ကိုအောင်ကြီးပါ ‥‥ ဟို ‥‥ ဟိုဘက်ခြံက"

"ဩော် ‥‥ လက်စသတ်တော့ ရွာထဲမှာ သူများ သားပျိုသမီးပျိုတွေကို ခြေတော်တင်ဖျက်ဆီးနေတဲ့ ဟိုဘက်ခြံက စက်သူဌေးသားအယောင်ဆောင် အောင်ကြီးဆိုတဲ့ကောင်နဲ့ရတဲ့ ကိုယ်ဝန်ကိုး"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



မြသင်းညိုသည် တစ်ကိုယ်လုံးသွေးခြင်းခြင်းရဲကာ နာကျင်နေသည့်ကြားထဲက ဘွားနှင်းရုံ၏နှုတ်မှ အံကြိတ်ပြီးပြောလိုက်သောစကားကြောင့် ရှင်ခနဲဖြစ်သွားရ၏။

ဘွားနှင်းရုံသည် မျက်နှာအား မလှုပစ္စာတွန့်မဲ့ရင်း သဘောကျစွာ တဟင်းဟင်းရယ်မောလိုက်လေသည်။

"အဟင်းဟင်း . . . ညည်းကိုတော့ ဘယ်လိုအယုံသွင်းပြီး နှူးနှပ်သွားလဲ ငါမသိဘူး၊ ဒီကောင် ဟိုဘက်ခြံကြီးထဲကို ပြောင်းလာကတည်းက ဒီကောင့်အမူအရာတွေကို မသင်္ကာလို့ မြို့ပေါ်မှာနေတဲ့ ငါ့တပည့်တွေကို စုံစမ်းခိုင်းခဲ့တာ . . . စက်သူဌေးသားတဲ့ . . . ဟင်း ဟင်း"

"ဘယ်ကလာ စက်သူဌေးသားရမလဲ . . . အထက်ရိုးမ ဖေဖဲနယ်ဘက်မှာ နာမည်ကြီးတဲ့ခိုးပြတစ်ကောင်ပဲ၊ သူ့ကိုယ်သူ စက်သူဌေးသားဆိုပြီး ဒီရွာမှာ လာခိုအောင်းနေတာ၊ အဟင်းဟင်း . . . လူတွေကလည်း အရမ်းကိုရယ်ဖို့ကောင်းတယ်၊ နှင်းရုံ ဘာဆိုတာ မသိတော့ ငါ့ကိုစုန်းမကြီး၊ ကဝေမကြီးတဲ့ ခိုးပြကောင်ကိုတော့ စက်သူဌေးသားတဲ့ . . . ဟင်း ဟင်း . . . ခုတော့ အဲဒီ သူတော်ကောင်းဟန်ဆောင်နေတဲ့ စက်သူဌေးသားခိုးပြစုတ်က ညည်းအပါအဝင် ဒီရွာက ချောပေ့လှပေ့ဆိုတဲ့ ကွမ်းတောင်ပန်းတောင်ကိုင်နှစ်ယောက်ကိုပါ ခြေတော်တင်ပြီး ခြေရာဖျောက်လစ်ပြေးသွားပြီလေ . . . ခံလိုက်ဦးပေါ့ . . . ဟား ဟား ဟား'

"ဟင်"

ဘွားနှင်းရုံ၏စကားကြောင့် မြသင်းညိုသည် မိုက်ခနဲခံစားလိုက်ရကာ မူးမေ့လဲမတတ်ပုင် ဖြစ်သွားရရှာသည်။ ထို့အတူပင် ဟင်ဟူသော တအံ့တဩ အာမေဋိတ်သံလေးတစ်ခွန်းသာလျှင် သူမ ဆိုလိုက်နိုင်လေတော့၏။

အိမ်ကြီးထဲမှာမူ ဘွားနှင်းရုံ၏သဘောကျစွာ ရယ်မောလိုက်သော နက်ကျောသော ရယ်သံကြီးကသာလျှင် ဟိန်းညံနေလေသည်။

မြသင်းညို၏မျက်ဝန်းအစုံမှ မျက်ရည်ပေါက်ကြီးတွေသာလျှင် တပေါက်ပေါက်ကျဆင်းလျက် ရှိလေတော့၏။





မြသင်းညို အရာရာကို သဘောပေါက်နားလည်သွားခဲ့ပါပြီ။

လွန်ခဲ့သော နှစ်ပတ်ခန့်ကစ၍ အောင်ကြီးသည် သူမ့ရှိရာ ခြံကြီးဘက်သို့ ကူးမလာတော့တာ ဘာကြောင့်မှန်း မြသင်းညို သိလိုက်လေပြီဖြစ်၏။ တွေ့ချင်လွန်း၍ တစ်နေ့ ဘွားနှင်းရုံရွာထဲသို့ ခဏသွားစဉ် မြသင်းညိုသည် တစ်ဖက်ခြံကြီးရှိ အောင်ကြီးနေသော အိမ်သို့သွားရောက်ကြည့်ရှုသောအခါ အိမ်ကြီးမှာ သော့ကြီး ချိတ်ခတ်ထားလျက်ရှိပေ၏။

အောင်ကြီး ခရီးထွက်သွားလျှင် သိပ်မကြာတတ်သည်မို့ မြသင်းညို ညစဉ်ပဲ စောင့်မျှော်နေသည်မှာ ယနေ့ထိတိုင်အောင်ပင် ဖြစ်လေ၏။

ယနေ့ည ဘွားနှင်းရုံပြောသောစကားများကိုကြားရသောအခါမှ မြသင်းညိုသည် အရာရာကို ရှင်းလင်းစွာသဘောပေါက်သွားရလေတော့၏။

သို့ပေမယ့် သူမအတွက် သဘောပေါက်ခြင်းသည် နောက်ကျခဲ့လေပြီ ဖြစ်သည်။

မြသင်းညိုသည် နာကျင်နေသော ဝေဒနာကြားမှပင် သူမ၏ အချစ်နှင့်ဘဝကို လိမ်ညာဖျက်ဆီးသွားခဲ့သော အောင်ကြီး၏မျက်နှာကို ကွက်ခနဲမြင်ယောင်လိုက်ပြီး အံကိုတင်းတင်းကြိတ်လိုက်မိပါလေတော့၏။

ထိုစဉ် ဒေါ်နှင်းရုံကြီးသည် မြသင်းညိုအား စေ့စေ့ကြည့်ကာ . . .

"ဒီမှာ မိမြသင်းညို . . . ညည်းကို ငါဒဏ်ခတ်တဲ့အနေနဲ့ အဲဒီ ညည်းဗိုက်ထဲက ဟိုခိုးပြစုတ်ကောင်ရဲ့သွေးကို ညည်း မွေးဖြစ်အောင်မွေးရမယ် ကြားလား . . . ဒါ ငါ့အမိန့်ပဲ"

❐ ❖ ❐



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

### နိဂုံး

- ကျုပ်ဟာ အမုန်တရားရဲ့တံဆိပ်ရ ကိုယ်စားလှယ်ပဲ၊ တရားဥပဒေရဲ့ ကြေးမုံတစ်ချပ်ပဲ ဖြစ်တယ်၊ နယ်ရဲ့အင်္ဂလိပ်ရဲ့ အလိုတော်ရိ မဟုတ်ဘူး၊
- ကျုပ်နှလုံးသားမှာ သံယောဇဉ်မေတ္တာအကြောင်း နာ တွေထက် တာဝန်ဆိုတာပဲရှိတယ်၊
- ဒုစရိုက်သမား ဖလောကပါပသမားတွေအတွက် တော့ ကျုပ်ဟာ နတ်ဆိုးတစ်ပါးပဲဖြစ်တယ်၊

**ဆားပုလင်းထက်ကောင်း**

## ဆားပုလင်းထက်ကောင်းနှင့်တွေ့ဆုံခြင်း

တစ်နေ့သ၌ ကျွန်ုပ်အိုင်ပီရဲထွန်းသည် တနင်္ဂနွေ အလုပ်အားရက်လည်းဖြစ်သလို အိမ်၌ တစ်နေကုန်နေလျှင် ကျွန်ုပ်၏ဇနီးသည်ဖြစ်သူ ခင်သန္တာသက်ချိုပြုံး၏ တစ်ချိန်လုံး မိန်းမပီသစွာ မြည်တွန်တောက်တီးနေမည့်အသံအား ရှောင်ရှားလိုသောစိတ်ဖြင့် အိပ်ရာမှ နိုးလျှင်နိုးချင်း ကျွန်ုပ်၏ အော်စတင်ကားနက်ကလေးဖြင့် မတွေ့တာကြာပြီဖြစ်သော ဆားပုလင်းထက်ကောင်းထံသို့ ထွက်လာခဲ့လေ၏။ ဇနီးသည်ကမူ ထုံးစံအတိုင်း စိတ်ကောက်လျက် ကျန်ခဲ့၏။

ကျွန်ုပ်မှာ ဤတစ်လအတွင်း၌ မင်းကြီးစတီးဝယ်နိုင်းစေသော ရန်ကုန်ပုလိပ်မင်းကြီးထံသို့ ပို့ရမည့် အစီရင်ခံစာများအား ခေါင်းမဖော်တမ်းရေးသားနေရသည်ဖြစ်၍ ကိုထက်ကောင်းနှင့်မတွေ့ရတာ ကြာပြီဖြစ်၏။

ပွင့်လင်းစွာပြောရပါလျှင်မူ ကျွန်ုပ်နှင့်ကိုထက်ကောင်းသည် လွန်ခဲ့သော တစ်လခန့်က ဆားပုလင်းကိုထက်ကောင်း ဖော်ထုတ်ခဲ့သည့်အမှုကြီးပြီးဆုံးချိန်ကစ၍ မတွေ့ဆုံဖြစ်ကြပါတော့ချေ။

ယင်းအမှုကြီး၌ တိုးကြောင်ကလေးရွာစွန်ရှိ လှဒင်ခေါ် ••• အောင်ကြီးအား သွေးအေးရက်စက်စွာသတ်ဖြတ်ခဲ့သော မိန်းမချောလေးပြီသွာ ညိုသည်လည်း ယင်းလူသတ်မှုဖြင့် တစ်သက်တစ်ကျွန်းဒဏ် ကျသွားခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



လေပြီဖြစ်၏။

ယင်းနေ့က တစ်ကျွန်းသို့သွားရောက်ကြမည့် တရားခံများအား ပို့ဆောင်မည့်သင်္ဘောဆိပ်တွင် မြခ္ခာညီဟူသော မိန်းမချောလေးက ကိုထက်ကောင်းအား နောက်ဆုံးကြည့်ရှုခဲ့သော မျက်ဝန်းတစ်စုံကိုသာ ကျွန်ုပ် ယနေ့တိုင် မြင်ယောင်နေမိ၏။

ယင်းမျက်ဝန်းတွေ၌ မျက်ရည်စတို့အစား လွန်စွာနက်ရှိုင်းသောခံစားချက် အဓိပ္ပါယ်တစ်မျိုး ပျော်ဝင်နေကြောင်း ကျွန်ုပ်တွေ့ခဲ့ရ၏။

မုန်းတီးခြင်း၊ နာကြည်းခြင်း၊ ခံပြင်းဒေါသထွက်ခြင်းတို့ လုံးဝမပါဝင်သော မျက်ဝန်းပင်ဖြစ်လေ၏။ ကျွန်ုပ်နှင့် ကိုထက်ကောင်းသည် မိန်းမချောလေးမြခ္ခာညီအား သင်္ဘောပေါ်ထိ လိုက်လံပို့ဆောင်ပေးပြီးနောက် အင်းစိန်စီအိုင်ဒီသို့ ပြန်ခဲ့ကြ၏။

အပြန်လမ်းတစ်လျှောက်၌မူ ကိုထက်ကောင်း၏မျက်နှာပြင်ထက်၌ ကျွန်ုပ်တစ်သက်နှင့်တစ်ကိုယ် တစ်ကြိမ်မျှပင် မတွေ့ခဲ့ဖူးသော မှိုင်းညို့သော အရိပ်တစ်ခုကို ကျွန်ုပ် တွေ့ခဲ့ရလေ၏။

ကျွန်ုပ်မှာသည် မည်မျှကြာအောင် အတွေးလွန်နေမိသည်မသိ ကျွန်ုပ်၏ ကားလေး ဝွတ္တလစ်ရပ် မုန်ရဝေလမ်းထဲရှိ ကိုထက်ကောင်း နေထိုင်သည့် နှစ်ဆောင်ပြိုင်နှစ်ထပ်အိမ်မည်းကြီးရှေ့သို့ ရောက်မှသာလျှင် ရပ်တန့်သွားလေတော့၏။

သို့သော် ကျွန်ုပ်ရင်မောသွားလေ၏။ မည်သည့်အတွက်ကြောင့်ဆိုသော် အိမ်မည်းကြီး၏တံခါးမှ သော့ခတ်လျက် ပိတ်ထား၏။

သို့သော်လည်း တံခါးဝရှိ သော့၌ချိတ်ဆွဲထားသည့် စာတစ်စောင်ကြောင့် ကျွန်ုပ်သည် ကားပေါ်ကနေဆင်းသက်ကာ သွားရောက် ဖတ်ရှုမိလေရာ ...

*ခိုင်ပီ ...*

*ကျုပ် လမ်းလျှောက်ထွက်ရင်း မင်းလမ်းထိပ်က ကကာဆိုင်မှာ အာလူးပူရီစားရင်း စောင့်နေမယ်။*





ဟု ရေးသားထားတာကို တွေ့ရ၍ ကျွန်ုပ် ဝမ်းသာသွား၏။

ကျွန်ုပ် ချက်ချင်းပင် ကားပေါ်ပြန်တက်၍ မင်းလမ်းထိပ်ရှိ ကာကာဆိုင်သို့မောင်းလာခဲ့ရာ ဆိုင်တွင်း၌ တစ်ဦးတည်းထိုင်နေသော မိတ်ဆွေကြီး ဆားပုလင်းထက်ကောင်းအား တွေ့လိုက်ရလေတော့၏။

ကျွန်ုပ်ကား တံခါးဖွင့်ပြီး ဆိုင်ထဲဝင်လာစဉ် ကိုထက်ကောင်း၏ရှေ့၌ အငွေ့တထောင်းထောင်းထနေသော အာလူးပူရီတစ်ပွဲအား တွေ့လိုက်၍ မေးမည်ပြုလိုက်ရာ ...

''ကျုပ် အိုင်ပီ့ကားကိုလှမ်းမြင်ကတည်းက မှာထားလိုက်တာဗျ ကျုပ်က စားသောက်ပြီးပါပြီ၊ ဒီအချိန်က လူကျတဲ့အချိန်ဆိုတော့ အိုင်ပီမှာနေရင် ကြာနေမှာ''

ဟု သူကြိုက်နှစ်သက်သော စီးကရက်ကိုခဲကာ ပြောလိုက်၍ ကျွန်ုပ် ကျေးဇူးတင်သွားမိ၏။ ပြီးလျှင် ကျွန်ုပ်သည် ဆာလောင်လာသည်မို့ မဆလာနံ့ သင်းမွှေးနေသော ပူရီအား အားရပါးရစားသောက်လေတော့၏။

ကျွန်ုပ် စားသောက်၍ပြီးသောအခါ စကားစမြည်ပြောရန် ဆားပုလင်း ကိုထက်ကောင်းအား လှမ်း၍ကြည့်လိုက်လေလျှင် ကိုထက်ကောင်းသည် သူ့ ထုံးစံအတိုင်း မနိုးမခန့်အပြုံးလေး နှုတ်ခမ်းထောင့်မှာချိတ်ဆွဲထားလျက်က

''အိုင်ပီ ... ဒီမနက် ကျုပ်ဆီကိုလာတာ မြခ္ခာညီအကြောင်း မေးမလို ထင်တယ်၊ အိမ်ကျမှပဲ အေးအေးဆေးဆေးပြောပြတာပေါ့ဗျာ''

ဟုပြောပြီး ထရပ်လိုက်သဖြင့် ကျွန်ုပ်လည်း စားပွဲထိုး ဘွိုင်ကုလား လေး ချွန်ကရားကို ကျသင့်ငွေပေးပြီး ကိုထက်ကောင်းနှင့်အတူ သူ့အိမ်သို့ ကားကိုပြန်မောင်းလာမိ၏။ ဆားပုလင်းကိုထက်ကောင်းအိမ်သို့ရောက်၍ အိမ် ရှေ့ခန်း ကြိမ်ဆက်တီခုံပေါ်မှာ ထိုင်မိမိချင်း ကျွန်ုပ်က မအောင့်အည်းနိုင်တော့ ...

''ကဲ ... ပြောပါဦးဗျ ကိုထက်ကောင်းရ ... ခင်ဗျား မြခ္ခာညီကို ဘယ်လိုဖမ်းဆီးလာခဲ့သလဲဆိုတာ ကျုပ်စိတ်ဝင်စားနေတယ်''

''ဒီလိုဗျ အိုင်ပီရ''

www.burmeseclassic.com



ဟု အစချီကာ ဆားပုလင်းကိုထက်ကောင်းက မြခ္ခာညိုအား ဖမ်းဆီးခဲ့ပုံအား ကျွန်ုပ်အား ပြန်လည်၍ ပြောပြလေတော့၏။

"အိုင်ပီ . . . ကျုပ် သတင်းစာထဲမှာပါတဲ့ အနောက်ရိုးမအခြေက မြို့ငယ်လေးတစ်ခုမှာ တိရစ္ဆာန်ကျွဲမကြီးကနေ လူသားတစ်ဦးမွေးတယ်ဆိုတဲ့ သတင်းကို ဖတ်ခဲ့တာမှတ်မိဦးမှာပေါ့၊ ကျုပ် ရွှေဘိုဂါတ်ကနေ ပြန်လာတဲ့အချိန်ပေါ့ဗျာ . . . အဲဒီသတင်းကို ကျုပ် စိတ်ဝင်စားတာနဲ့ ကျုပ် အဲဒီမြို့ကလေးကို လိုက်သွားခဲ့တယ် ဆိုပါတော့ အိုင်ပီ . . .၊

ဟိုကိုရောက်တော့ ကျုပ်ထင်ထားတဲ့အတိုင်းပဲ ကျွဲမကြီးက မွေးတာကျွဲအသေကလေးတစ်ကောင်ပါ၊ အဲဒီကျွဲကလေးကို အစဖျောက်ပြီး မွေးကင်းစကလေးငယ်တစ်ဦးကို ကျွဲမကြီးက မွေးတယ်လို့လူတွေယုံကြည်အောင် သတင်းလွှင့်ပြီး လိမ်လည်မှုကြီးကို ကြံစည်ခဲ့ကြတာဗျ . . .၊

ကျုပ်လည်း အဲဒီမြို့လေးမှာ မထင်မရှားနဲ့နေရင်း . . . အဲဒီကျွဲမကြီးပိုင်ရှင် လှမောင်နဲ့မနှင်းမြတို့ရဲ့နောက်ကြောင်းကို သိချင်လို့စုံစမ်းနေရင်း အဲဒီနယ်က နာမည်ကြီးစားပြမှုနှစ်မှုကိုလည်း မင်းတုန်းဌာနအုပ်ကြီး ဦးလူအကူအညီတောင်းလို့ ဖော်ထုတ်ပေးခဲ့ရသေးတယ် . . .၊

အဲဒီနောက် ကျုပ် လှမောင်နဲ့နှင်းမြတို့အကြောင်း စုံစမ်းတော့ ရေဝတီအောက်ဘက် မဲဇလီကုန်းအနီးက ရွာလေးတစ်ရွာကမှန်းသိရလို့ ဟသ်တသာရဝေါဘက် ပြန်ဆင်းလာခဲ့ရတယ်၊ အဲဒီမှာ အနောက်ရိုးမခြေမှာရှိတဲ့ ဆင်ဝပ်ရွာအနီးက ဆင်ဝပ်တောင်ဘုရားကလေးရဲ့ ရှေးဟောင်းဌာပနာပစ္စည်းတွေအကြောင်း တစ်စွန်းတစ်စ သိခဲ့ရတယ်ဗျ၊ လှမောင်နဲ့ နှင်းမြတို့က အဲဒီရွာသားတွေပဲ၊ ဒါက လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်ခန့်က အဖြစ်အပျက်တွေပေါ့ဗျာ၊ အဲဒီမှာ လှမောင်နဲ့ နှင်းမြဟာ ဒီ . . . မင်းဘူး-မင်းတုန်းနယ်ဘက်မှာ လာရောက်ပုန်းရှောင်နေမှန်းသိရတယ် . . .၊

"နေ . . . နေပါဦး ကိုထက်ကောင်းရဲ့ . . . ကျုပ် မေးပါရစေဦး"

"ဘာမေးမလို့လဲ အိုင်ပီ"

ဟု ဆားပုလင်းထက်ကောင်းက ကျွန်ုပ်အားပြန်လည်မေးခွန်းထုတ်





သကဲ့သို့ မေးလိုက်ပြီး စီးကရက်ဘူးကိုထုတ်လျက် စီးကရက် တစ်လိပ်အားအေးဆေးစွာပင်သောက်နေလေတော့၏။

"နောက်တော့ မြခ္ခာညို၊ မြသင်းညိုတို့ညီအစ်မကို ဦးသီလက သူ့ရဲ့အစ်မဖြစ်တဲ့ ဒေါ်နှင်းရုံဆီ လာပို့ထားခဲ့တာပဲ၊ နောက် သိပ်မကြာခင်မှာ ဦးသီလက ပဋ္ဌာန်းဆက်ဖြစ်တဲ့ အငယ်မမြခ္ခာညိုကို လာခေါ်ပြီး အထက်ချင်းတွင်းနယ်ဘက် မဟာမြိုင်တောကြီးထဲ ခေါ်သွားခဲ့တာပဲပေါ့ဗျာ၊ အဲဒီမှာ မြသင်းညိုဟာ ဒေါ်နှင်းရုံနဲ့အတူ ကျန်နေခဲ့တယ်၊ နောက် အောင်ကြီးနဲ့ငြိစွန်းပြီး ကိုယ်ဝန်ရခဲ့တယ်၊ အိုင်ပီနဲ့ ကျုပ်နဲ့ ဖတ်ခဲ့ကြရတဲ့ ကျွဲမကြီးကနေ လူသားကလေးမွေးတယ်ဆိုတာ အဲဒီကလေးဟာ မြသင်းညိုမွေးတဲ့ကလေးပေါ့ဗျာ"

"ဗျာ . . . ဘာ . . . ဘယ်လိုဗျ ကိုထက်ကောင်းရ"

ဟု ဆားပုလင်းထက်ကောင်းအား ကျွန်ုပ်သည် အံ့ဩစွာဖြင့် မေးလိုက်မိ၏။ ဆားပုလင်းထက်ကောင်းက . . .

"မအံ့ဩပါနဲ့ဗျာ၊ အောင်ကြီး ရွာကနေပျောက်သွားပြီးတဲ့နောက် မြသင်းညိုဟာ ရင်သွေးကိုမွေးခဲ့တယ်၊ ဒါပေမဲ့ ဒေါ်နှင်းရုံက . . . မွေးမွေးချင်းပဲ အဲဒီကလေးလေးကို သူ့ရဲ့အဆက်အသွယ်နဲ့ လှမောင်နဲ့ နှင်းမြတို့ဆီ ပို့ပေးလိုက်ပြီး ကျွဲမကြီးကနေ လူသားလေးမွေးတယ်ဆိုတဲ့ လံကြုတ်ဖာတ်လမ်းကြီးကို ကြံစည်ကြတာပေါ့ဗျာ၊ တကယ်တော့ ဒေါ်နှင်းရုံဟာလည်း မိုက်ခဲအောင်ခင်ရဲ့အမေဗျ၊ ဒေါ်နှင်းရုံမှာ အောင်ခင်နဲ့ခင်မောင်ဆိုတဲ့ သားနှစ်ယောက်ရှိခဲ့တယ်၊ ခင်မောင်ဆိုတာက မြခ္ခာညိုတို့ရဲ့ ဖခင်ပေါ့၊ ထောင်ထဲမှာပဲ သေဆုံးသွားခဲ့တယ်လေ . . .၊

မြသင်းညိုနဲ့ မြခ္ခာညိုတို့ကလည်း အဆက်အသွယ်မပြတ်တော့ အဲဒီနောက်ပိုင်းက အဖြစ်တွေကို မြခ္ခာညိုသိသွားပြီး မြသင်းညိုမွေးတဲ့ကလေးကို ရှာဖွေဖို့ရယ် လူယုတ်မာအောင်ကြီးကို လိုက်ရှာဖို့ရယ် မဟာမြိုင်တောကြီးထဲက ဦးသီလထံ မပြန်တော့ဘဲ ပဒါန်းမြို့ကလေးအထက်က နတ်ရေကန်ဆိုတဲ့ ရွာကလေးကနေ စုံစမ်းရှာဖွေခဲ့တယ်လေ၊ လှမောင်နဲ့နှင်းမြတို့ရဲ့ ကျွဲမကြီးမွေးတဲ့ ကလေးဟာ သူ့အစ်မမြသင်းညိုမွေးတဲ့ ကလေးဆိုတာသိလို့ ပြန်ခိုးပြီး



www.burmeseclassic.com

www.burmeseclassic.com



မြသင်းညိုကိုပေးခဲ့တယ်၊ အခုမြသင်းညိုဟာ အဲဒီကလေးငယ်နဲ့အတူ ရိုးမတောင်ခြေက ထိန်တောရွာမှာရှိနေလေရဲ့ အိုင်ပီ . . .၊

ကျုပ်လည်း အဲဒီထိန်တောရွာကလေးမှာ မြခ္ခာညိုကို မျက်ခြည်ပြတ်သွားပြီး တိုးကြောင်ကလေးရွာစွန်က အောင်ကြီးအဖြစ် အသွင်ပြောင်းနေတဲ့ အထက်အညာတစ်ပိုက် ဓားပြမှု၊ ဖောက်ထွင်းမှုတွေနဲ့အလိုရှိနေတဲ့ အောင်ကြီးခေါ် . . . လုဒင်ပဲပေါ့ဗျာ၊ အောင်ကြီးဟာ လှမောင်နဲ့ နှင်းမြတို့ရဲ့သားပဲ အိုင်ပီ . . .၊

"အောင်ကြီးက ရန်ကုန်တိုးကြောင်ကလေးဘက်မှာ ရောက်နေမှန်းသိလို့ မြခ္ခာညိုဟာ မြသင်းညိုအဖြစ်ဟန်ဆောင်ပြီး မြွေပြဒါးဆိုတဲ့မြွေလေးနဲ့ သတ်ခဲ့တာပေါ့၊ သူ့ရည်ရွယ်ချက်က အမှုလက်သည်မပေါ်အောင်ပေါ့ဗျာ၊ သတ်တာကတော့ သူ့အစ်မ မြသင်းညိုအပေါ် ယုတ်မာခဲ့တဲ့ယုတ်မာမှုကြောင့် နာကြည်းပြီးသတ်တာပဲ၊ တကယ်တော့ မြခ္ခာညိုဟာ အစ်မဖြစ်သူမြသင်းညိုကို အရမ်းချစ်တဲ့၊ တွယ်တာတဲ့သူဗျ၊ သူသိပ်ချစ်တဲ့ အစ်မဖြစ်တဲ့မြသင်းညိုကြောင့် ဒီလူသတ်မှုကြီးအထိ ကျူးလွန်မိသွားခဲ့တာပါပဲ"

ဟု အဖြစ်အပျက်များကို တစ်ခွန်းချင်း အေးဆေးစွာပင် ကျွန်ုပ်အား ရှင်းပြလေတော့မှ ကျွန်ုပ်မှာ ဇာတ်ရည်လည်သွားလေ တော့၏။

ကျွန်ုပ်သည် ဆားပုလင်းထက်ကောင်းဆီသို့ မသိမသာ အကဲခတ်ကြည့်လိုက်မိသောအခါ ကိုထက်ကောင်းသည် စီးကရက်ကို တည်ငြိမ်စွာ ရှိုက်ဖွာလျက် လေးနက်တည်ကြည်နေလေ၏။

ကျွန်ုပ်က . . .

"ကိုထက်ကောင်းရေ . . . ကျုပ်လည်း အဲဒီတိုးကြောင်ကလေးရွာ လူသတ်မှုကြောင့် မြခ္ခာညိုကို တစ်ကျွန်းပို့တော့ ခင်ဗျားနဲ့ကျုပ် သဘောဆိုပ်လိုက်ပို့တဲ့အခါ မြခ္ခာညို ခင်ဗျားကိုနောက်ဆုံး ကြည့်ရှုခဲ့တဲ့မျက်ဝန်းအကြည့်လေးကို . . . ကျုပ်တော့ ခုချိန်ထိ မမေ့သေးဘဲ မြင်ယောင်နေသေးတယ်ဗျာ"

ဟု တမ်းတမ်းတတပြောဆိုလိုက်မိလေရာ ဆားပုလင်းထက်ကောင်းသည် ကျွန်ုပ်ဘက်သို့လှည့်မကြည့်ဘဲ သောက်လက်စ စီးကရက်အား ပြာခံ





ခွက်ထဲထိုးခြေလျက် ကျွန်ုပ်အား အောက်ပါအဓိပ္ပါယ်ရသော အင်္ဂလိပ်စကားကို တစ်ခွန်းချင်း ပီသစွာ ပြောဆိုလိုက်လေတော့သတည်း။

"အနောက်နိုင်ငံတွေမှာ စကားပုံတစ်ခုရှိတယ် အိုင်ပီ၊ မျက်ဝန်းဆိုတာ နှလုံးသားရဲ့ လှို့ဝှက်တဲ့တံခါးပေါက်တစ်ခုပဲတဲ့၊ တကယ်တော့ကျုပ်ဟာ အမှန်တရားရဲ့ တံဆိပ်ရကိုယ်စားလှယ်ပဲ၊ ပြီးတော့ တရားဥပဒေရဲ့ ကြေးမုံတစ်ချပ်လည်း ဖြစ်တယ်၊ နယ်ချဲ့အင်္ဂလိပ်အစိုးရရဲ့ အလိုတော်ရိလက်ကိုင်တုတ် မဟုတ်ဘူး . . .၊

ကျုပ်ရဲ့ နှလုံးသားဟာ တစ်ခါတစ်ရံ ပန်းကလေးတစ်ပွင့်လို နူးညံ့သိမ်မွေ့ပြီး တစ်ခါတစ်ရံကျ ကျောက်စိုင်ကျောက်သားလည်း ဖြစ်တယ်၊ ကျုပ်ရဲ့ နှလုံးသားမှာ သံယောဇဉ်၊ မေတ္တာ၊ အကြင်နာ ဆိုတာတွေထက် တာဝန်ပဲရှိတယ်၊ နောက် ဒုစရိုက်သမားတွေအတွက်လည်း ကျုပ်ဟာ စေတန်နတ်ဆိုးတစ်ပါးပဲ ဖြစ်တယ်"

အောင်ဇေယတုသဗ္ဗမင်္ဂလာ

ဂမ္ဘီရမောင်ရွှေ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## နောက်ဆက်တွဲ

တစ်နေ့သ၌ ရန်ကုန်မြစ်ဝကနေတစ်ဆင့် အိန္ဒိယနိုင်ငံ ဘုံဘေမြို့မှ ကြီးမားလှသောပင်လယ်ကူးသင်္ဘောကြီးသည် တအိအိခုတ်မောင်း၍ ဝင်ရောက်လာလေ၏။

ယင်းကြီးမားလှသော သင်္ဘောကြီးမှာ အိန္ဒိယနိုင်ငံ ဘုံဘေမြို့ကနေ ရန်ကုန်မြို့သို့ ပဲအိတ်၊ ဆန်အိတ်များတင်မက အခြားသော ကုန်ပစ္စည်းများကိုပါ တင်ဆောင်လာသော ကုန်သင်္ဘောကြီးတစ်စီးပင် ဖြစ်၏။

ထို့အတူ ကုန်များသာမက ခရီးသည်များလည်း တင်ဆောင်လာလေ၏။ ယင်းကုန်တင်သင်္ဘောကြီးသည် စဥ့်အိုးတန်းဟုခေါ်သော ဆိပ်ကမ်းသို့ တရွေ့ရွေ့ဆိုက်ကပ်လာလေ၏။ သင်္ဘောဆိုက်ကပ်ပြီး သိပ်မကြာခင်မှာပင် သင်္ဘောကြီးပေါ်မှ အိန္ဒိယနိုင်ငံ ဘုံဘေမြို့လေးမှတစ်ဆင့် လိုက်ပါလာသည့် ခရီးသည်အချို့လည်း ဆင်းသက်လာလေ၏။

ယင်းခရီးသည်များ၏နောက်ဆုံး၌ လွန်စွာမှ ချောမောလှပသော အိန္ဒိယတိုင်းသူမိန်းမချောလေးတစ်ဦးသည် ပန်းနုရောင်ဆာရီအား ခြုံလျက် လိုက်ပါလာလေ၏။ ယင်းမိန်းမချောလေး၏ ဝင်းဝါစိုပြည်သော အသားအရေသည် အိန္ဒိယတိုင်းသူဟု ကျိန်တွယ်၍ပင် ပြောပြရမည်ဖြစ်၏။

ထူးခြားသည်မှာ လွန်စွာမှပင်လှပချောမောသော ယင်း မိန်းမချော





လေး၏ ညာဘက်ပါးပြင်ထက်၌ စံပယ်တင်မှဲ့ကလေးတစ်လုံး ပါရှိနေခြင်းပင် ဖြစ်၏။

ပြီးလျှင် ဖြောင့်စင်းနက်မှောင်၍ ဒူးဆစ်ထိတိုင် ရှည်လျားသော ဆံကေသာကြီးသည် သူမ၏ကျောရှင်းကျနသည့် ခန္ဓာကိုယ်ပေါ် လွှမ်းခြုံထားသော ဆာရီကဲ့သို့ပင် တလွင့်လွင့် လွင့်နေ၏။

ဆိပ်ကမ်းအကောက်ခွန်ဌာနတွင် စစ်ဆေးကြရာမှ သူမ၏အလှည့်သို့ရောက်ရှိလာလေ၏။ ဆိပ်ကမ်းအရာရှိလူငယ်သည် . . .

''နိုင်ငံကူးလက်မှတ်ပြပါခင်ဗျာ . . .''

ဟု မိန်းမချောလေး၏ရှေ့သို့ လက်ဖြန့်လိုက်၏။

ဆိပ်ကမ်းအရာရှိလူရွယ်၏စကားကြောင့် အိန္ဒိယတိုင်းသူ မိန်းမချောလေးသည် သူမ,ကိုင်ဆောင်ထားသည့် လက်ကိုင်အိတ်တွင်းမှ တစ်စုံတစ်ရာအား ထုတ်ပေးလိုက်လေ၏။

လူရွယ်သည် နိုင်ငံကူးလက်မှတ်အား တစ်ချက်သာကြည့်ပြီး လက်မှတ်ထိုးလိုက်ကာ အိန္ဒိယတိုင်းသူလေးအား ပြန်ပေးလိုက်၏။ အိန္ဒိယတိုင်းရင်းသူ မိန်းမချောလေးက လက်မှတ်ကို အဖိုးတန် မိချောင်းသားရေဖြင့်ပြုလုပ်ထားသော လက်ကိုင်အိတ်လေးထဲထည့်လိုက်ကာ လှစ်ခနဲ အပြုံးတစ်ပွင့် ခြွေလိုက်ပြီးလျှင် . . .

''ကျေးဇူးတင်ပါတယ်ရှင့်''

ဟုပြောကာ လှမ်းထွက်သွားလေတော့၏။ မိန်းမချောလေး၏ စံပယ်တင်မှဲ့လေးဖြင့် အလှကိုငေးမောနေမိသော အရာရှိလူရွယ်က သူမ,လှမ်းထွက်သွားရာနောက်သို့ လိုက်ကြည့်နေဆဲမှာပင် လှပသော မိန်းမချောလေးသည် ရထားလုံးတစ်စီးပေါ်သို့ တက်လိုက်လေ၏။

ရထားလုံးသည် တရွေ့ရွေ့ဝေးသွား၏။

သည်တော့မှ အကောက်ခွန်ရေဝန်ရုံးရှိ လူရွယ်က တအံ့တသြဖြင့် . . .

''လိုက်လာတာက အိန္ဒိယနိုင်ငံ ဘုံဘေမြို့က ကုန်သင်္ဘော ဖို့ကို



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်သွားတာက မြန်မာသံပီသနေတာပဲ၊ ငါ ဒီရေဝန်ရုံးမှာ တာဝန်ထမ်းဆောင်နေတာ ကြာပြီ . . . သူ့လောက်လှတဲ့မိန်းမျိုး ဒီတစ်ကြိမ်ပဲ တွေ့ဖူးသေးတယ်''

ဟု တီးတိုးရေရွတ်လျက် ကျန်ရစ်ခဲ့လေ၏။

ရထားလုံးသည် လမ်းမကြီးပေါ်၌ ပျောက်ကွယ်သွားလေပြီဖြစ်၏။

သူမသည် အိန္ဒိယနိုင်ငံ ဘုံဘေမြို့မှတစ်ဆင့် မြန်မာနိုင်ငံသို့ ကုန်တင်သင်္ဘောကြီးဖြင့်လိုက်ပါလာခဲ့သော မြခ္ခာညိုပင် ဖြစ်လေတော့သတည်း . . .။

ပြီး

**ဂမ္ဘီရမောင်ရွှေ**

BURMESE CLASSIC .com

❖ ရိုရှင့်အောင်မာလ ❖

www.burmeseclassic.com